
www.burmeseclassic.com

သောင်းဝေဦး

ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများနှင့်
သူတို့၏တိုက်ပွဲကွပ်ကဲမှုများ အမှတ်(၆)

# ဗိုလ်ချုပ်ကြီးစတီးဝဲလ် နှင့် မြစ်ကြီးနားတိုက်ပွဲ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

မြရတနာစာပေ

သီရိမြင်သာဈေးအတွင်း

မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့

ဖုန်း ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၀၈၄၀၈၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၁၁၅၁၀၁၀ |
| ပထမအကြိမ် | - | ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| တအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သီရိမြင်သာရေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း(CIP)

သောင်းဝေဦး ၉၂၃.၂

ဗိုလ်ချုပ်ကြီးစတီးဝဲလ် နှင့် မြစ်ကြီးနားတိုက်ပွဲ
သောင်းဝေဦး၊ ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၀၊
၆၈ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊ တမျက်နှာ ၂၇၀
(၁) ဗိုလ်ချုပ်ကြီးစတီးဝဲလ် နှင့် မြစ်ကြီးနားတိုက်ပွဲ


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**သောင်းဝေဦး**

**ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများ နှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ**

**အမှတ် (၆)**

# ဗိုလ်ချုပ်ကြီးစတီးဝဲလ်

# နှင့်

# မြစ်ကြီးနားတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့်မြစ်ကြီးနားတိုက်ပွဲ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | စတီးဝဲလ်အကြောင်းသိကောင်းစရာ | ၇ |
| (၂) | စတီးဝဲလ်နှင့်တရုတ်ပြည် | ၁၃ |
| (၃) | ဒုတိယကမ္ဘာစစ်ကြီးနှင့်ဗိုလ်ချုပ်စတီးဝဲလ် | ၂၃ |
| (၄) | စတီးဝဲလ်၏မြန်မာပြည်တွင်းမှစွန့်ခွာခန်းများ | ၃၃ |
| (၅) | စတီးဝဲလ်၏နောက်ဆက်တွဲပြဿနာများ | ၅၅ |
| (၆) | လီဒိုလမ်းကြီးတိုက်ဖောက်လုပ်ခြင်း | ၇၁ |
| (၇) | ဟူးကောင်းချောင်ကြားတိုက်ပွဲများ | ၈၅ |
| (၈) | မြစ်ကြီးနားတိုက်ပွဲ | ၁၂၅ |
| (၉) | ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တိုက်ပွဲတွင်ပါဝင်မှုများ | ၁၅၉ |
| (၁၀) | စတီးဝဲလ်ကြည့်ရသည့်ချန်ကေရှိတ်အကြောင်း | ၁၇၃ |
| (၁၁) | ချန်ကေရှိတ်အာဏာရလာချိန်မှဒုတိယကမ္ဘာစစ်ဖြစ်သည် အထိ တရုတ်ပြည်တွင်းရေးအခြေအနေများ | ၁၉၇ |
| (၁၂) | တရုတ်တို့၏ခေတ်သစ်စစ်သမိုင်း | ၂၀၇ |
| (၁၃) | စတီးဝဲလ်နှင့်ထိုင်ပိုညီလာခံ | ၂၂၃ |
| (၁၄) | တရုတ်ပြည်မှပြန်ခေါ်ခံရခြင်း | ၂၃၀ |
| (၁၅) | ဗိုလ်ချုပ်ကြီးစတီးဝဲလ်အပေါ်ရှုမြင်သုံးသပ်ချက်များ | ၂၄၃ |


www.burmeseclassic.com

www.burmeseclassic.com



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

ဒုတိယကမ္ဘာစစ်က မြန်မာပြည်စစ်မြေပြင်၌ ထင်ရှားကျော်ကြားသည့် ဗိုလ်ချုပ်ကြီးများထဲတွင် အမေရိကန် လူမျိုးဆို၍ ရှားရှားပါးပါး ဗိုလ်ချုပ်ကြီး စတီးဝဲလ် တစ်ဦးသာ ရှိ၏။ ကျန်ဗိုလ်ချုပ်ကြီးများကား အင်္ဂလိပ်နှင့် ဂျပန်တို့သာ ဖြစ်ကြ၏။

ဗိုလ်ချုပ်ကြီး စတီးဝဲလ် ထင်ရှားကျော်ကြားရခြင်း၏ ပထအချက်မှာ ယနေ့ထက်တိုင် လူတွေပြောနေကြဆဲ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည့် မြန်မာပြည်မြောက်ဖျားက လီဒိုလမ်းမကြီးကို ဖောက်ခဲ့သောကြောင့်ပင်။ အိန္ဒိယနိုင်ငံ အရှေ့ပိုင်း အာသံပြည်နယ်ရှိ မီးရထားလမ်းဆုံး လီဒိုမြို့ကလေးမှ မြန်မာနိုင်ငံမြောက်ပိုင်းရှိ မြစ်ကြီးနားနှင့် ဗန်းမော်ထိ ၄၇၈ မိုင်အား အလွန်တောထူသည့် နာဂတောင်တန်းများကို ဖြတ်ကာ ၂ နှစ်ခန့်နှင့်အပြီး စတီးဝဲလ် ကြီးကြပ်ပြီး ဖောက်ခဲ့နိုင်သောကြောင့်ဖြစ်၏။ ထိုလီဒိုလမ်းမကြီးကို ယနေ့တိုင် အများက စတီးဝဲလ်ကို ဂုဏ်ပြုကာ စတီးဝဲလ် လမ်းမကြီးဟု အမှတ်တရ ခေါ်နေကြဆဲပင်။

ဒုတိယအချက်အနေဖြင့် စတီးဝဲလ်သည် မြန်မာပြည်မြောက်ဖျား၌ တရုတ်တပ်များကို ဦးဆောင်ပြီး လီဒိုလမ်းမကြီးကို ဖောက်ခဲ့ရုံသာမက သူ့တပ်တော်ကြီးကို တားဆီးနေသည့် ဂျပန် အမှတ် (၁၈) တပ်မအား ဟူးကောင်း တောင်ကြားမှ တိုက်ထုတ်ပစ်နိုင်ခဲ့၏။ များမကြာမီမှာပင် မဟာမိတ်တို့အတွက် စစ်ရေးအရ အချက်အချာကျသည့် မြစ်ကြီးနားမြို့အား သူ၏အမေရိကန်တပ်များ၊ တရုတ်တပ် များနှင့် သူကိုယ်တိုင် အနီးကပ် ကြီးကြပ်ပြီးတိုက်ခဲ့၏။

မြစ်ကြီးနားကို ဂျပန်တို့ အသေအလဲခုခံနေသည့်



ကြားမှပင် စတီးဝဲလ်က မရအရတိုက်ခဲ့ရာ တိုက်ပွဲကာလ ၂၊လခွဲအကြာတွင် မြစ်ကြီးနားကို သိမ်းနိုင်ခဲ့၏။

အရေးပါသော မြစ်ကြီးနားတိုက်ပွဲ အောင်မြင်မှုကြောင့် စတီးဝဲလ်ရာထူးတက်ခဲ့ရ၏။ ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးအဆင့်ရောက်ခဲ့၏။

တတိယအချက်မှာ စတီးဝဲလ်သည် စစ်သား စစ်စစ်သာ ဖြစ်၏။ နိုင်ငံရေးသမားမဟုတ်ခဲ့။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ဖာတ်ခုံ၌ ကမ္ဘာ့ခေါင်းဆောင်အသီးသီး စစ်ရေးနှင့် နိုင်ငံရေးကို ဟိုဘက်ဒီဘက် ချိန်ညှိ၍ အမျိုးမျိုးလှည့်ပတ်လှုပ်ရှား ကစားပြီး အပေးအယူ လုပ်နေကြသည့် အခါသမယကာလတွင် နိုင်ငံရေးပရိယာယ် ကြွယ်သော စတီးဝဲလ်ခမျာ တရုတ်သမ္မတနှင့် အမေရိကန်သမ္မတကြား ဓားစာခံဖြစ်ရရှာ၏။

သူ့အား အမေရိကန်ဗိုလ်ချုပ်ကြီးများအနက် ခေါင်းမာသော၊ လိမ္မာပါးနပ်မှုမရှိသော၊ အပေါင်းရ အသင်းရခက်သော၊ တုံးတိတိနိုင်သော၊ ဖြောင့်ကျ လွန်းသော၊ အပြောပက်စက်သော ဗိုလ်ချုပ်ကြီးဟု အများက ဆိုကြသည်။ သူ့အပေါ် မည်သူကမှ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

မမြင်ကြ။ ဗြိတိသျှစစ်ဦးချုပ်အဖွဲ့ကမူ သူ့အား "အလွန်တရာ မသိတတ်သား ဆိုးဝါးသည့် ပုဂ္ဂိုလ်"ဟု ကင်ပွန်းတပ်ခဲ့၏။ သူနှင့်ဆက်ဆံသွားခဲ့ကြသည့် မဟာမိတ်ဗိုလ်ချုပ်များအနက် ဗိုလ်ချုပ်ကြီးစလင်းတစ်ဦးတည်းကသာ သူ့ကို အကောင်းမြင်ခဲ့၏။ ကျန်ပုဂ္ဂိုလ်အားလုံးက သူ့ကို အဆိုးမြင်ခဲ့ကြ၏။ သူကလည်း အားလုံးကို ထိုနည်းနှင်နှင်သာ။

အထူးသဖြင့် သူကွပ်ကဲမှုယူထားသည့် တရုတ်တပ်များ၏ ခေါင်းဆောင်ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်နှင့် လုံးဝအဆင်မပြေခဲ့။ ချန်သည် တရုတ်နိုင်ငံ၏ စစ်ဦးစီးချုပ်သာမက ထိုစဉ်က တရုတ်သမ္မတလည်းဖြစ်ရာ တရုတ်ပြည်စစ်ရေး အာဏာရော နိုင်ငံရေးအာဏာပါ သူ့လက်ထဲမှာရှိ၏။ အာရှတွင် အရေးပါသူဖြစ်၏။

စတီးဝဲလ်က ချန်သည် ပလီစီချောက်ချက်ပြောတတ်သည့် လူလိမ်လူညာဖြစ်၏။ အမေရိကန်အစိုးရကို အမျိုးမျိုးလှည့်စားကာ အကူအညီအမျိုးမျိုးတောင်းပြီး အလွဲသုံးစားလုပ်နေသူ ဖြစ်၏။ သူ အာဏာတည်မြဲရေးအတွက် အမေရိကန်တို့ကို အသုံးချနေသူဖြစ်၏။



စစ်မတိုက်ဘဲ တိုက်ချင်ဟန်ဆောင်နေသူ ဖြစ်၏။ တကယ့်ရန်သူအစစ် ဂျပန်ကို မတိုက်ဘဲ မော်စီတုန်းနှင့် တရုတ်ကွန်မြူနစ်များကိုသာ တိုက်နေသူ။ ပြည်တွင်းငြိမ်းချမ်းရေးကို အလိုမရှိသူဖြစ်၏။ စကားအမျိုးမျိုးပြောကာ ကတိမတည်သူဖြစ်၏ ဟု ဖြောင့်ကျကျပင် ဝေဖန်ပြောဆိုခဲ့လေသည်။

ထိုကဲ့သို့ဝေဖန်ပြောဆိုသောကြောင့် ချန်ကလည်း သူ့ကို လုံးဝမကြိုက်။ အမြဲတမ်း သူ့ကို ကပ်ဖဲ့လုပ် နေသူ၊ အခြောက်တိုက် ဘဝင်မြင့်နေသူ၊ မာနအလွန်ကြီးသူ၊ **Due Respect** မရှိသူ၊ ပေါင်းစပ်ညှိနှိုင်း၍ မရ သူဟု ပြန်လည်စွပ်စွဲပြောဆိုခဲ့သည်။ ထို့နောက် စတီးဝဲလ်ကို ပြန်ခေါ်ပါရန် အမေရိကန်သမ္မတ ရုစဗဲ့ထံသို့ အကြာခဏ အကြောင်းကြားခဲ့သည်။

ဤသို့ဖြင့် နိုင်ငံရေးနှင့် စစ်ရေးကြားတွင် ကြားညပ်သွားသည့် စတီးဝဲလ်ခမျာ နိုင်ငံခေါင်းဆောင်နှစ်ဦး၏ နိုင်ငံရေးကျားကွက်၌ သားကောင်ဘဝ ကျရောက်ကာ ၁၉၄၄ ခုနှစ် အောက်တိုဘာလ၌ အမေရိကန်သို့ ပြန်ခေါ်ခံရ၏။



www.burmeseclassic.com

www.burmeseclassic.com

စစ်ရေးသည် နိုင်ငံရေးကို ကျော်၍မရပါ။ စစ်သည် နိုင်ငံရေးကို နည်းတစ်နည်းဖြင့် ဖြေရှင်းခြင်းသာဖြစ်၏ ဟူသော အဆိုသည် မက်အာသာနှင့် စတီးဝဲလ်တို့၏ အဖြစ်အပျက်များက သက်သေပြနေပါသည်။

အထူးသဖြင့် အမေရိကန်လို ဒီမိုကရေစီနိုင်ငံမျိုး၌ ဗိုလ်ချုပ်ကြီးများက သမ္မတကို ကျော်၍ ဆန့်ကျင်ဘက်လုပ်ခြင်းအား ခွင့်ပြုလေ့မရှိပါ။ သမ္မတက ရာထူးမှ ဖယ်ရှားပစ်လိုက်သည်သာ။ အမေရိကန်သမ္မတများတွင် ထိုအာဏာများ အပ်နှင်းခံထားရ၏။

သမ္မတရုစဗဲ့သည် သဘောထားပျော့ပျောင်းသူ၏။ ထို့ကြောင့် ထရူးမင်းကမက်အာသာကို လုပ်သလို စတီးဝဲလ်အား လုံးဝ အနားပေးလိုက်ခြင်းမျိုးမလုပ်ဘဲ အမေရိကန်သို့ ပြန်ခေါ်ပြီး စစ်ဦးစီးချုပ် ဂျော့ချ်မာရှယ်နှင့် တိုင်ပင်ကာ မပြီးဆုံးသော အိုကီနာဝါကျွန်းတိုက်ပွဲတွင် တိုက်ပွဲဝင်နေသည့် အမေရိကန် အမှတ် (၁၀) တပ်တော်နှင့် အမှတ် (၆) တပ်တော်များ၏ တပ်တော်စုမှူးတာဝန်ကို ပေးခဲ့လေသည်။

ဂျပန်လက်နက်ချ၍ စစ်ကြီးပြီးဆုံးသွားသောအခါ



စတီးဝဲလ်သည် အမေရိကန်စစ်လက်နက်ပစ္စည်းများ ဆိုင်ရာ ဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရ၏။

ထိုတာဝန်ကို တက်တက်ကြွကြွ ထမ်းဆောင်နေဆဲမှာပင် ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ သူ့အသက် ၆၄ နှစ်၌ အစာအိမ်ကင်ဆာရောဂါဖြင့် စတီးဝဲလ် ကွယ်လွန်ခဲ့လေသည်။

ဤစာအုပ်ငယ်တွင် တကယ့်စစ်သားအစစ်သာ ဖြစ်သည့် စတီးဝဲလ်၏ စစ်မြေပြင်၌ ကိုယ်တိုင်ဆင်းပြီး အနီးကပ်တိုက်ခဲ့သည့် သူ၏ တိုက်ပွဲကွပ်ကဲမှုများကို သာမက နိုင်ငံရေးဇာတ်ခုံ၌ ရာဇပရိယာယ်၊ သံတမန်ပရိယာယ်များကို နားမလည်ရှာသော စစ်သားကြီး တစ်ယောက်၏ ဘဝဇာတ်ခုံအဖုံဖုံကို အကျဉ်းရုံးကာ တင်ပြလိုက်ရပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

**သောင်းဝေဦး**

နေရာ - ရန်ကုန်မြို့။

ရက်စွဲ - ၂၀၁၀ ခုနှစ်၊ မေလ (၃၀) ရက်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

## စတီးဝဲလ်အကြောင်းသိကောင်းစရာ

**စတီးဝဲလ်၏ငယ်ဘဝအကြောင်းတစေ့တစောင်း**

အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏အမည်အပြည့်အစုံမှာ **Joseph Warren Stilwell** ဂျိုးဇက်ဝါရင်း စတီးဝဲလ်ဖြစ်၏။

စတီးဝဲလ်အား ၁၈၈၃ ခုနှစ် မတ်လ ၁၉ ရက်တွင် ဒေါက်တာ ဘင်ဂျမင် စတီးဝဲလ်နှင့် မိခင် မေရီပီနီတို့မှ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ပလက်ကာ မြို့တွင် မွေးဖွားခဲ့လေသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိသားစု၏မူလ ဇာစ်မြစ်မှာ အင်္ဂလန်နိုင်ငံဖြစ်၏။ အမေရိကန်ပြည်ထောင်စုသို့ ၁၆၃၈ ခုနှစ်တွင် ရောက်ရှိလာသည်။ နယ်သစ်ရှာ အခြေချသည့် ကိုလိုနီတည်ထောင်သူများအဖွဲ့မှ ရှစ်ဆက်မြောက် မျိုးဆက် **Eighth Generation** ဖြစ်၏။

စတီးဝဲလ်သည် ဖလော်ရီဒါပြည်နယ်တွင် မွေးဖွားခဲ့သော်လည်း နယူးယောက်မြို့ကြီးတွင် ကြီးပြင်းခဲ့ရ၏။ ဖခင်သည် စည်းကမ်းတင်းကြပ်၍ ဘုရားတရားလေ့လာလိုက်စားသူဖြစ်ခြင်းကြောင့် စတီးဝဲလ်ခမျာ ဖခင်၏တင်းကြပ်သော စည်းကမ်းအောက်တွင်သာ နေထိုင်ခဲ့ရလေသည်။

ငယ်စဉ်က **Yorkers High School** တွင် ပညာသင်ခဲ့ပြီး စိတ်ကြမ်းကိုယ်ကြမ်း စတီးဝဲလ်သည် ကျောင်းဘောလုံးသင်း၌ ပါဝင် ကစားခဲ့ရ၏။ အကြမ်းပတမ်းဖျက်ထုတ်သည့် နောက်တန်းခံစစ်ဘောလုံးသမား ဖြစ်၏။ ဘောလုံးကစားခြင်းအပြင် အခြားသောပြေးခုန်ပစ်များလည်း ကစားခဲ့ရ၏။ အထူးသဖြင့် **Cross Country** ခေါ် တောလမ်းကြမ်း၌ ပြေးသောအပြေးသမားလည်းဖြစ်၏။ ဤစိတ်





ဓာတ်က စတီးဝဲလ်အား စစ်သားဘဝကို တွန်းပို့ခဲ့လေသည်။

အထက်တန်းအောင်သောအခါ သူ့အဖေက စတီးဝဲလ်အား ...

"မင်း တက္ကသိုလ်မတက်ပါနဲ့ကွာ။ မင်းစိတ်ဓာတ်နဲ့ စစ်သားသာလုပ်ပါ" ဟု ပြောတော့၏။

စတီးဝဲလ်က **Yale University** ယေးတက္ကသိုလ်တက်ရန် ပြင်ဆင်နေချိန်ဖြစ်သည်။ ဖခင်၏တိုက်တွန်းမှုကြောင့် နောက်ဆုံးတော့ စတီးဝဲလ်သည် **United State Military Academy** ဖြစ်သည့် **West Point** စစ်တက္ကသိုလ်ကြီးကို တက်ရောက်ခဲ့လေသည်။

စစ်တက္ကသိုလ်တက်ရန် လျှောက်လွှာတင်သောအခါ လျှောက်လွှာနောက်ကျသွားသော်လည်း ဖခင်က ရီပတ်ဘလီကင်ပါတီမှ သမ္မတကြီး ဝီလီယံမက်ကင်လေနှင့် သိကျွမ်းသဖြင့် သမ္မတကြီး၏ အထူးထောက်ခံချက်ဖြင့် စစ်တက္ကသိုလ်ဝင်ခွင့်ရခဲ့လေသည်။

**စတီးဝဲလ်နှင့် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်**

စစ်တက္ကသိုလ်တွင် စတီးဝဲလ်သည် စာကြိုးစားသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ အထူးသဖြင့် **Languages** ဘာသာစကားများတွင် ထူးချွန်သူဖြစ်ရာ အထူးပြုအပိုဘာသာအနေဖြင့် ဗိုလ်လောင်းကျောင်းသားဘဝက ပြင်သစ်ဘာသာကို ယူခဲ့၏။

စာကြိုးစားသော်လည်း ပေါင်းသင်းဆက်ဆံရေး မဝင်ဆန့်သူဖြစ်ခြင်းကြောင့် သင်တန်းပြီးဆုံးသောအခါ ဗိုလ်လောင်း ၁၂၄ ယောက်အနက် အဆင့် ၃၂ ဖြင့်သာ အောင်မြင်ခဲ့လေသည်။

ဝက်စ်ပွိုင့်တွင် ဘောလုံး၊ ဘတ်စကက်ဘောနှင့် **Track and Field** အားကစားများ၌ နာမည်ရပြီး မကြာခဏ အသင်းခေါင်းဆောင်လုပ်ခဲ့ရ၏။

၁၉၀၀ ပြည့်နှစ်တွင် စစ်တက္ကသိုလ်တက်ရောက်ခဲ့ရာ ၁၉၀၄ ခုနှစ်၌ ကျောင်းဆင်း၍ ပြန်တမ်းဝင် အရာရှိ ဖြစ်ခဲ့သည်။ သူ၏ပထမဆုံး **Posting** မှာ ဖိလစ်ပိုင်ကျွန်း ဖြစ်လေသည်။ ဖိလစ်ပိုင်တွင် သူသည် တရုတ်လူမျိုး များနှင့် စတင်ရင်းနှီးခဲ့ပြီး တရုတ်စာနှင့် တရုတ်စကားကို စိတ်ဝင်စားခဲ့၏။ အလားတူပင် အခြားအာရှနိုင်ငံများ ကိုလည်း သူ စိတ်ဝင်စားခဲ့၏။





## ပထမကမ္ဘာစစ်နှင့် စတီးဝဲလ်

၁၉၁၄ ခုနှစ် ပထမ ကမ္ဘာစစ်ဖြစ်သောအခါ စတီးဝဲလ်သည် အမေရိကန်သို့ ပြန်ရောက်လာ၏။ ၁၉၁၇ ခုနှစ် အမေရိကန်တို့ ပထမကမ္ဘာစစ်ထဲ ဝင်ပါလာသည့် အချိန်၌ စတီးဝဲလ်အား ပြင်သစ်ပြည်သို့ စေလွှတ်သည့် အမှတ် (၄) တပ်မကြီး၏ ထောက်လှမ်းရေးတပ်ဖွဲ့ အကြီးအကဲအဖြစ် တာဝန်ပေးခဲ့၏။ ပထမကမ္ဘာ စစ်ကြီး တွင် အမေရိကန်တို့ ပါဝင်ပြီး မကြာမတင်မှာပင် ဂျာမနီတို့ ထတ်နုက်ချ၍ စစ်ကြီးပြီးခဲ့၏။ ပြင်သစ်ပြည် ၌ စတီးဝဲလ်၏ အရည်အသွေးကို မြင်တွေ့ခဲ့ကြသော လူကြီးများက စစ်ကြီး ပြီးသောအခါ စတီးဝဲလ်ကို ဘာကလေရှိ ကာလီဖိုးနီးယား တက္ကသိုလ်၌ တရုတ်စကားနှင့် တရုတ်စာများ အထူးပြု သင်ယူစေခဲ့လေသည်။

တရုတ်စာနှင့် တရုတ်စကား တတ်သွားသော စတီးဝဲလ်အား သူ့အထက်က တရုတ်ပြည်သို့ လေ့လာရေး စေလွှတ်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

## စတီးဝဲလ်နှင့် တရုတ်ပြည်

**ထိုစဉ်ကတရုတ်ပြည်**

စတီးဂဲလ်သည် တရုတ်ပြည်သို့ ပထမဆုံးအကြိမ် ၁၉၂၀ ခုနှစ်၌ သွားရောက်ခဲ့၏။

ထိုစဉ်က တရုတ်ပြည်အခြေအနေမှာ ပဒေသရာဇ်စနစ်ဆန့်ကျင်သူများက တရုတ်သမ္မတနိုင်ငံကို တည်ထောင်အုပ်ချုပ်နေသော ကာလဖြစ်၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် တရုတ်ပြည်၏အစိုးရအပြောင်းအလဲ သမိုင်းကို အနည်းငယ်တင်ပြရန်လိုပေသည်။ တရုတ်ပြည်၏ နောက်ဆုံးမင်းဆက်ဖြစ်သော မန်ချူးမင်းဆက်သည် တရုတ်ပြည်၌ အနှစ် ၂၅၀ ကြာအောင် အုပ်ချုပ်ခဲ့၏။

မန်ချူးမင်းဆက်ကို နောက်ဆုံးထိန်းချုပ်ခဲ့သော ဇူဇီမိဖုရားကြီးသည် ၁၉ ရာစုတွင် တရုတ်တို့အား နိုင်ငံခြားသားများက ခြယ်လှယ်နေသည်ကို ဟန့်တားနိုင်ရန် ကြိုးစားခဲ့၏။ နိုင်ငံခြားသားများ မတရားခြယ်လှယ်နေကြသည်ကို မခံနိုင်၍ ဆန့်ကျင်ကြသည့် ဘောက်ဆာသူပုန်များကို ဇူဇီကေရိက အားပေးအားမြှောက်ပြုခဲ့ ၏။ သို့ရာတွင် တရုတ်တို့ခေတ်နောက်ကျနေသည်ကို ပြုပြင်ပြီး အနောက်နိုင်ငံပုံစံအတိုင်း ဆောင်ရွက်လိုကြသည့် ပြုပြင်ရေးသမားများအားမူ ဇူဇီက ဖိနှိပ်ခဲ့၏။ ဘောက်ဆာသူပုန်များအရေးနိမ့်သွားပြီးနောက် ပြုပြင် တော်လှန်လိုသူများက ဇူဇီမိဖုရားကြီးအား ဆက်လက်ဆန့်ကျင်ခဲ့ကြ၏။

၁၉၁၁ အောက်တိုဘာတွင် ဆွန်ယက်ဆင် ခေါင်းဆောင်သော တရုတ်တော်လှန်ရေးသမားများသည် မန်ချူးအစိုးရကို ဖယ်ာ်လှန်ပြီး တရုတ်သမ္မတနိုင်ငံကို





တည်ထောင်လိုက်ရာ အနှစ် ၂၅၀ တရုတ်ပြည်ကို အုပ်ချုပ်ခဲ့သော မန်ချူးမင်းဆက် ပျက်သုဉ်းလေတော့သည်။

မန်ချူးမင်းဆက်ပျက်သုဉ်းသည်နှင့် တရုတ်တို့သည် ဆွန်ယက်ဆင်ကို ယာယီသမ္မတ တင်မြှောက်ကာ တရုတ်သမ္မတနိုင်ငံထူထောင်ကြ၏။ ဆွန်ယက်ဆင်သည် တရုတ်ပြည်ကြီး တစည်းတလုံးတည်းဖြစ်အောင် ဆောင်ရွက်လိုကြသောကြောင့် သူနှင့် စင်ပြိုင်ဖြစ်နေသည့် စစ်ဘုရင်ယွမ်ရှီကိုင်နှင့် စေ့စပ်ကာ ယွမ်ရှီကိုင်အား သမ္မတအဖြစ် တင်မြှောက်ပြီး သူက ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

သို့ရာတွင် ယွမ်ရှီကိုင်သည် ရှေးရိုးဆန်အာဏာငတ်ပြီး ဘုရင်လုပ်လိုသူဖြစ်ခြင်းကြောင့် တရုတ်ပြည်ကြီး၌ အချင်းချင်းမသင့်မတင့်ဖြစ်ကာ အာဏာလုပွဲများနှင့် စစ်ဘုရင် War Lord များကသာ ကြီးစိုးနေကြ၏။ ဤသို့ဖြင့် ၁၉၁၁ မှ ၁၉၃၁ ထိ နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင် သူ့တပူ ငါတမင်းဖြစ်နေကြရာ အိမ်နီးချင်းဂျပန် နိုင်ငံ၏ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခံရမှ တရုတ်တို့ အချင်းချင်းနယ်မြေလုမှု အာဏာလုမှုများ ရပ်တန့်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဂျီပြုပြင်ပြောင်းလဲရေးများကြောင့် စစ်အင်အား တောင့်တင်းလာသော အိမ်နီးချင်းဂျပန်နိုင်ငံက အစိပ်စိပ် အမွှာမွှာဖြစ်ပြီး အင်အားချည့်နဲ့နေသော တရုတ်ပြည်ကို မျက်စိကျလျက်ရှိရာမှ ပြောင်ပြောင်တင်းတင်းပင် ကျူး ကျော်စစ်ပွဲဆင်နွှဲခဲ့လေသည်။

ဤအခြေအနေကို အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား စသော ဥရောပနိုင်ငံ ကြီးများက ဂျပန်၏ခြေလှမ်းအား စိုးရိမ်တကြီးနှင့် စောင့် ကြည့်နေကြ၏။ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာ ဟိုမှာဘက် ကမ်းတွင် စစ်တံခွန်လွှင့်ထူလာသည့် ဂျပန်ကို အမေရိကန် က အစိုးရိမ်ဆုံး စိတ်အဝင်စားဆုံးဖြစ်၏။

စတီးဝဲလ် တရုတ်ပြည်ကို သွားရောက်ခဲ့သည့် အချိန်မှာ ထိုကာလများပါတည်း။

**စစ်ကျောင်းနည်းပြဆရာ စတီးဝဲလ်**

၁၉၂၀ နှင့် ၁၉၃၀ အတွင်း အမေရိကန်အစိုးရက တရုတ်စကားတတ်သော စတီးဝဲလ်အား တရုတ်ပြည်ကို အကြိမ်ကြိမ်အခါခါ သွားရောက်ပြီး လေ့လာခိုင်းခဲ့သည်။





ထို့နောက် အစီရင်ခံစာ တင်သွင်းစေသည်။

စတီးဝဲလ်က တရုတ်အစိုးရ ခေါင်းဆောင် ချန် ကေရှိတ်နှင့် သူ၏ ကူမင်တန်ပါတီကိုလည်းကောင်း၊ မော်စီတုန်းခေါင်းဆောင်သော တရုတ်ကွန်မြူနစ်ပါတီနှင့် တပ်နီတော်အကြောင်းကိုလည်းကောင်း၊ သူ မြင်ခဲ့သည့် အတိုင်း သုံးသပ်ချက် စာတမ်းများ ရေးသားတင်သွင်းခဲ့ လေသည်။ သူ၏ သုံးသပ်ချက်စာတမ်း၌ ချန်ကေရှိတ် အစိုးရ၏ အကျင့်ပျက်ခြစားမှုများကို ကွက်ကွက်ကွင်းကွင်း ရေးသားဖော်ပြခဲ့၏။

၁၉၂၉ တွင် စတီးဝဲလ်အား ဂျော်ဂျီယာပြည်နယ်ရှိ **Fort Benning** စစ်ကျောင်း **Intantry School** တွင် နည်းပြချုပ်အဖြစ် သူ့အထက်က တာဝန်ပေးလေသည်။ နည်းပြဆရာဘဝ၌ လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် သင်တန်းသားများနှင့် သူ့အောက်က သင်တန်းတာဝန်ခံ အရာရှိများကို ပယ်ပယ်နယ်နယ် ဝေဖန်လေ့ရှိ၏။ တစ် ကြိမ်တွင် သူ ပယ်ပယ်နယ်နယ် ဝေဖန်လိုက်သော အရာရှိတစ်ဦးက စိတ်ပေါက်ပေါက်ဖြင့် စတီးဝဲလ်အား **Caricature** ခေါ် ရုပ်ပြောင်းရေးဆွဲရာ ပုံမှာ အချဉ်ရည်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းထဲမှ စတီးဝဲလ် မဲ့ရှုံ့ပြီး ဝေဖန်ရေး လေကန်ရေး လုပ်နေပုံဖြစ်၏။ **Caricature** တွင် စာလည်း တတ်ပေး လိုက်၏။ စာမှာ "**Vinegar Joe** လူချဉ်ဖတ်ကြီး ဂျိုး သို့မဟုတ် လူကတ်ကြီး ဂျိုး" ဟု အဓိပ္ပာယ်ရလေသည်။

ထိုအချိန်ကာလမှစ၍ ဂျိုးဇက်စတီးဝဲလ်အား ကြည့်မရသူများက **Vinegar Joe** ဟု ခေါ်ကြကုန်သည်။

**တရုတ်ပြည်တွင် စစ်သံမှူးတာဝန်ထမ်းဆောင်ရပြန်ခြင်း**

**Fort Benning** တွင် လေးငါးနှစ်တာဝန် ထမ်းဆောင်ပြီးနောက် အမေရိကန်တပ်မတော်က စတီးဝဲလ်အား တရုတ်နိုင်ငံပီကင်းမြို့သို့ စစ်သံမှူးအဖြစ် စေလွှတ်တာဝန် ပေးပြန်၏။

စတီးဝဲလ်သည် တရုတ်နိုင်ငံပီကင်းမြို့၌ စစ်သံမှူး ၁၉၃၅ မှ ၁၉၃၉ ထိ လေးနှစ်တိုင်တိုင် တာဝန် ထမ်းဆောင်ရ၏။ ထိုကာလမှာ ဂျပန်တို့က တရုတ်ကို ကျူးကျော်စစ်ဆင်နွှဲနေပြီး တရုတ်တို့က အမေရိကန်နှင့် အနောက်နိုင်ငံများ အကူအညီဖြင့် ဂျပန်တို့အား ပြန်လည် ခုခံနေသောအချိန် ဖြစ်၏။ ခုခံစစ်ဆင်နွှဲနေသော တရုတ်





ခေါင်းဆောင်မှာ နောင်အခါတွင် စတီးဝဲလ်နှင့် လုံးဝ အစေးမကပ်သည့် ဗိုလ်ချုပ်ကြီးလစ်ဆီမို ချန်ကေရှိတ်ပင် ဖြစ်၏။

ဤနေရာတွင် ဗိုလ်ချုပ်ကြီးချန်အကြောင်း အနည်း ငယ်ပြောမှ ဖြစ်ပေမည်။

ချန်သည် တရုတ်အမျိုးသားဝါဒီ ဆွန်ယက်ဆင်၏ လက်ရင်းတပည့်တစ်ဦး ဖြစ်၏။ အမျိုးသားစိတ် ပြင်းထန် သော ခေတ်လူငယ်ဖြစ်၏။ ဆွန်ယက်ဆင် အားကိုးခဲ့ရသော တပည့်ဖြစ်၏။ တရုတ်ပြည်ကြီးကို လက်နက်နှင့် စည်းရုံး သိမ်းသွင်းမှသာ ရမည်ဟု ယုံကြည်သော ချန်သည် ငယ်စဉ်ကပင် စစ်ပညာကို တရုတ်ပြည်တွင်သာမက ဂျပန် ပြည်သို့ပင် သွားရောက်သင်ကြားခဲ့၏။ ကူမင်တန်ပါတီ အာဏာရ၍ ဝှမ်ပိုးစစ်တက္ကသိုလ် ကို ထူထောင်သောအခါ ချန်ကေရှိတ်သည် ပထမဆုံးကျောင်းအုပ်ကြီးဖြစ်လာ၏။

ပြည်တွင်းစစ်မီးများ အရှိန်အဟုန်ပြင်းလာပြီး ဂျပန်တို့နှင့်ပါ တိုက်ခိုက်ရသောကြောင့် ကူမင်တန်အစိုးရ သည် အင်အားတောင့်တင်းသော စစ်တပ်ကို ဖွဲ့စည်းခဲ့၏။ ချန်ကေရှိတ်ကို တပ်မှူးကြီးတာဝန်ပေးခဲ့ရ၏။ မျိုးချစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိပင်ရှိငြားသော်လည်း ချန်သည် ရည်မှန်းချက်ကြီးမားသူဖြစ်၏။ ချန်သည် ရန်စီမြစ်ဘေး ရွာကလေးတစ်ရွာမှ ဆင်းရဲသော ဆားလုပ်ငန်းမိသားစုမှ ပေါက်ဖွားလာသူဖြစ်၏။ အလွန်ကြီးမြင့်လို၏။ အာဏာမက်၏။ ထို့ကြောင့် ကြီးပွားရေးခြေလှမ်းတစ်ခုအဖြစ် ဆွန်းညီမ သုံးဦးအနက် တစ်ဦးဖြစ်သည့် မေလင်းကို အရယူခဲ့၏။ အစ်မအကြီးဆုံး ကြူလင်းမှာ ဆွန်ယက်ဆင်၏ဇနီးဖြစ်၏။

ဆွန်းညီအစ်မများမှာ အမေရိကန်တွင် ပညာသင်ခဲ့သည်။ ပညာတတ်များဖြစ်၍ မေလင်းကို ယူလိုက်ခြင်းအားဖြင့် ချန်အတွက် အမေရိကန်တို့နှင့် ဆက်ဆံရေး ပိုကောင်းသွား၏။ ယောက်ဖဖြစ်သူ တီဗီဆွန်းကိုလည်း အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်အဖြစ် ခန့်ထားခဲ့ပြီးဖြစ်၏။ သူတို့ မောင်နှမလေးဦးလုံး အင်္ဂလိပ်စကားကို အမေရိကန်နှင့်မခြား ပြောနိုင်သူများဖြစ်၏။

အမေရိကန်အထက်တန်းလွှာနှင့် အစိုးရသို့တိုင် ပေါက်ရောက်သူများဖြစ်၏။ အထူးသဖြင့် ချန်၏ဇနီး မေလင်းသည် အလွန်အပြောကောင်းပြီး လူရေလည်လှ၏ အပေါင်းအသင်းလည်း ကောင်း၏။ အမေရိကန်တွေ





အထာကိုလည်း ကျွမ်းလေသည်။ သူမကြောင့် ချန်သက်သာရာရနေ၏။ ချန်နှင့်မတည့်သည့် စတီးဝဲလ်ကိုလည်း မေလင်းက ကောင်းစွာနှစ်သိမ့်ထားခဲ့၏။

စတီးဝဲလ်သည် စစ်သံမှူးဘဝမှာပင် ချန်ကို ကောင်းစွာသိခဲ့၏။ ချန်သည် အမေရိကန်တို့၏ ရန်သူ ဂျပန်ကို တိုက်ဖို့ သိပ်စိတ်အားမထက်သန်။ သူနှင့်သူ၏ တရုတ်အမျိုးသားတပ်မတော်ကို ဖက်ပြိုင်နေသည့် မော်စီတုန်းခေါင်းဆောင်သော တရုတ်ကွန်မြူနစ်များကို နှိမ်နင်းရန်သာ စိတ်အားထက်သန်နေသူ အမေရိကန်တွေထံမှ ဂျပန်ကို တိုက်ပါမည်ဟု ကတိပေးပြီး စစ်ရေးအကူအညီအမျိုးစုံ လိမ်ညာရယူနေသူ၊ ချူစားနေသူဟု စတီးဝဲလ်က သုံးသပ်ထားသည်။ ထို့ကြောင့် အစကတည်းက ယဉ်သကိုဆိုသလို ချန်နှင့် စတီးဝဲလ်တို့သည် တစ်ယောက်နှင့်တစ်ယောက် အစေးမကပ်ခဲ့ကြပေ။

စတီးဝဲလ်သည် တရုတ်ပြည်တွင် စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဗိုလ်မှူးကြီးအဆင့်သာ ဖြစ်၏။ ၁၉၃၉ တွင် သူ့အား အမေရိကန်အစိုးရက တရုတ်ပြည်မှ ပြန်လည်ခေါ်ယူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

## ဒုတိယကမ္ဘာစစ်ကြီးနှင့် ဗိုလ်ချုပ်စတီးဝဲလ်

**အာမေရိကန်မှာတာဝန်ထမ်းဆောင်ရာဝယ်**

တရုတ်ပြည်မှ ပြန်ရောက်လာသော စတီးဝဲလ်အား သူ့အထက်က အမှတ် (၂) ခြေလျင်တပ်မ တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် တပ်မဟာမှူးတာဝန် ပေးလေသည်။

ထိုအချိန်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လေပြီ။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၉ ခုနှစ်တင်ဘာတွင် ဂျာမန်က ပိုလန်ကို ကျူးကျော်တိုက်ခိုက်ရာ ပိုလန်နှင့် မဟာမိတ်စာချုပ်ချုပ်ဆိုထားသည့် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဂျာမနီကို စစ်ကြေညာတော့၏။ ဤတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တော့၏။ ဤစစ်ကြီးအစပိုင်းတွင် အမေရိကန်မပါသေးပါ။ အခြေအနေကို စောင့်ကြည့်အကဲခတ်နေဆဲဖြစ်၏။ သို့ရာတွင် အမေရိကန်တို့၏ ပြိုင်ဘက်ဂျပန်က ဂျာမန်တွေနှင့် မဟာမိတ်စာချုပ်ချုပ်ဆိုထားရာ ဂျပန်တို့၏ လှုပ်ရှားမှုကို အမေရိကန်တို့ မျက်စိဒေါက်ထောက် ကြည့်နေကြ၏။ ဂျပန်တို့ တရုတ်ပြည်ကို ကျူးကျော်စစ်ပွဲများ ၁၉၃၁ ကတည်းက ဆင်နွှဲနေကြ၏။ ဒုတိယကမ္ဘာစစ်ဖြစ်သည့် အချိန်၌ တရုတ်ပြည်ဆိပ်ကမ်းမြို့အားလုံး ဂျပန်တို့ သိမ်းထားပြီးဖြစ်၏။

ချန်ကေရှိတ်ခေါင်းဆောင်သည့် တရုတ်အမျိုးသားအစိုးရမှာ ပီကင်းမှာ နန်ကင်းသို့ ပြေးရ၏။ နန်ကင်းမှ တစ်ဖန် တရုတ်ပြည်အနောက်တောင်ပိုင်း တောင်များပေါ်ရှိ ချုံကင်းသို့ ပြေးရပြန်၏။ ချန်၏ တရုတ်အမျိုးသားအစိုးရကို အဓိက ထောက်ပံ့နေသူမှာ အမေရိကန်များ

မြရတနာစာပေ



သာတည်း။

စတီးဝဲလ်သည် တပ်မဟာမှူး တာဝန်ထမ်းဆောင်ရင်း ကာလီဖိုးနီးယားပြည်နယ် **Fort Ond** စစ်ကျောင်း၌ ဖွဲ့စည်းလျက်ရှိသော အမှတ် (၇) ခြေလျင်တပ်မလေ့ကျင့်ဖွဲ့စည်းရေးတာဝန်ကိုလည်း ထမ်းဆောင်ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေပြီဖြစ်၍ တစ်ချိန်ချိန်၌ အမေရိကန်သည် မလွှဲမသွေ စစ်ထဲဝင်ပါလာရ လိမ့်မည်ဟု သုံးသပ်ပြီး အမေရိကန်အစိုးရနှင့် စစ်ဦးစီးချုပ်အဖွဲ့က ကြည်းရေလေ တပ်မတော်တစ်ရပ်လုံး တိုးချဲ့ဖွဲ့စည်းလျက်ရှိ၏။ အထူးသဖြင့် အင်အားနည်းသော ခြေလျင်တပ်များကို ဦးစားပေးတိုးချဲ့လျက်ရှိ၏။ လေ့ကျင့်ရေးကို စတီးဝဲလ် တာဝန်ယူရ၏။ ဒါသာမကပါ မဟာမိတ်တပ်ပေါင်းစု၏ အာဖရိကမြောက်ပိုင်း ထိုးစစ်ဆင်နွှဲရေး စစ်ရေးစီမံချက် ရေးဆွဲရာ၌လည်း ဗြိတိသျှပြင်သစ်ဗိုလ်ချုပ်ကြီးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် စတီးဝဲလ် အရွေးချယ်ခံရပြီး ကမ်းတက်တပ်မှူးတာဝန်ပေးရန် လျာထားခံခဲ့ရ၏။

တကယ်တော့ စတီးဝဲလ်သည် ပင်ကိုဉာဏ်ရည်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သွေး ကောင်းသူဖြစ်၏။ မြင်လွယ်၏။ သိလွယ် တတ်လွယ်၏။ အကင်းပါး၏။ ဖတ်မှတ်လေ့လာသူဖြစ်၏။ ရှင်းရှင်းဘွင်းဘွင်း ပြောတတ်သူ၊ တုံးတိတိနှင့် အားမနာပါးမနာ ပြောတတ်သူဖြစ်၏။ ဘာကိုမှ ရင်ထဲတွင် သိပ်ထိန်ချန်မထားတတ်သူဖြစ်၏။ ရာဇပရိယာယ် မကြွယ်သူ စစ်သားကြီးသာဖြစ်၏။

ရာဇပရိယာယ် မကြွယ်သော စတီးဝဲလ်အား ကံကြမ္မာက လှည့်စားကာ ရှုပ်ထွေးပွေလီသော တရုတ်ပြည်သို့ ပြန်ပို့လိုက်ပြန်တော့၏။

အဖြစ်အပျက်က ဒီလိုပါခင်ဗျာ။

**တရုတ်ပြည်သို့ရောက်ရပြန်ခြင်း**

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ မနက်ရှစ်နာရီတွင် အမေရိကန် ပစိဖိတ်ရေတပ်ကြီး အခြေစိုက်ထားသည့် ပုလဲဆိပ်ကမ်းအား ဂျပန်ရေတပ်မှ လေယာဉ်များဖြင့် အငိုက်ဖမ်းတိုက်ခိုက်လိုက်ရာမှ အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ်ကြီးထဲ ပါဝင်လာလေတော့သည်။

စစ်ကြီးစသည်နှင့် ဂျပန်တို့သည် လက်မြန်ခြေမြန်





မလေးကျွန်းဆွယ်နှင့် စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မြန်မာ စသည့်နိုင်ငံများအား လျှင်မြန်စွာပင် တိုက်ခိုက်လေတော့သည်။

စစ်ပွဲအတွက် စိတ်ပူနေသော အမေရိကန်သမ္မတကြီး ရုစဗဲ့နှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမာရှယ်တို့ တွေ့ဆုံဆွေးနွေးကြရာ၌ တရုတ်ပြည်အရေးက ထိပ်ဆုံးက ပါဝင်ခဲ့၏။

၁၉၄၂ ခုနှစ် ဇန်နဝါရီလ၏ နေ့တစ်နေ့။

သမ္မတကြီးရုစဗဲ့နှင့် ဗိုလ်ချုပ်ကြီးမာရှယ်တို့ တွေ့ဆုံကြ၏။

"ကဲ ... ဗိုလ်ချုပ်ကြီး အာရှတိုက်က နိုင်ငံတွေဟာ ဂျပန်တွေလက်ထဲ ကျတော့မယ်။ ကျုပ်တို့ အကူအညီပေးနေတဲ့ တရုတ်ပြည်ကြီး ဂျပန်တွေလက်ထဲ ရောက်မသွားအောင် စဉ်းစားပါဦး"

"တရုတ်တောင်ပိုင်းမှာ အမေရိကန်လေတပ်စခန်းတွေ ဆက်ထားဖို့လည်း လိုတယ်"

"ကြည်းတပ်ခြေကုပ်စခန်းတွေလည်း ထားဖို့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချန်ကေရှိတ်ပြုတ်မသွားဖို့လည်း လိုတယ်။ တရုတ်မှာ သူရှိမှဖြစ်မှာ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"သူ့တရုတ်တပ်မကြီး ၃၀ ကို ကောင်းကောင်း လေ့ကျင့်ပြီး ကောင်းကောင်း လက်နက်တပ်ဆင်ပေးလိုက်နိုင်ရင် ဒီဂျပန်တွေကို ထိန်းထားနိုင်မှာပါ"

"ဒါဆိုရင် ကျုပ်တို့ဘယ်လိုဆောင်ရွက်ကြမှာလဲ"

"ဒီက လုပ်တတ်ကိုင်တတ်တဲ့ လူကြီးတစ်ယောက် ချန်ကေရှိတ်ဆီလွှတ်ပြီး သူ့တပ်တွေကို လေ့ကျင့်ပေး၊ လက်နက်တပ်ဆင်ပေးရင် ဖြစ်နိုင်ပါတယ်"

"ဒီကလွှတ်တဲ့သူ ချန်ကေရှိတ် လက်ခံအောင်သာ သမ္မတကြီး ပြောပေးပါ။ လူ ကျွန်တော်ရှာပေးပါ့မယ်"

"ဗိုလ်ချုပ်ကြီးက ဘယ်သူ့များ စိတ်ကူးမိပါသလဲ"

"ဗိုလ်ချုပ်ကိုးဇက်စတီးဝဲလ်ကို စိတ်ကူးမိပါတယ်။ ကျွန်တော် Fort Benning မှာ ကျောင်းအုပ်ကြီး လုပ်ခဲ့တုန်းက သူက Chief Instructer နည်းပြချုပ်ပါ။ လေ့ကျင့်ရေးကိစ္စတွေမှာ အလွန်ထူးချွန်ပါတယ်။ တရုတ်စာနဲ့စကားလည်း ကောင်းကောင်းတတ်ပါတယ်။ တရုတ်ပြည်မှာ





သံမှူးလည်း လေးငါးနှစ် လုပ်ဖူးတော့ သူနဲ့အဆင်ပြေပါမယ်"

"အခု ဘယ်မှာလဲ"

"ကာလီဖိုးနီးယားက အမှတ် (၃) တပ်မဟာမှာ တပ်မဟာမှူးတာဝန် ထမ်းဆောင်နေပါတယ်"

"ဒါဆို သူ့ကိုလွှတ်ပေးမယ့်အကြောင်း ချန်ကေရှိတ်ဆီ ကျုပ်အကြောင်းကြားမယ်ဗျာ။ ဗိုလ်ချုပ်ကြီးကတော့ သူ့ကိုခေါ်ပြီး ကျုပ်နဲ့တွေ့ပေးပါ"

"ကောင်းပါပြီ သမ္မတကြီးခင်ဗျား"

သမ္မတ၏ညွှန်ကြားချက်အရ စတီးဝဲလ်ကို ဝန်ကြီး စတင်ဆန် Stimson က ခေါ်တွေ့ပြန်သည်။ ကျိုးအကြောင်း ပြောပြတော့ "နိုင်းရာလုပ်ပါမည်" ဟု စတီးဝဲလ်က စစ်သားပီပီ ကတိပေး၏။ စတီးဝဲလ်ကို သမ္မတက ရာထူးတစ်ဆင့်မြှင့်ပေးလိုက်၏။

ဤသို့ဖြင့် စတီးဝဲလ် တရုတ်ပြည်ရောက်ရတော့၏။

တရုတ်ပြည်မသွားမီ စတီးဝဲလ်နှင့် သမ္မတကြီးတို့ တွေ့ဆုံရာ၌ သမ္မတကြီးက ...

"ကဲ ... ဗိုလ်ချုပ်ကြီး စတီးဝဲလ် ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်လက်အောက်မှာ စစ်ဦးစီးချုပ် တာဝန်နဲ့လွှတ်မယ်ဗျာ။ ညှိထားပြီးပြီ။ ဟိုက လက်ခံပါတယ်။ အဲဒါ ခင်ဗျားသွားတော့။ ဟိုမှာရှိတဲ့ တရုတ်တပ်တွေကို လေ့ကျင့်ပေးပြီး လက်နက်တပ်ဆင်ပေးဖို့ ခင်ဗျား တာဝန်ယူရမယ်။ တရုတ်သမ္မတကြီးချန်ကို လိုတဲ့အကြံဉာဏ်တွေပေးဗျာ။ ကျုပ်တို့ကိုယ်စား ဝိုင်းကူလုပ်ပေးပါ။ တရုတ်ပြည်ကြီး ဂျပန်တွေလက်ထဲရောက်မသွားဖို့ အရေးကြီးတယ်''


''ကဲ ... ခင်ဗျား ဘာပြောဦးမှာလဲ။ ဘာပြောစရာရှိလဲ''

''တစ်ခုပါပဲခင်ဗျာ။ တရုတ်တပ်တွေကို လေ့ကျင့်ပြီး လက်နက်တပ်ဆင်တိုက်ပွဲဝင်တဲ့နေရာမှာ ကျွန်တော့် စိတ်ကြိုက်ဆောင်ရွက်ခွင့်တော့ ပေးပါခင်ဗျာ။ ပြောဖို့လိုရင်လည်း ပြောပေးပါ''


''ရစေရမယ်လေ ... ရစေရမယ်။ ကျုပ် အာမခံပါတယ်''

စတီးဝဲလ်သည် သမ္မတကြီးနှင့် ဝါရှင်တန်တွင် တွေ့ဆုံခဲ့ပြီး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမာရှယ်နှင့်လည်း တွေ့





www.burmeseclassic.com



www.burmeseclassic.com



ဆုံခဲ့၏။ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းပြီး ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ အစောပိုင်းမှာပင် တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့လေသည်။

အမေရိကန်အစိုးရက စတီးဝဲလ်အား ကြယ်သုံးပွင့်ဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ပေးကာ တရုတ်ပြည်သို့ စေလွှတ်လိုက်ခြင်းပင်။

■

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## စတီးဝဲလ်၏ မြန်မာပြည်တွင်းမှ စွန့်စားခန်းများ

**မြန်မာနိုင်ငံအတွင်းသို့ စတီးဝဲလ်ရောက်ရှိလာခြင်း**

စတီးဝဲလ်သည် တရုတ်ခေါင်းဆောင်ကြီး ချန်ကေရှယ်နှင့် တွေ့ဆုံရန် ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် မြန်မာနိုင်ငံ လားရှိုးမြို့သို့ ဆိုက်ရောက်လာ၏။

ချန်ကေရှိတ်အစိုးရမှာ တရုတ်ပြည် အနောက်တောင်ပိုင်း ချုံကင်းမြို့၌ ရုံးစိုက်ထား၏။

အမေရိကန်သမ္မတကြီး ရုစဗဲ့က စတီးဝဲလ်အား

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် တရုတ်စစ်ဦးစီးအဖွဲ့၏ အကြံပေးအဖြစ် တရားဝင်ခန့်အပ်ခဲ့လေသည်။ စတီးဝဲလ်၏ တာဝန်မှာ တရုတ်တပ်မ ၃၀ ကို လေ့ကျင့်ပေးရုံသာမက မြန်မာပြည် စစ်မြေပြင်ရှိ အင်္ဂလိပ်တပ်မှူးကြီးများနှင့် တရုတ်ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်အား ပေါင်းစပ်ညှိနှိုင်းပေးပြီး မြန်မာနှင့် တရုတ်ဆက်စပ်ဒေသများတွင် တရုတ်တပ်မတော်က ဗြိတိသျှတို့၏ အကူအညီဖြင့် ဂျပန်ကို ဝိုင်းဝန်းတိုက်ခိုက်ကြရန်ဖြစ်၏။ ထိုသို့ တိုက်ခိုက်ပေးပြီး တရုတ်မြန်မာလမ်းမကြီးမှ အထောက်အပံ့ပစ္စည်းများ တရုတ်ပြည် အနောက်ပိုင်းသို့ အဆက်မပြတ် ပို့ဆောင်ပေးရန်ဖြစ်၏။

ဒါသာမကပါ ...

စတီးဝဲလ်သည် တရုတ်တပ်များ၏ အကြံပေးလုပ်ရယုံမက အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ် စစ်ဌာနချုပ် **ABDA (American, British, Dutch, Austrulia)** တပ်ပေါင်းစု၏ ဒုစစ်ဦးစီးချုပ်၊ တရုတ်မြန်မာ အိန္ဒိယ စစ်မြေပြင်ရှိ အမေရိကန်တပ်များ အားလုံး၏ ဦးစီးချုပ်နှင့် မြန်မာပြည်တွင်းရောက် တရုတ်တပ်များ၏ ဦးစီးချုပ်





တာဝန်ကိုလည်း ထမ်းဆောင်ရလေသည်။

ချန်ကေရှိတ်သည် ယခင်ကတည်းက စတီးဝဲလ်ကို သိထားသူဖြစ်၏။ စတီးဝဲလ်အကြောင်း သိသူဖြစ်၍ စတီးဝဲလ်ကို လက်မခံလို။ သို့ရာတွင် အမေရိကန်များ၏ အကူအညီကို ရယူနေရသဖြင့် စတီးဝဲလ်ကို မလွှဲမရှောင်သာ ထောက်ခံလိုက်ရလေတော့သည်။

၁၉၄၂ ခုနှစ်၊ မတ်လအစပိုင်းတွင် ချုံကင်း၌ စတီးဝဲလ်နှင့် ချန်ကေရှိတ်တို့ ပထမဆုံးအကြိမ် တွေ့ဆုံညှိနှိုင်းကြ၏။ တရုတ်တပ်များ လေ့ကျင့်ရေး၊ မြန်မာပြည်တွင်းရှိ တရုတ်များ ကွပ်ကဲရေးနှင့် အမေရိကန် ထောက်ပံ့သော စစ်ပစ္စည်းများ ချုံကင်းသို့ ပို့ဆောင်ရေး စသည်ဖြင့် ပြဿနာအမျိုးစုံ ပါဝင်လေသည်။

ထိုအချိန်က ဂျပန်တို့၏ ထိုးစစ်မှာ အလွန်ပြင်းထန်လှ၏။ ဂျပန်အမှတ် (၃၃) နှင့် အမှတ် (၅၅) တပ်မများက မတ်လ ၇ ရက်နေ့တွင် ရန်ကုန်ကိုသိမ်းပိုက်ပြီး မြောက်ဘက်သို့ အလျင်အမြန် ချီတက်လျက်ရှိကြ၏။ မြန်မာနိုင်ငံအတွင်း၌ ချန်ကေရှိတ်၏ ကမ်းလှမ်းချက်ကြောင့် အမှတ် (၅) နှင့် အမှတ် (၆) တရုတ် တပ်တော်ကြီးနှစ်ခုအား



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့က လက်ခံထားလေသည်။ စတီးဝဲလ်သည် ထို တရုတ်တပ်တော်နှစ်ခု၏ ကွပ်ကဲမှုအား ဗြိတိသျှဗိုလ်ချုပ်ကြီး အလက်ဇန္ဒားထံမှ လွှဲပြောင်းရယူခဲ့လေသည်။ တရုတ် တပ်တော်တစ်ခုတွင် တပ်မ သုံးခုစီပါဝင်၏။

မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသော အမှတ် (၅) တရုတ်တပ်တော်၌ အမှတ် (၂၂) တပ်မ၊ အမှတ် (၉၆) တပ်မနှင့် အမှတ် (၂၀၀) တပ်မတို့ ပါဝင်၏။ အမှတ် (၂၂) တပ်မက ပျဉ်းမနားရောက်နေ၏။ အမှတ် (၉၆) တပ်မက တရုတ်မြန်မာနယ်စပ် ယူနန်ပြည်နယ်အစပ်တွင် ချိတက်နေဆဲဖြစ်၏။ အမှတ် (၂၀၀) တပ်မက တောင်ငူတွင် ရှိနေပြီး ခံစစ်ယူထား၏။ တရုတ်အမှတ် (၅) တပ်တော်၏ တာဝန်မှာ စစ်တောင်းမြစ်ဝှမ်းအတိုင်း ဂျပန်များ တက် မလာနိုင်အောင် ဟန့်စစ်ဆင်ရန် တာဝန်ယူရ၏။

အလားတူပင် အမှတ် (၆) တပ်တော်နှင့် အမှတ် (၄၉) တပ်မ၊ အမှတ် (၅၅) တပ်မနှင့် အမှတ် (၈၃) တပ်မ ဟူ၍ တပ်မသုံးခုပါဝင်၏။ အမှတ် (၆) တရုတ်တပ်တော် သည် မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းပြည်နယ်၌ တပ်စွဲထား၏။

စတီးဝဲလ်သည် သူကွပ်ကဲမှု ယူထားသည့် တရုတ်





...တော်များနှင့် တွေ့ဆုံရန် မတ်လ ၁၁ ရက်၌ ချုံကင်းမှ ...ကြောင်းခရီးဖြင့် မြန်မာပြည်တွင်းသို့ ပြန်လည်ဝင် ...တ်လာလေသည်။

ဤတွင် စတီးဝဲလ်၏ မြန်မာပြည်တွင်း စွန့်စား ...များ စတော့၏။

## ...တီးဝဲလ်နှင့် သူကွပ်ကဲရသည့် တရုတ်တပ်များ

ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် ကာကွယ်ရေး ဦးစီး ...တစ်ဦးအနေဖြင့် ချန်ကေရှိတ်ထံ တံခါးမရှိ ဓားမရှိ ...ထွက်သွားလာခွင့်ရှိသော်လည်း မြန်မာပြည်ရှေ့တန်း ...င် တိုက်ပွဲဝင်နေသည့်အခါ၌မူ တရုတ်အထူးတပ်မှ ...တပ်မှူး ဗိုလ်ချုပ်ကြီးလိုချိုပင်းမှ တစ်ဆင့် ၎င်း၏အမိန့် ...ကို ပေးနေရသည်။

ဗိုလ်ချုပ်ကြီး စတီးဝဲလ်က စစ်မြေပြင်မှ အမိန့်ပေး ...ကြားလိုက်သော်လည်း ဗိုလ်ချုပ်ကြီး လိုချိုပင်းနှင့်တကွ ...ရုတ်စစ်ဦးစီးချုပ်များနှင့် တပ်မမှူးများက လက်ခံဆောင် ...က်သင့်, မဆောင်ရွက်သင့်ဆိုသည်ကို ရွေးချယ်စီစစ်ပြီး ...င်းတို့ ကြိုက်နှစ်သက်မှသာလျှင် လက်ခံဆောင်ရွက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှောင့်နှေးကြန့်ကြာပြီး ရှုပ်ထွေးသည့် အခြေအနေမျိုးဖြစ်စေရန် ဗိုလ်ချုပ်ကြီး လင်ဝေဆိုသူက ဖန်တီးခဲ့သည်။ ဗိုလ်ချုပ်ကြီး လင်ဝေသည် လားရှိုးမြို့၌ ရုံးစိုက်နေသော ချန်ကေရှိတ်၏လူယုံတော် ကိုယ်စားလှယ်ဖြစ်သည်။ မည်သည့်သတင်းမျိုးကိုမဆို စစ်သေနာပတိချုပ် (ချန်ကေရှိတ်) ထံ မရောက်မီ စိစစ်ရွေးထုတ်ပြီး မလိုအပ်သည်ကို ပယ်ချကာ လိုအပ်သည်ဟု ၎င်းက ထင်မြင်မှသာ စစ်သေနာပတိချုပ်ထံ တင်ပြသူဖြစ်သည်။ သူ့ကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရသည်မှာ အကြိမ်ကြိမ်ပင်။

တရုတ်စစ်ဌာနချုပ်မှ ပုဂ္ဂိုလ်များကြောင့် စတီးဝဲလ်သည် စိတ်ပျက်စရာများစွာ ကြုံတွေ့ခဲ့ရသည်။ ဒါသာမက ဗြိတိသျှဗိုလ်ချုပ်တို့ကြောင့်လည်း ပို၍ အခက်အခဲ ကြုံရပြန်သည်။ စတီးဝဲလ် လာ၍ကိုင်တွယ်နေသော တရုတ်တပ်မများအား ယခင်က ဗြိတိသျှတပ်မှူးကြီးများက အစဉ်တစိုက် ကွပ်ကဲခဲ့သည်။ ဗြိတိသျှဗိုလ်ချုပ်ကြီး ဝေဗယ်၊ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားတို့ ကိုင်ခဲ့သောတပ်များဖြစ်၏။ ထိုဗိုလ်ချုပ်ကြီးများနှင့် စတီးဝဲလ်၏ဆက်ဆံရေးမှာ ယခင်





www.burmeseclassic.com



လီဒိုလမ်းဖေါက်ရာတွင် ပုံပါအတိုင်း ဒေသခံတိုင်းရင်းသားများပင် ပါဝင်ခဲ့ကြသည်



အတည်းက ကောင်းလှသည်ဟူ၍ မရှိခဲ့။ ဗြိတိသျှဗိုလ်ချုပ်များသည် မျက်နှာလိုအားရ လုပ်တတ်သူများ၊ အချင်းချင်း ချောက်ပင့်နေသူများဟု စတီးဝဲလ်က သတ်မှတ်ထားသည်။

မည်သို့ဆိုစေ စတီးဝဲလ်သည် သူကွပ်ကဲရမည့် တရုတ်တပ်မများရှိရာသို့ ရောက်အောင်သွားပြီး ကွပ်ကဲမှုကို ရအောင်ယူခဲ့၏။ သူသည် တရုတ်စကားကို တရုတ်တစ်ယောက်လို ပြောဆိုနိုင်သောကြောင့် သူ့တွင် တရုတ်တပ်များကို ကွပ်ကဲရာ၌ အခြားသော ဗြိတိသျှဗိုလ်ချုပ်ကြီးများထက် အားသာမှုရှိခဲ့လေသည်။

စတီးဝဲလ်သည် မြန်မာပြည်သို့ရောက်သောအခါ ယခင် မေမြို့၊ ယခု ပြင်ဦးလွင်မြို့ရှိ ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် တွေ့သည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှစစ်ဒေသမှူးကြီး ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားနှင့် တွေ့သည်။ ထို့နောက် မြန်မာနိုင်ငံတွင်းရှိ အမှတ် (၅) တရုတ်တပ်တော်မှူး ဗိုလ်ချုပ်ကြီးတူနှင့် တွေ့သည်။ သူ့လက်အောက်က တရုတ်တပ်မမှူးများနှင့် တွေ့သည်။ ထိုအခါ သူကွပ်ကဲရမည့် တရုတ်တပ်များ၏ အခြေအနေကို သူ သိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်တပ်မများတွင် တပ်သားအင်အား ၇၀၀၀ မှ ၉၀၀၀ စီ အထိ ပါဝင်၏။ သို့သော် ၃ပုံ ၂ပုံသာ လက်နက်တပ်ဆင်ထားသည်။ အားလုံးမှာ လက်နက်ငယ်များသာဖြစ်၏။ လက်နက်ကြီးဆို၍ အမြောက်အနည်းငယ်နှင့် စိန်ပြောင်းကြီး အနည်းငယ်သာရှိ၏။ ဆေးတပ်ဖွဲ့နှင့် ဆက်သွယ်ရေးတပ်ဖွဲ့များ မည်မည်ရရ မရှိ။ ပို့ဆောင်ရေးအနေဖြင့် ထရပ်ကားအနည်းငယ်နှင့် ဂျစ်ကားအနည်းငယ်မျှရှိ၏။ ဝန်တင်အနေဖြင့် တပ်မတစ်ခုတွင် လား၊ မြင်း အကောင် ၂၀၀ ခန့်သာ ပါဝင်လေသည်။

စတီးဝဲလ်က အရှိန်ပြင်းစွာ တိုက်လာသည့် ဂျပန်ထိုးစစ်ကို ဟန့်တားရန် ချန်ကေရှိတ်ထံမှ နောက်ထပ်တပ်တော်တစ်ခုကို တောင်းခံရာ ချန်ကေရှိတ်က အမှတ် (၆၆) တရုတ်တပ်တော်ကို ပေးမည်ဟု အကြောင်းပြန်လာ၏။

သို့ရာတွင် ထိုတရုတ်တပ်တော်မှာ မြန်မာပြည်တွင်းသို့ မရောက်လာသေး။ ယူနန်ပြည်နယ်မှာပင်ရှိ၍ ချီတက်ရန် ခတ်ကွင်းပြင်နေဆဲပင်ဖြစ်၏။





[illegible]တပြည်မှခွာစစ်ဆင်ရပြီ

စတီးဝဲလ်သည် သူကွပ်ကဲရမည့် တရုတ်တပ်များ၊ [illegible]မျိုးများနှင့် စုံစံစေ့စေ့ တွေ့ဆုံ၍မှ မပြီးသေးခင် [illegible]တောင်ငူရှိ အမှတ် (၂၀၀) တရုတ်တပ်မကို ဂျပန် အမှတ် [illegible]) တပ်မက အတင်းတရကြမ်း ဝင်တိုက်တော့၏။ [illegible]နတို့ တိုက်စစ်ဒဏ်ကို အလူးအလဲခုခံရင်း တရုတ်တပ်မ [illegible]မှတ် (၂၀၀) တောင်ငူမှ ရေတာရှည်သို့ ဆုတ်ရ၏။ [illegible]နတို့က သုံးဖက်သုံးတန်မှ ဝိုင်းတိုက်ကြရာ အမှတ် [illegible]၀) တရုတ်တပ်မသာမက ပျဉ်းမနားရှိ အမှတ် (၂၂) [illegible]ရုတ်တပ်မပါ ခွာစစ်ဆင်ရတော့၏။ ဂျပန်တို့၏ ပြင်းထန်[illegible]သာတိုက်စစ်ကြောင့် တောင်ငူ မန္တလေး ရထားလမ်း[illegible]စ်လျှောက် တပ်ဖြန့်ထားသည့် တရုတ်တပ်တော် အမှတ် [illegible] သည် သာစည်နှင့် မိတ္ထီလာဘက်သို့ ဆုတ်ရတော့၏။ [illegible]ယားတူပင် ရှမ်းပြည်နယ်ဘက်သို့ ပို့ထားသည့် အမှတ် [illegible] တရုတ်တပ်တော်မှာလည်း တောင်ငူမှ ဖြတ်လာသည့် [illegible]နအမှတ် (၅၅) တပ်မမှ ခွဲထုတ်တပ်မဟာတစ်ခုသည် [illegible]ချုပ်ကာနှင့် အမြောက်ပစ်ကူ၊ လေကြောင်းပစ်ကူများဖြင့် [illegible]ပ်တော် (၆) ဌာနချုပ်ရှိသည့် လွိုင်ကော်ကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့်တက်ပြီး သာစည် ကျိုင်းတုံလမ်းပေါ်ရှိ အဓိက ကျသည့် လွိုင်လင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၏ မြို့တော် တောင်ကြီးကိုပါ သိမ်းပိုက်လေတော့သည်။ ဂျပန်တို့က တောင်ကြီးမှ အနောက်ဘက်သို့ ဆင်းရန် တာစူနေကြ သည်။ ထိုနေ့ကား ဧပြီ ၂၀ ရက်နေ့ ပင်ဖြစ်၏။

ဂျပန်တို့သည် ရှမ်းပြည်နယ်၌ ဖြန့်ကျက်ချထား သည့် အမှတ် (၆) တရုတ်တပ်တော်အား အစိပ်စိပ်အမွှာ မွှာဖြစ်အောင် တိုက်ထုတ်လိုက်ရာ တပ်တော်မှူး ဗိုလ် ချုပ်ကြီးကန်နှင့် စုပေါင်းစပ်ပေါင်းအင်အားစုများသည် ကျိုင်းတုံဘက်သို့ ဒရောသောပါး ဆုတ်ခွာပြေးလေတော့ သည်။ ကျိုင်းတုံရောက်ပြီး မကြာမီပင် တရုတ်ပြည် ယူနန် နယ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

ဤအခြေအနေတွင် စတီးဝဲလ်သည် ချန်ကေရှိတ် ထံမှ ထပ်မံတောင်းခံထားသည့် အမှတ် (၆၆) တရုတ် တပ်တော်မှ ကျန်ရှိနေသေးသည့် တပ်မတစ်ခုအား အမြန် ဆုံးဆင်းလာရန် ခေါ်ယူလိုက်သည်။ သူကိုယ်တိုင်မှာ ပျော် ဘွယ်မှ ဆုတ်ခွာလာသည့် အမှတ် (၂၀၀) တရုတ်တပ်မနှင့် အမှတ် (၂၂) တပ်မမှ တပ်မဟာတစ်ခုအား ထုတ်နုတ်ပြီး





သာစည်မှ တောင်ကြီးသို့ ချီတက်သွားခဲ့လေတော့သည်။ သာစည် တောင်ကြီး ကားလမ်းတစ်လျှောက် လျင်မြန်စွာ ရှင်းလင်းချီတက်စေရာ ဧပြီလ ၂၃ ရက်တွင် တောင်ကြီး သို့ရောက်ရှိ၍ မြို့တွင်းနှင့် အရှေ့ဘက်တောင်ကြောပေါ် တွင် နေရာယူထားသည့် ဂျပန်များအား အပြင်းအထန် ဝင်ရောက်တိုက်ခိုက်လေတော့သည်။ တိုက်စစ်အဟုန် ပြင်းသဖြင့် ဧပြီ ၂၄ ရက်နေ့တွင် စတီးဖဲလ်၏ တရုတ် တပ်များက တောင်ကြီးကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထိုအခါ စတီးဝဲလ်က တောင်ကြီး ကျိုင်းတုံ ကား လမ်းပေါ်တွင် ဖြန့်ကျက်လှုပ်ရှားနေသော ဂျပန်တို့အား ဆက်တိုက်တိုက်စစ်ဆင်ရန် စီမံလေတော့သည်။ သို့ရာတွင် တိုက်ပွဲဝင်တရုတ်များက သိပ်စိတ်မပါတော့ဘဲ ငြင်းဆန် နေကြတော့သည်။

“ကဲ ...ငါ့လူတို့ ရှေ့ကရှိတဲ့မြို့တွေကို ရ အောင်သိမ်းမယ်။ မြို့တွေသိမ်းပြီးရင် မင်းတို့အတွက် ကြိုက် သလောက် ဆုငွေပေးမယ်။ တိုက်ကြကွာ။ ဆုငွေပေးဖို့ ငါ တာဝန်ယူတယ်”

ဟု ပြောယူရ၏။ ငွေရမည်ဆိုမှ တရုတ်တို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်လေတော့သည်။ စတီးဝဲလ်၏ တိုက်တွန်းအားပေးကောင်းမှုကြောင့် နောက်နေ့ ဧပြီလ ၂၅ ရက်နေ့တွင် တရုတ်တပ်ဖွဲ့များက ဂျပန်တို့နှင့် အပြင်းအထန်တိုက်ပြီး ဟိုပုံးမြို့ကို ဂျပန်လက်ထဲမှ ပြန်သိမ်းနိုင်ခဲ့၏။ တိုက်ပွဲတွင် ရန်သူ ၅၀၀ သေကြေအနာတရဖြစ်စေခဲ့ပြီး ဟိုပုံးကို အောင်နိုင်ခဲ့သဖြင့် စိတ်ဓာတ်တက်ကြွလာခဲ့ပြီး ဆက်လက်ထိုးစစ်ဆင်ရာ မိုင်းပွန်နှင့် လွိုင်လင်ကိုပါ သိမ်းနိုင်ခဲ့၏။

လွိုင်လင်ကို သိမ်းပြီးသောအခါတွင် ရှေ့ဆက်တက်ရန် အခက်အခဲနှင့် ကြုံရလေတော့သည်။ အကြောင်းမှာ စတီးဝဲလ်ကိုယ်တိုင် ၎င်း၏ စစ်ဌာနချုပ်ကြီးတစ်ခုလုံး မပါလာဘဲ အရေးပေါ် တစ်ကိုယ်တည်း တရုတ်တပ်များဖြင့် လိုက်ပါရာ ဒေသဆိုင်ရာတိုက်ပွဲများကို ကွပ်ကဲပြီး တဖြည်းဖြည်း ဌာနချုပ်နှင့် ဝေးကွာလာခဲ့ယုံမက တိုက်ပွဲတွင် တရုတ်တပ်များ တိုက်စိတ်ခိုက်စိတ်များ နည်းလာသဖြင့် စတီးဝဲလ်သည် ဧပြီ ၂၆ ရက်နေ့တွင် မတတ်သာဘဲ လွိုင်လင်မှ သာစည်သို့ ပြန်ဆင်းခဲ့လေတော့သည်။

ထိုနေ့တွင်ပင် စတီးဝဲလ်သည် ကျောက်ဆည်သို့ ဆက်ထွက်ပြီး ကျောက်ဆည်တွင်ရှိနေသည့် ဗိုလ်ချုပ်





ကြီးစလင်း၊ ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားတို့နှင့် တွေ့ဆုံခဲ့သည်။

စစ်ဆင်ရေးအစည်းအဝေးအား ကျောက်ဆည်တွင် ချက်ချင်းကျင်းပပြီး မန္တလေးသို့ ဆက်ထွက်ခဲ့၏။

စတီးဝဲလ်မရှိတော့သည်နှင့် ၎င်းခေါင်းဆောင်ခဲ့သည့် အမှတ် (၂၀၀) တရုတ်တပ်မနှင့် တပ်မ (၂၂) မှ တပ်မဟာတစ်ခုတို့သည် လွိုင်လင်မှ သီပေါ ထိုမှကျောက်မဲ မိုးကုတ်နယ်မြေကို ဖြတ်၍ မိုးမိတ်၊ မဘိမ်းဒေသမှ အရှေ့မြောက်ဘက်ကို ဆုတ်ခွာကာ တရုတ်ပြည်ထဲသို့ ပြန်ဝင်သွားတော့သည်။

တောင်ကြီးမှ ဆင်းလာပြီး ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် သူ၏စစ်ဦးစီးအဖွဲ့နှင့်အတူ မန္တလေးသို့ ခေတ္တဝင်ရောက်၏။ မန္တလေးတွင် မြို့လုံခြုံရေးယူထားသော တရုတ်တပ်များရှိနေသည့် စတီးဝဲလ်က မန္တလေးရှိ သူကွပ်ကဲရသော တရုတ်တပ်များအား စနစ်တကျ မြောက်ဘက်သို့ ဆုတ်ခွာနိုင်ရန် စီစဉ်လေသည်။ ထိုသို့ စီစဉ်ပြီး သူကိုယ်တိုင် ဧပြီလ ၂၉ ရက်နေ့၌ အင်းဝတံတားကြီးကို ဖြတ်၍ သူ၏စစ်ဌာနချုပ်နှင့်အတူ ရွှေဘိုသို့ ထွက်ခွာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ မေလ ၁ ရက်နေ့တွင် စတီးဝဲလ်သည် ရွှေဘိုအနောက်မြောက်ဘက်ရှိ ရေဦး၌ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား၊ ဗိုလ်ချုပ်ကြီးစလင်းတို့နှင့်အတူ နောက်ဆုံး စစ်ဆင်ရေး ညှိနှိုင်းအစည်းဝေးကို ဆောင်ရွက်ခဲ့သည်။

ထိုအချိန်၌ အင်းဝတံတားကို ဗြိတိသျှတို့က ချိုးဖျက်ပြီးကြပေပြီ။ ဧပြီလ ၃၀ ရက်နေ့တွင် ထိုတံတားကြီးအား အမိန့်ရဖောက်ခွဲခဲ့ခြင်းဖြစ်လေသည်။ ည ၁၁ နာရီ ၅၉ မိနစ်၌ အလယ်ဂုံးကြီးနှစ်ဂုံးအား ချိုးဖျက်လေ

"အင်းဝတံတားကြီးကို ဖျက်ဆီးပြီးဖြစ်ပါပြီ။ ခု စစ်ကို စနစ်တကျလုပ်ဖို့ပဲ လိုအပ်ပါတယ်။ ဗိုလ်ချုပ်ကြီးရဲ့ တရုတ်တပ်တွေကို ဘယ်လိုလုပ်မလဲ"

"တပ်တော် (၆) ကတော့ တာရှူလို့မရတော့ဘူး။ အဆက်အသွယ်လည်း ပြတ်သွားပြီ။ တပ်တော် (၅) က တချို့တပ်တွေလည်း သူတို့သဘောနဲ့သူတို့ အရှေ့မြောက်ဘက်ကို ဆုတ်ခွာသွားကြတယ်။ အခုကျန်တဲ့ တပ်တော် (၅) က တပ်တချို့နဲ့ တပ်မ (၃၈) ကိုတော့ ကသာဘက်က တစ်ဆင့် ရထားနဲ့သွားပြီး တရုတ်ပြည်ဘက် ပြန်ပို့မယ်လို့ ရည်ရွယ်ပါတယ်"






www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချုပ်ကြီးကရော ဘယ်သွားမလဲ"

"ကျုပ် မြစ်ကြီးနားကို ပြန်ပါ့မယ်။ ဟိုမှာ လုပ်စရာရှိတာလုပ်ပြီးရင် အိန္ဒိယဖြစ်ဖြစ် တရုတ်ဖြစ်ဖြစ် အမိန့်ရတဲ့ဘက်ကို သွားမယ်"

"ကျွန်တော်တို့အားလုံးကို မြန်မာပြည်က အပြီးအပိုင်ဆုတ်ခွာဖို့ အပေါ်က ခွင့်ပြုပြီးပါပြီ။ ဗိုလ်ချုပ်ကြီးလည်း ဗိုလ်ချုပ်ကြီးတပ်တွေကို အဆင်ပြေသလို ဆုတ်ခွာပေးပါ။ ဂျပန်ကတော့ အခု လားရှိုးသိမ်းပြီးလို့ မြောက်ဘက်ကို ချီတက်နေပါပြီ"

"ကျုပ်အစီအစဉ်ကတော့ ဒီမှာကျန်တဲ့တပ်တော် (၅) ရော၊ တပ်တော် (၆၆) ရော အကုန်လုံး တရုတ်ပြည်ပြန်ဖို့ပါပဲ။ တပ်မ (၃၈) ကိုတော့ ဗိုလ်ချုပ်တို့ ခေါ်သွားမယ်ဆိုရင်လည်း ခွင့်ပြုချက်ရရင် ခေါ်နိုင်ပါတယ်"

ထိုသို့နှီးနှော စည်းဝေးပြီးသောအခါ စတီးဝဲလ်သည် သူ့ဦးစီးအရာရှိများနှင့်အတူ ဆောလျှင်စွာပင် ရေဦးမှ မြစ်ကြီးနားသို့ ထွက်ခွာသွားတော့သည်။

မေလ ၂ ရက်နေ့တွင် သူနှင့် သူ၏စစ်ဌာနချုပ်သည် ရွှေဘိုမှ မီးရထားဖြင့် ထွက်ခွာခဲ့၏။ ဝန်းသိုသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည့်အခါ ဗန်းမော်မြို့ ရန်သူ ဂျပန်လက်တွင် ကျရောက်သွားကြောင်း သတင်းရရှိပြီး မြစ်ကြီးနား ကျသွားနိုင်၏။ မေလ ၅ ရက်နေ့တွင် အင်းတော်သို့ ရောက်၏။

သူတို့ အင်းတော်သို့ရောက်ရှိသောအချိန်တွင် အင်းတော်၏ မြောက်ဘက်ရထားလမ်းမှာ ဂျပန်တို့က ပိတ်ဆို့ထားလေပြီ။ ကားလည်း သွားမရ၊ ရထားလည်း သွားမရတော့။ ထို့ကြောင့် အင်းတော်တွင် ရပ်နားပြီး သတင်းစုဆောင်းရတော့၏။

## မိုင် ၁၄၀ ကျော် ခရီးကြမ်းကြီးနှင့် မိုလ်ချုပ်ကြီးစတီးဝဲလ်၏ စွန့်စားခန်း

အင်းတော်တွင် စတီးဝဲလ်တို့အား ရှမ်းပြည်နယ် ခရစ်ယာန်သာသနာပြုဆေးရုံမှ အမေရိကန် ဆရာဝန်ကြီး ဒေါက်တာဆီးဂရေ့စ်နှင့် သူနာပြုများက ကြိုဆိုကြသည်။ သူတို့လည်း အင်းတော်တွင်နေခဲ့၍မရ။ စတီးဝဲလ်နှင့် အတူ လိုက်ပါမည်။ နေရာအနှံ့တွင် ဂျပန်တွေ ဝိုင်းနေပြီ။

နောက်ဆုံးတော့ စတီးဝဲလ်သည် လူပေါင်း ၁၀၀





နီးပါး ပါဝင်သည့် စုပေါင်းစပ်ပေါင်းအဖွဲ့ကြီးကို ဦးဆောင်ကာ အင်ဖာသို့ ချီတက်ရန် ဆုံးဖြတ်လိုက်၏။ သူ၏အဖွဲ့တွင် သူနာပြုဆရာမလေးများ၊ သတင်းစာဆရာများ အရပ်သားများနှင့် တရုတ်၊ ဗမာ၊ ကချင်၊ ကရင်၊ အင်္ဂလိပ်၊ အမေရိကန် စသည့် လူမျိုးပေါင်းစုံ ပါဝင်လေသည်။ မေလ ၆ ရက်နေ့တွင် ပါလာသည့် ယာဉ်များအား အင်းတော်၌ ထားခဲ့ပြီး စတီးဝဲလ်တို့အဖွဲ့ ခြေလျင်ခရီးဆက်တော့၏။

ခရီးမှာ အလွန်ကြမ်းတမ်းလှ၏။ ချောင်းအတန် တန် ကူးရသည်။ ပေ လေးငါးထောင်မြင့်သည့် တောင်များကို တက်ကြရသည်။ တောကထူလှပြီး လမ်းတွင် နေသိပ်မတွေ့။ ကြာလေ တောက ပို၍ ပို၍ နက်လာလေ ဖြစ်သဖြင့် တောမျောက်များ အူသံ၊ ကျားဟိန်းသံ၊ ဆင် အော်သံများကိုပင် မကြာခဏကြားကြရ၏။ တောကြီးမျက် မည်း၌ လေးရက်ခန့်လျှောက်ပြီး ချင်းတွင်းမြစ်ဘေးမှ မင်းကင်းသို့ ရောက်သွား၏။ မင်းကင်းမှ ဖောင်များဖွဲ့ပြီး တောင်ဘက်သို့ မျှောချရ၏။ ဖောင်များကား ကောင်း ကောင်းမသွား။ ကောက်ကောက်ကွေ့ကွေ့ သွားကြ၏။ ထိုးဝါးများဖြင့် တွန်းထိုး၍ နောက်ဆုံး ဟုမ္မလင်းမြို့သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြ၏။ ဟူမှုလင်းကား စစ်လမ်းကြောင်းကျသဖြင့် လူမရှိတော့ မြို့သူမြို့သားအားလုံး မြို့ပစ်ပြီး စွန့်ခွာထွက် ပြေးသွားကြလေပြီ။

မေ ၁၄ ၌ ချင်းတွင်းမြစ်ကို ဖြတ်ကူးခဲ့ကြပြီး မကြာ မီ အိန္ဒိယနယ်စပ်အနီးသို့ ရောက်၏။ ထို့နောက် အင်ဖာ မှ ဆင်းလာသည့် ဗြိတိသျှဆေးတပ်ဖွဲ့နှင့် တွေ့ပြီး ရိက္ခာ ဆေးဝါး အစားအသောက်အမျိုးစုံ၊ ဝန်တင်တိရစ္ဆာန်နှင့် လိုအပ်သည့် အကူအညီများရ၍ အားလုံးအဆင်ပြေသွား တော့သည်။ မကြာမီ မြန်မာနယ်နိမိတ်ကို ဖြတ်ကျော်ပြီး မဏိပူရ တောင်တန်းများကို ရောက်ရှိတော့၏။ မေလ ၂၁ ရက်၌ အင်ဖာမှ ထရပ်ကားများ လာကြိုရာလမ်းတွင် ဆုံတွေ့လေသည်။ ထိုနေ့မှာပင် ဗိုလ်ချုပ်ကြီး စတီးဝဲလ်တို့ အဖွဲ့ အင်ဖာသို့ ရောက်တော့သည်။ ဗြိတိသျှတို့က စတီး ဝဲလ် တို့အဖွဲ့အား လှိုက်လှဲစွာကြိုဆိုလေသည်။

ခရီးစဉ်ပြီးဆုံး၍ အင်ဖာရောက်တော့ စတီးဝဲလ် က ...

"ဒီတစ်ချီတော့ ငါတို့ ကောင်းကောင်းခံလိုက်ရ တာပဲဟေ့။ သိပ်ရှက်ဖို့ကောင်းတယ်။ ဘာဖြစ်လို့များ ဒီလို





အခြေအနေကလျှား ဖြစ်သွားရတာလဲဆိုတာ ပြန်ပြီးစိစစ်ကြည့် ရမယ်ကွ"

ဟု အလေးအနက် ဆိုခဲ့လေသည်။

နှစ်ရက်မျှ ထင်ရှားမံ ခရီးသွားပြီး စတီးဝဲလ်သည် ဗိုလ်ချုပ်ကြီး ဝေဗယ်နှင့် အလက်ဇန္ဒားတို့အား တင်ဆူ ကီးယာတွင် တွေ့ဆုံလေသည်။ မေလ ၂၄ ရက်၌ တင်ဆူ ကီးယာမှ ဒေလီသို့ လေယာဉ်ဖြင့် ဆိုက်ရောက်သွား တော့၏။

ဒေလီရောက်ပြီး ကြာမြင့်မီမှာပင် ဒေလီမြို့ **Royal Hotel** တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို စတီးဝဲလ်က ပြုလုပ်၏။

ထိုသတင်းစာရှင်းလင်းပွဲ၌ စတီးဝဲလ်က ...

"မိမိတို့ အရေးနိမ့်ခဲ့ရသည်မှာ ရှက်စရာကောင်း ကြောင်း၊ အဘယ်ကြောင့်ရှုံးနိမ့်ရသည်ကို စိစစ်ရမည် ဖြစ် ကြောင်း၊ အကြောင်းမှန်ကို ရှာဖွေပြီး မြန်မာပြည်ကို ဂျပန် လက်ထဲမှ ပြန်သိမ်းရမည်ဖြစ်ကြောင်း၊ မိမိသည် မြန်မာ ပြည်အတွင်းမှ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်၍ မိုင် ၁၄၀ ခရီးကြမ်းကြီးကို နှင်ခဲ့ကြောင်း၊ ရက်



www.burmeseclassic.com

www.burmeseclassic.com



သတ္တနှစ်ပတ်ကျော်ကြာမြင့်ခဲ့ကြောင်း၊ ယခုမှ ဤသတင်းစာရှင်းလင်းပွဲကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာပြည်သည် တရုတ်ပြည်ကို ပြန်သိမ်းရန်အတွက် အလွန်အရေးပါကြောင်း''

စသည်ဖြင့် ပြောကြားခဲ့လေသည်။ သတင်းထောက်များ မေးမြန်းသမျှကိုလည်း ကောင်းစွာဖြေကြားခဲ့၏။

စတီးဝဲလ်၏ ဆောင်ရွက်ချက်အား ဗိုလ်ချုပ်ကြီးမာရှယ်က ချီးကျူးကြောင်း ကြေးနန်းပို့၏။ အမေရိကန်စစ်ဝန်ကြီး စတင်ဆန်ထံမှလည်း တရားဝင်ချီးကျူးကြောင်း သဝဏ်လွှာပို့၏။ ချန်ကေရှိတ်၏ဇနီး မေကလည်း ဝမ်းသာအားရ ချီးကျူးစကားဆို၏။ သမ္မတကြီးရုစဗဲ့ကလည်း မြန်မာပြည်တွင်း၌ ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ အားထုတ်မှုများကို လူသိရှင်ကြား ချီးကျူးထောပနာပြုခဲ့၏။

ထိုနည်းတူစွာပင် သူနှင့်အတူ တိုက်ပွဲဝင်ခဲ့သည့် ဗြိတိသျှဗိုလ်ချုပ်ကြီးစလင်းကလည်း သူ၏ **Defeat into Victory** စာအုပ်ကြီးထဲတွင် အောက်ပါအတိုင်း ချီးကျူးဖော်ပြခဲ့သည်။





''မြန်မာပြည်ထဲမှ ပြန်လည်ခွာစစ် ဆင်ကြရာတွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အခက်အခဲများမှာ ချုပ်ထက် ပိုပေသည်။ သူသည် များပြောင်လှသော အခက်အခဲများအား မညည်းမညူ ဖွဲ့နဘဲနှင့် ရင်ဆိုင်ဖြေရှင်းခဲ့ရာ အလွန်ချီးကျူးဖွယ်ဖြစ်၏။''

''သူကိုင်တွယ်ခဲ့ရသော တရုတ်တပ်တော်များအား ဂျပန်တပ်များနှင့် လုံးဝမတူ။ ဂျပန်တို့ကား အမိန့်ကို တိကျစွာ လိုက်နာသူများဖြစ်၏။ တရုတ်တို့ကား သင့်သလိုသာ လှုပ်ရှားသူများဖြစ်၏။ ထို့ကြောင့် သူ့အမိန့်များကို တရုတ်တို့ လိုက်နာအောင် စတီးဝဲလ် မတတ်နိုင်ခဲ့ရှာပေ။''

''သူသည် ရန်သူဂျပန်တို့ကို တန်ပြန်တိုက်ခိုက်နိုင်ရန် အမြဲတမ်း အခွင့်ကောင်းကို စောင့်နေခဲ့၏။ ခရီးလမ်းများ ကြိုးစားရှာဖွေ၏။ သို့ရာတွင် သူ့တွင် ထောက်ထောက်သည့် ဦးစီးအရာရှိများ မရှိခဲ့ချေ။ အလားတူပင် လုံလောက်သည့် ဆက်သွယ်ရေးစနစ်ကောင်းများလည်း မရှိခဲ့ချေ။ သူ၏အမိန့်များ အောက်ခြေရောက်အောင် သူ မတတ်နိုင်ခဲ့ချေ။''



www.burmeseclassic.com

www.burmeseclassic.com



"သူကိုယ်တိုင် အနီးကပ်ကြပ်မတ်ခဲ့သော်လည်း နောက်ဆုံးတွင် သူ၏ တရုတ်တပ်များသည် ဖရိုဖရဲဖြင့် ကစဉ့်ကလျားဖြစ်သွားရတော့၏။ သူလို အသက်အရွယ်နှင့် ဤမျှလောက် အောက်ခြေဆင်း လုပ်နိုင်မည့် စစ်ဗိုလ်ချုပ်ကား ရှာမှရှားလှ၏။ အနည်း ငယ်မျှသာ ရှိပေလိမ့်မည်။"

"သူသည် သူကွပ်ကဲရသည့် တရုတ်တပ်တော်များ တစည်းတလုံးတည်းရှိအောင် ကိုယ်တိုင် နမူနာပြ ခေါင်းဆောင်ခဲ့၏။ သို့ရာတွင် အခြေအနေအရပ်ရပ်က ထင်သလို မဖြစ်လာခဲ့၊ စစ်မြေပြင်တွင် သူ မရှိသောအခါ သူ၏ တရုတ်တပ်များသည် ဝါးအစည်းပြေသလို ပြေသွားတော့၏။ နောက်ဆုံး၌ သူအပါအဝင် ကျွန်ုပ်တို့အားလုံး မြန်မာပြည်တွင်းမှ ခွာစစ်ကိုသာ ဆင်ခဲ့ရလေတော့သည်။"

ဤကား ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဆင်နွှဲခဲ့ရသည့် မြန်မာပြည်တွင်းမှ စွန့်စားခန်းပါခင်ဗျား။

(ထိုခရီးကြမ်းကြီး ချီတက်ချိန်၌ စတီးဝဲလ်၏အသက်မှာ ၆၀ ပင် ရှိနေပြီဖြစ်ပါ၏။ စာရေးသူ)



## အခန်း ( ၅ )

## စတီးဝဲလ်၏နောက်ဆက်တွဲပြဿနာများ

### စတီးဝဲလ်နှင့် ချန်ကေရှိတ်တွေ့ဆုံကြရာဝယ်

စတီးဝဲလ်သည် စစ်သားအစစ်ဖြစ်၏။ ဂျပန်တွေ၏ ထိုးစစ်ဒဏ်မခံနိုင်၍ သူနှင့်တရုတ်တပ်များ မြန်မာ ပြည်မှ ခွာစစ်ဆင်သွားရသည်ကို လုံးဝမကျေနပ်ခဲ့။ ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝီလီယံစလင်းလို မြန်မာနိုင်ငံ ပြန်လည်သိမ်း ပိုက်ရေးအား အစဉ်တစိုက် စဉ်းစားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါသာမကပါ။

"ခင်ဗျားရဲ့တာဝန်က တရုတ်ပြည်ကို အမေရိကန်ပစ္စည်းတွေ အဆက်မပြတ် ထောက်ပံ့နေဖို့နဲ့ တရုတ်တပ်တွေကို လေ့ကျင့်သင်ကြားပေးပြီး တရုတ်ပြည်ကြီးကို ဂျပန်လက်ထဲ မကျအောင်လုပ်ဖို့ပဲ"

"ပြီးတော့ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်ရဲ့ လက်ထောက်အနေနဲ့ သူ့တပ်မ (၃၀) ကို လေ့ကျင့်သင်ကြားပေးပြီး လက်နက်တပ်ဆင်တိုက်ပွဲဝင်နိုင်းဖို့ပဲ"

ဟု သမ္မတရုစဗဲ့နှင့် ဗိုလ်ချုပ်ကြီးမာရှယ်က မှာလိုက်သည်ကို သူ ဘယ်တော့မှမမေ့။

သမ္မတနှင့် ဦးစီးချုပ်ခိုင်းသည်ကို သူ လုပ်ခဲ့၏။ သို့ရာတွင် သူလုပ်ချင်သလို လုပ်၍ကား မရပါ။ တရုတ်ပြည်ကား ပြဿနာအမျိုးစုံတွေပြားနေသည့် ပဟေဠိနိုင်ငံကြီး ဖြစ်ပါသည်။

တရုတ်နိုင်ငံပင်လယ်ကမ်းရိုးတန်း တစ်ခုလုံးအား ဂျပန်တွေက သိမ်းထားကြသည်။ ချန်ကေရှိတ်နှင့် မတဲ့သည့် မော်စီတုန်းနှင့် သူ၏ တရုတ်ကွန်မြူနစ်ပါတီ တပ်နီတော်က တရုတ်ပြည်၏ အနောက်မြောက်ပိုင်း ဒေသများတွင်





...ရှာအခြေပြုနေသည်။ ခေါင်းဆောင်ကြီး ချန်ကေရှိတ်နှင့် ...၏တရုတ်အမျိုးသားတပ်မတော်သည်ကား တစ်ပြေး ...ည်းပြေးရင်း ပီကင်းမှသည် နန်ကင်း၊ နန်ကင်းမှသည် ...ရုတ်ပြည်အနောက်တောင်ဘက် တောင်များပေါ်ရှိ ချုံ ...င်းသို့ ရောက်နေ၏။ ချုံကင်းတွင် အခြေစိုက်ရင်း ...ကေရှိတ်က အမျိုးမျိုးပြောနေသည်။ သူနှင့်သူ့မိန်းမက ...ယာဉ်တစ်စီးဖြင့် ဟိုသွားဒီသွား သွားကာ ပြဿနာ ...စုံရှာနေသည်။

ချန်သည် ဂျပန်တွေကိုမကြောက်။ ဂျပန်တွေကို ...နေ့ တစ်ချိန်ချိန်၌ သူ့မဟာမိတ် အမေရိကန်များက ...တ်အသက်နှိမ်နင်းနိုင်မည်ကို ကြိုတွက်ထား၏။ သူ ...ကြောက်သည်က မော်စီတုန်း၏ တရုတ်ကွန်မြူနစ်များနှင့် ...တို့၏တရုတ်တပ်နီတော်သာ ဖြစ်၏။

ချန်၏ စစ်တပ်က **War Lord** စစ်ဘုရင်များနှင့် ...ည်ထားသည့် အခွင့်ထူးခံလူတန်းစား စစ်တပ်ဖြစ်၏။ ...၏တပ်နီတော်က တကယ်တိုင်းပြည်လွတ်မြောက်စေ ...သည့် အခြေခံဆင်းရဲသား လူတန်းစားစစ်တပ်ဖြစ်၏။ ...ည်တွင် တပ်နီတော်အား သူ၏စစ်တပ်က နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည်ကို ချန် ကြိုတင်စဉ်းစားမိ၏။ ထို့ကြောင့် ဂျပန်ကို ခုခံတိုက်ခိုက်မည့်အစား သူ့အာဏာကုလားထိုင်ကို လုမည့် တရုတ်ကွန်မြူနစ်ပါတီနှင့် သူတို့၏တပ်နီတော်အား ချေမှုန်းရန် ချန်က ပိုမိုစိတ်အားထက်သန်ခဲ့၏။ ဂျပန်တွေကြောင့် သူ ပြုတ်သွားမည် မဟုတ်။ တရုတ်ကွန်မြူနစ်တွေကြောင့်သာ သူ ပြုတ်ရပေမည်။ ဒါကို ချန် နားလည်ပါသည်။

ဤသည်ကို နားလည်ထားသော ချန် သို့မဟုတ် ချန်ကေရှိတ်နှင့် ကျွန်တော်တို့၏ ဖာတ်လိုက်ကြီး စတီးဝဲလ်တို့ ထိပ်တိုက်တွေ့ကြတော့၏။

မြန်မာပြည်မှ အိန္ဒိယသို့ ခွာစစ်ဆင်ခဲ့ရပြီး မကြာမီ စတီးဝဲလ်သည် သူ၏ဌာနချုပ်ရှိရာ ချုံကင်းသို့ ပြန်ရောက်တော့၏။ ခရီးရောက်မဆိုက်ပင် မြန်မာပြည် စစ်မြေပြင်ရောက် ချန်ကေရှိတ်၏ တရုတ်တပ်များနှင့် တပ်မှူးကြီးများ အကြောင်းကို သတင်းပို့တော့၏။ အစီရင်ခံစာပါ ရေးသားတင်သွင်းလေသည်။

သူ၏အစီရင်ခံစာတွင် အောက်ပါများပါရှိ၏။

တရုတ်တပ်များမှ အရာရှိငယ်များနှင့် တပ်သား





များအနေဖြင့် စိတ်ထက်သန်မှုရှိပြီး စည်းကမ်းကောင်းကာ အမိန့်နာခံမှုရှိကြောင်း၊ သို့ရာတွင် တပ်မှူးကြီးများနှင့် ဦးစီးအရာရှိများမှာ အရည်အသွေး ညံ့ဖျင်းပြီး ညာဝါးနေသူများဖြစ်ကြောင်း၊ တပ်မှူးကြီးများသည် ရှေ့တန်းသို့လိုက်ပါခဲ့ကြောင်း၊ ၎င်းတို့ပေးထားသည့်အမိန့်အား အောက်လက်မှ လိုက်နာဆောင်ရွက်မှု ရှိ,မရှိ မသိကြောင်း၊ လူငယ်များအား မျက်နှာလွှဲ ခဲပစ်လုပ်ထားကြောင်း၊ အောက်က တင်ပို့လာသည့် အစီရင်ခံစာများကိုလည်း မစိစစ်ဘဲ လက်ခံကြောင်း၊ လိုအပ်သည်ထက် ပုံကြီးချဲ့ကာ တင်ပြတတ်ကြောင်း၊ ရန်သူကို အကြောက်လွန်ပြီး တင်ပြကြောင်း၊ တိုက်ပွဲထောက်လှမ်းရေးနှင့် တန်ပြန်ထောက်လှမ်းရေးကို နားမလည်ကြောင်း၊ တိုက်ပွဲနယ်မြေနှင့် မိုင် ၅၀ အကွာ ခန့်မှာသာနေပြီး အမိန့် တွေ ပေးနေကြောင်း၊ စိတ်ဓာတ် မကောင်းကြောင်း၊ တိုက်စိတ်ခိုက်စိတ်မရှိကြောင်း၊ ထို့ကြောင့် ထိုတပ်မှူးကြီးများကို အမြန်ဆုံး ထုတ်ပစ်သင့်ကြောင်းတို့ ဖြစ်လေသည်။

အထူးသဖြင့် လူချင်းတွေ့ဆုံဆွေးနွေးရာ၌ စတီးဝဲလ်က အမှတ် (၆) တရုတ်တပ်တော်မှူး ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကန်၏ ကွပ်ကဲမှုစွမ်းရည် ညံ့ဖျင်းသည့်အကြောင်း၊ အမှတ် (၅) တပ်တော်မှူး ဗိုလ်ချုပ်ကြီး တူ သတ္တိကြောင်ပြီး တိုက်ပွဲခွင်မှ ထွက်ပြေးသွားသည့်အကြောင်း၊ စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီး လိုချိုပင်းက အမိန့်များကို မနာခံဘဲ အမျိုးမျိုး ဗလောင်းဗလဲလုပ်နေသည့်အကြောင်း၊ ခွာစင်တွင် တပ်များကို ကောင်းစွာ မကွပ်ကဲဘဲ ရထားစီးကာ တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားကြောင်းတို့ကိုပါ ထည့်သွင်းပြောကြားလေသည်။

တကယ်တမ်းတွင်မူ ထိုသူအားလုံး ချန်ကေရှိတ်၏ လက်ရင်းတပည့်ကြီးများဖြစ်ကြရာ စတီးဝဲလ်၏ ပြောဆိုချက်များကို ချန်ကေရှိတ်အနေဖြင့် အောင့်သက်သက်ဖြင့် နားထောင်ခဲ့ရ၏။

"သူတို့အားလုံးထဲမှာ ဆွန်တစ်ယောက်ပဲ သတ္တိရှိရှိနဲ့ စစ်တိုက်တတ်တယ်။ ရေနံချောင်းတိုက်ပွဲမှာ ဆွန်ကယ်လို့ ဗိုလ်ချုပ်ကြီးစလင်းတို့ သက်သာသွားတာ"

ဆွန်ဆိုသည်မှာ အမှတ် (၃၈) တရုတ်တပ်မ တပ်မမှူး ဗိုလ်ချုပ်ဆွန်လီဂျင်ကို ရည်ညွှန်းခြင်းဖြစ်၏။ ဆွန်သည် အခြားတရုတ် ဗိုလ်ချုပ်များနှင့်မတူ။ အင်္ဂလိပ်





စကားကို အမေရိကန်လေနှင့် ကောင်းစွာပြောတတ်ပြီး အမေရိကန် West Point စစ်တက္ကသိုလ် ကျောင်းဆင်းဖြစ်ရာ မဟာမိတ်တပ်မှူးကြီးများအားလုံးနှင့် ဆက်ဆံရေး အဆင်ပြေသူဖြစ်၏။ အမှန်တကယ်လည်း စစ်မြေပြင်တွင် သတ္တိရှိ၍ စစ်သည်များကို နမူနာကောင်းပြကာ ဦးဆောင်နိုင်သူပင်။

သူ၏ အဆင့်မြင့်တပ်မှူးများနှင့် ပတ်သက်၍ မှတ်ချက်လည်ဆွေးနွေးရာ၌ ချန်ကေရှိတ်က ဗိုလ်ချုပ်ကြီး စတီးဝဲလ်အား သူ့တပ်မမှူးများနှင့် သူ၏ တိုက်ရိုက်ဆက်ဆံရေး အကြောင်းကို ရှင်းပြသည်။ တပ်မမှူးများထံ ချန်ကေရှိတ်က တိုက်ရိုက် စာပေးစာယူ လုပ်ရသည့်အကြောင်း အကြောင်းရင်းကို ရှင်းပြသည်။

"တရုတ်တပ်တွေကို စီမံခန့်ခွဲတဲ့နေရာမှာ အခြားနိုင်ငံက တပ်တွေ စီမံခန့်ခွဲမှုနဲ့ မတူဘူး။ ကျုပ်တို့ရဲ့ ထိပ်ပိုင်းအရာရှိတွေဟာ ပညာအရည်အချင်း မပြည့်ဝကြဘူး။ လုပ်ငန်းကျွမ်းကျင်မှုလည်း အားနည်းတယ်ဆိုတာ ကျုပ်ကောင်းကောင်းသိပါတယ်"

"သူတို့ အမှားလုပ်ကြမှာကို ကြိုတင်မြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အမှားမလုပ်မိအောင် ကျုပ်က အချိန်မီ သတိပေးတယ်။ ပုဂ္ဂိုလ်ရေးအရ အချိန်မီ စာရေးတယ်။ သူတို့ရဲ့ အတိုင်းအတာတစ်ခုအထိတော့ အကန့်အသတ်နဲ့ ရှိနေတဲ့ အစွမ်းအစတွေကို ကျုပ် သိထားလို့ သူတို့ထက်ဦးအောင် သူတို့ရှေ့က ကြိုပြီး ကျုပ်က စီစဉ်ညွှန်ကြားခဲ့တာပဲ"

"ဒီလိုအခြေအနေမျိုးနဲ့ပဲ ကျုပ်ဟာ ငါးနှစ်ကြာ ခုခံရေးစစ်ပွဲဆင်နွှဲနေခဲ့ရတယ်။ တကယ်လို့သာ ခင်ဗျားဟာ ကျုပ်နဲ့အနီးကပ် လအနည်းငယ်နေကြည့်မယ်ဆိုရင် တရုတ်အရာရှိတွေရဲ့ စိတ်ပိုင်းအခြေအနေကို နားလည်သွားမှာပါ။ ပြီးတော့ ကျုပ်အနေနဲ့လည်း တရုတ်အရာရှိတွေရဲ့ ထူးဆန်းတဲ့ သဘောသဘာဝတွေကို ထပ်ပြောနိုင်ပါလိမ့်မယ်" ဟု ချန်ကေရှိတ်က ပြောပြသည်။

မည်သို့ဖြစ်စေ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အယုံအကြည်မရှိကြ။ လိုလားနှစ်သက်ခြင်း မရှိကြဘဲ သုံးနှစ်နီးပါး မတည့်အတူနေခဲ့ကြရလေသည်။





**လေ့ကျင့်ရေးနှင့် ထောက်ပံ့ရေးပြဿနာများ**

မြန်မာပြည်က ပြန်ရောက်လာပြီးနောက် စတီးဝဲလ်သည် ချန်ကေရှိတ်ထံသို့ ရှေ့ဆက်လုပ်မည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲတင်သွင်းသည်။

ပထမအစီအစဉ်မှာ တရုတ်တပ်သား တစ်သိန်းကို အိန္ဒိယသို့ စေလွှတ်ပြီး အဆင့်မြင့် မွမ်းမံသင်တန်းများ ပေးမည်။ အမေရိကန်လက်နက်များ တပ်ဆင်ပေးမည်။ ထို့နောက် တပ်မသုံးခုစီပါဝင်သော တပ်မကြီးနှစ်ခု ပြန်လည်ဖွဲ့စည်းရန်ပင်ဖြစ်လေသည်။

ထိုဖွဲ့စည်းပြီးသော တပ်မကြီး နှစ်ခုသည် အိန္ဒိယရှိ မဟာမိတ်တပ်များနှင့် ပူးပေါင်းကာ မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေးစစ်ပွဲတွင် ပါဝင်ဆင်နွှဲရန်ဖြစ်၏။

ထိုစီမံချက်ကို ချန်ကေရှိတ်က မူအားဖြင့် သဘောတူလိုက်၏။

စတီးဝဲလ်က မြန်မာပြည်သိမ်းစစ်ဆင်ရေးအတွက် [illegible]အနေဖြင့် အိန္ဒိယသို့ အမေရိကန်တပ်မတစ်ခု ပို့ပေးရန် ဗိုလ်ချုပ်ကြီး မာရှယ်နှင့် စစ်ဝန်ကြီးစတင်ဆန်တို့ထံ စာရေးတင်ပြသည်။ ထိုတပ်မသည် တရုတ်တပ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ စစ်မြေပြင်သို့ လိုက်ပါခဲ့ပါက တရုတ်တို့အနေဖြ
ယခုထက်ပိုပြီး စိတ်ဓာတ်ကောင်းလာဖွယ်ရှိမည်။ Mo-
ral Support ဖြစ်မည်ဟု စတီးဝဲလ်က သုံးသပ်ခဲ့သော
သည်။ တရုတ်တွေကို နမူနာကောင်းပြရန်လည်း စိတ်
ထား၏။

ထိုအစီအမံအရ စတီးဝဲလ်သည် ဗိုလ်ချုပ်ကြီး
ဗယ်နှင့် ဗိုလ်ချုပ်ကြီးစလင်းတို့၏ သဘောတူညီချက်
ရယူကာ အိန္ဒိယနိုင်ငံ ရမ်းကားတပ်စခန်းတွင် တရု
တပ်များအတွက် အမြောက်နှင့် ခြေလျင်တပ် လေ့ကျင့်
သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ပြီး သင်တန်းများ စတင်
လေသည်။ သင်တန်းမှာ ၄ လ မှ ၆ လ အထိ ကြာမြင့်
သည့် သင်တန်းများဖြစ်၏။ သင်တန်းများကို ၁၉၄၂ ခု
ဩဂုတ်လတွင် စတင်ခဲ့သည်။

စတီးဝဲလ်က အိန္ဒိယနိုင်ငံ၌ သူ၏ဌာနချုပ်
ဒေလီတွင် ထားရှိ၏။ တရုတ်ပြည် ချုံကင်းမှ ဒေလီ
လေယာဉ်ဖြင့် လာရ၏။ ဒေလီမှ မိုင် ၇၀၀ ဝေးသော
ကရာချိမြို့တွင် အမေရိကန်မှပို့သော တရုတ်ပြည်အတွက်
ထောက်ပံ့ရေးပစ္စည်းအမျိုးစုံ ထားရှိ၏။ ကရာချိမှ





ခင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပေသည်။ စတီးဝဲလ်အနေဖြင့်
ထိုပစ္စည်းအမျိုးစုံ တရုတ်ပြည်ချုံကင်းသို့ ရောက်ရှိရေးအား
တာဝန်ယူရသေး၏။ ထိုပစ္စည်းအမျိုးစုံအား အမေရိကန်နိုင်ငံ
လေ့ာ့စ်အင်ဂျင်လီစ်မှ သင်္ဘောများဖြင့် တင်ပို့ပေးနေခြင်း
ဖြစ်၏။

စတီးဝဲလ်သည် ချုံကင်း၊ ဒေလီနှင့် ရမ်းကားတို့
သို့ အမေရိကန်လုပ် D.C ၃ လေယာဉ်အဟောင်းကလေး
တစ်စီးနှင့် ခေါက်တုံ့ခေါက်ပြန်သွားနေရ၏။ ရမ်းကားတွင်
တရုတ်တပ်သား ၉၀၀၀ ခန့် စတင်လေ့ကျင့်နေကြသည်။
စခန်းကို ဗိုလ်မှူးချုပ် မက်ကာဘေးက အုပ်ချုပ်ပြီး တရုတ်
တပ်များကို ကွပ်ကဲရန်အတွက် ဗိုလ်ချုပ်ကြီးလိုရှိုပင်းကိုပင်
တာဝန်ပြန်ပေးထားရ၏။

စတီးဝဲလ်သည် အိန္ဒိယပြည် ရမ်းကားလေ့ကျင့်ရေး
စခန်းသို့ ရောက်ရှိနေပြီးသော တရုတ်တပ်မများအား
လေ့ကျင့်သင်တန်းပေးရန်၊ လက်နက်တပ်ဆင်ရန်နှင့် ရိက္ခာ
ထောက်ပံ့ရန် တာဝန်ယူထားရ၏။ ထို့ပြင် တရုတ်တပ်သား
အမြောက်အမြား တရုတ်ပြည်မှ အိန္ဒိယပြည်သို့ သယ်ယူ
ပို့ဆောင်ပေးရေးကိုလည်း တာဝန်ယူရ၏။ ထိုမျှသာမက



www.burmeseclassic.com

www.burmeseclassic.com



ကူမင်း အခြေစိုက် တရုတ်လေတပ်အား မဟာဗျူဟာမြောက် အသုံးချရေးအတွက် ဆုံးဖြတ်ရာ၌လည်း ပါဝင်၏။ ကူမင်းတွင် တရုတ်လေတပ်ကို ကောင်းမွန်စွာ ဖွဲ့စည်းတည်ဆောက်ပေးနိုင်ပါက ဂျပန်တို့၏ တရုတ်ပြည် ကုန်းတွင်းထိုးစစ်နှင့် တရုတ်ပင်လယ်အတွင်း ဂျပန်သင်္ဘောများသွားလာမှုကို ထိန်းချုပ်ဟန့်တားနိုင်မည် ဖြစ်၏။

တရုတ်လေတပ်ကို အမေရိကန်လေတပ် ဗိုလ်ချုပ်ကြီးချင်းနော့က အပျော်တမ်း ကွပ်ကဲပေးနေလေသည်။ ချင်းနော့ကား စတီးဝဲလ်နှင့် သဘောထားမတိုက်ဆိုင်၊ အယူအဆချင်းမတူသူဖြစ်၏။ မည်သို့ဆိုစေ စတီးဝဲလ်သည် သူ့ကတိစကားများအရ လည်းကောင်း၊ အမေရိကန်စစ်ဝန်ကြီးနှင့် ဗိုလ်ချုပ်ကြီးမာရှယ်တို့ လိုအပ်ချက်အရလည်းကောင်း တရုတ်တပ်များ လေ့ကျင့်ရေး၊ တရုတ်ပြည်သို့ စစ်ပစ္စည်းအမျိုးစုံ ပို့ပေးရေးကိစ္စများနှင့် ၁၉၄၂ ခုနှစ် တစ်နှစ်လုံး ဟိုပြေးဒီလွှားဖြင့် အလွန်ရှုပ်နေခဲ့လေသည်။ ထိုကိစ္စများကို သူ့လောက်စိတ်ဝင်စားသူ ဘယ်သူမှ မရှိခဲ့ချေ။

ထိုစဉ်က စတီးဝဲလ်၏တစ်ကိုယ်တော် လှုပ်ရှား





ဆောင်ရွက်နေခဲ့သည်များကို သူ၏ရဲဘော်ရဲဘက်ကြီး ဆာဝီလီယံစလင်းက အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့၏။

“တရုတ်တပ်များကို တိုက်ခိုက်ရေးအင်အားကြီး တစ်ရပ်ဖြစ်လာအောင် ပြန်လည်ဖွဲ့စည်းဖို့ ဗိုလ်ချုပ်ကြီး စတီးဝဲလ်တစ်ယောက်ပဲ စိတ်အားထက်သန်နေသည်။ တရုတ်တို့ကလည်း စိတ်မပါ။ အိန္ဒိယတို့ကလည်း ဘာသိဘာသာ။ အမေရိကန်တွေကလည်း တရုတ်တွေကို မယုံသလောက်ဖြစ်နေသည့် အချိန်ကာလ။

လောလောဆယ်တွင် အမေရိကန်တို့အနေဖြင့် ဗြိတိသျှတို့ကိုသာမက စတီးဝဲလ်ကိုပင်လျှင် အယုံအကြည် လျော့နေလေပြီ။ သို့ရာတွင် စတီးဝဲလ်ကား အားမလျော့။ ချန်ကေရှိတ်ထံမှ တရုတ်တပ်များရအောင် အတင်းတောင်းနိုင်ခဲ့၏။ ထိုတရုတ်စစ်သားတွေကို လက်ခံနိုင်အောင် အိန္ဒိယကိုလည်း သူ ချော့မော့စည်းရုံးနိုင်ခဲ့သည်။

ဒါသာ မကသေးပါ။ တရုတ်တပ်တွေကို ဗြိတိသျှတို့ ရိက္ခာနှင့် စစ်ဝတ်များ ထောက်ပံ့ရေးကို



www.burmeseclassic.com

www.burmeseclassic.com



ရအောင် သူဆောင်ရွက်နိုင်ခဲ့သည်။ အမေရိကန် လေတပ်လေယာဉ်များက အာသံနှင့် တရုတ်အကြားရှိ Hump ဟန့်တောင်ကြီးကို ကျော်ဖြတ်ပြီး တရုတ်စစ်သား ၁၃၀၀၀ ကို ဖြုတ်ပုဂ္ဂရမြစ်ဝှမ်းက လေယာဉ်ကွင်းများသို့ ပို့ပေးရန် သူ စွမ်းဆောင်နိုင်ခဲ့သည်။ ထိုတရုတ်စစ်သည်များကို ရမ်းကား လေ့ကျင့်ရေးကျောင်းသို့ ရထားဖြင့် ပို့စေသည်။ ဤမျှများပြားသော စစ်သားများကို လေကြောင်းမှ ပို့ခြင်းမှာ ယခုပထမအကြိမ်ဖြစ်ရာ အံ့ဩဖွယ်ရာပင်။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ထူးခြားသော အောင်မြင်မှုကြီးပါပေ။

ဤနည်းဖြင့် ထက်နက်တစ်ဆင်လေ့ကျင့်ပြီး တရုတ်တပ်မနှစ်ခု ဖွဲ့စည်းနိုင်ခဲ့၏။ ဒါသာမက ထိုစစ်သည်များအတွက် ရိက္ခာ၊ ဆေးဝါး၊ စစ်ဝတ်ပစ္စည်းနှင့် လစာကအစ အစစပြည့်စုံအောင် စတီးဝဲလ် လုပ်ပေးနိုင်သည်မှာ အံ့ဩစရာပင်။ ကျွန်ုပ်အနေဖြင့် တရုတ်တပ်များ ယခုကဲ့သို့ လျင်မြန်စွာ တိုးတက်လာသည်ကို တစ်ခါမှ မမျှော်လင့်ခဲ့ဖူးပါ။

အမေရိကန်တပ်မတော် အရာရှိများ၏ ကွပ်ကဲ





...င့် စတီးဝဲလ်၏ အပူတပြင်း အစုလိုက် အပြုံလိုက် ...င်တန်းပေးမှုမှာ များစွာအောင်မြင်လေသည်။ ...မှုအားဖြင့် ခြေလျင်စစ်သည်များကို အမြောက်ပစ် ...တ်အောင် သင်ကြားပေး၍ အမြောက်တပ်သားများ ...အဖြစ် ပြောင်းလဲပေးလိုက်နိုင်ခြင်းမှာ နည်းပြဆရာ ...ကြီး စတီးဝဲလ်၏ အံ့မခန်းအစွမ်းအစများပါပေ။


ထိုစဉ်က အမေရိကန်အမြောက်တပ် နည်းပြ ...ရှူးကြီး ဗလင်နီ Colonel Sliney ၏ အကူအညီ ...တ အဓိကကျခဲ့ပေသည်။ မည်သို့ပင်ဖြစ်စေ ဤ ...တ်များကား ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ အစစ ...ရာ တစ်ကိုယ်တော် ခေါင်းခံဆောင်ရွက်ခဲ့ခြင်း၏ ...ချိုးဆက်များသာတည်း။''

■



www.burmeseclassic.com


www.burmeseclassic.com




လီဒိုလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံအားပုံပါအတိုင်း ဗြိတိသျှတို့မှ ပြန်လည်သိမ်းပိုက်ခဲ့သည်



ဒိုလမ်းမကြီးကို ဖေါက်လုပ်ခဲ့သူ အမေရိကန်အင်ဂျင်နီယာတပ်မှူးကြီး
ဗိုလ်ချုပ် လူးဝစ်အေပစ်

www.burmeseclassic.com



[illegible]



ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် ဗိုလ်ချုပ်အေပစ် ရှေတန်း လမ်းဖေါက်ရေးစခန်းတစ်ခုတွင်တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

## လီဒိုလမ်းမကြီးကို ဖောက်လုပ်ခြင်း

**နိဒါန်း**

ဒုတိယကမ္ဘာစစ်က မြန်မာပြည် စစ်မြေပြင်၌ ယနေ့တိုင် လူသိများထင်ရှားလျက်ရှိသည့် သမိုင်းဝင် လမ်းကြီး ၂ လမ်းကို နှစ်ဖက်တပ်များက ဖောက်လုပ်ခဲ့ကြ၏။

တစ်လမ်းက ဖက်ဆစ်ဂျပန်တို့ ဖောက်လုပ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားနိုင်ငံ ဘန်ပေါင်မှ မြန်မာနိုင်ငံ သံဖြူဇရပ်သို့ ဖောက်လုပ်ခဲ့သည့် သေမင်းတမန်လမ်းမကြီးခေါ် ယိုးဒယား မြန်မာ မီးရထားလမ်းကြီးဖြစ်၏။

နောက်တစ်လမ်းက အမေရိကန်တို့ ဖောက်လုပ်ခဲ့သည့် အိန္ဒိယနိုင်ငံ အာသံပြည်နယ် မီးရထားလမ်းဆုံး လီဒိုမြို့ကလေးမှ မြန်မာနိုင်ငံ မြစ်ကြီးနားသို့၊ ထိုမှတစ်ဖန် ဗန်းမော်ဖြတ်ကာ တရုတ် မြန်မာ လမ်းမကြီးထိသို့ ဖောက်လုပ်ခဲ့သည့် လီဒိုလမ်းမကြီး ဖြစ်၏။

ထိုလမ်း ၂ မေး ယှဉ်ကြည့်ပါက လီဒိုလမ်းမကြီးမှာ မြန်မာနိုင်ငံ၏အမြင့်ဆုံး အနောက်ဘက်တောင်တန်းကြီးကို ဖြတ်ကျော်ဖောက်လုပ်ရသဖြင့် အလွန်ခက်ခဲလှ၏။ အားလုံးက မဖြစ်နိုင်ဟု ပြောကြဆိုကြ၏။ ခေါင်းခါကြ၏။ သို့ရာတွင် အများက မဖြစ်နိုင်ဟု ပြောနေကြသည့် လီဒိုလမ်းမကြီးကို ဖြစ်အောင်ဖောက်ခဲ့၏။ ဖောက်သူကား ကျွန်တော်တို့၏ ဇာတ်လိုက်ကျော် ဗိုလ်ချုပ်ကြီး စတီးဝဲလ်ပါပင်တည်း။



လမ်းဖောက်ရခြင်းအကြောင်း

ဒုတိယကမ္ဘာစစ်မဖြစ်မီမှာပင် ဂျပန်တို့သည် တရုတ်ပြည် အရှေ့ပိုင်းမှ ပင်လယ်ကမ်းခြေမြို့များ အားလုံးကို သိမ်းပိုက်ပြီးဖြစ်၏။ တရုတ် ချန်ကေရှိတ်အစိုးရသို့ မဟာမိတ်နိုင်ငံများမှ ပေးပို့နေသည့် အထောက်အပံ့ပစ္စည်းများကို လေကြောင်းနှင့် ကုန်းကြောင်းမှသာ ပို့ရတော့၏။ ဂျပန်တို့ ပိတ်ဆို့ထားသဖြင့် ရေကြောင်းမှ ပို့၍ မရတော့။

အဓိက ကုန်းကြောင်းလမ်းမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ လားရှိုး၊ ထိုမှသည် တရုတ်ပြည် ယူနန်နယ် ကူမင်းအထိဖြစ်၏။ ထိုလမ်းကို တရုတ်မြန်မာလမ်းမကြီးဟု ခေါ်သည်။

၁၉၄၂ ခုနှစ် မေလတွင် မြန်မာတစ်နိုင်ငံလုံး ဂျပန်တို့ သိမ်းယူလိုက်သောအခါ တရုတ်မြန်မာ လမ်းမကြီး လုံးဝပိတ်သွားတော့၏။ တရုတ် ချန်ကေရှိတ် အစိုးရကို ထောက်ပံ့ပေးရန်အတွက် လေကြောင်းတစ်ခုတည်းသာ ကျန်တော့၏။ အိန္ဒိယပြည် လေယာဉ်ကွင်းများမှ တရုတ်ပြည် ကူမင်းလေယာဉ်ကွင်းအထိ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ချုံကင်းအထိ ပို့ပေးရန် ဖြစ်လေသည်။ ထိုစဉ်က အိန္ဒိယရှိ ဗြိတိသျှ စစ်ဌာနချုပ်မှာ လေယာဉ်များ အလုံအလောက် မရှိပါ။ ချန်ကေရှိတ်အစိုးရကို အဓိကထောက်ပံ့နေသူမှာလည်း ဗြိတိသျှတို့ မဟုတ်ပါ။ အမေရိကန်တို့သာ ဖြစ်ပါသည်။

မြန်မာပြည်မှ မဟာမိတ်တပ်များ ဆုတ်ခွာလာရပြီးသည့်နောက် ထိုကိစ္စကို မဟာမိတ်တပ်မှူးကြီးများ အလေးအနက် ဆွေးနွေးကြ၏။

တကယ်တော့ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ အတန်ကြာကပင် အင်္ဂလိပ်တို့သည် လီဒိုမှ ပန်ဆောတောင်ကြားကိုဖြတ်၍ မြန်မာပြည်တွင်း လမ်းဖောက်ရန် ကြံစည်ခဲ့ဖူး၏။ သို့သော် မဖောက်ဖြစ်ခဲ့။ ၁၉၄၂ ခုနှစ် စစ်ဖြစ်ပြီး မြန်မာနိုင်ငံ ဂျပန်လက်အောက်ရောက်မှ အလောတကြီး ဖောက်မယ်ပြုမယ် ဖြစ်လာ၏။ အထူးသဖြင့် တရုတ်အမျိုးသားအစိုးရကို ကျားကန်ပေးနေသည့် အမေရိကန်များအတွက် ပိုမိုလိုအပ်လေသည်။

၁၉၄၂ ခုနှစ် မိုးတွင်းကာလ၌ အိန္ဒိယနိုင်ငံ တာဝန်ခံဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝေဗယ်နှင့် အမေရိကန်





အစိုးရကိုယ်စားလှယ် ဗိုလ်ချုပ်ကြီး စတီးဝဲလ်တို့ ဒေလီမြို့တွင် တွေ့ဆုံဆွေးနွေးကြ၏။

"ကျုပ်တို့ မြန်မာနိုင်ငံ ဂျပန်လက်ထဲက ပြန်သိမ်းဖို့အတွက် ကျုပ် ကွပ်ကဲလေ့ကျင့်ပေးထားတဲ့ တရုတ် တပ်တွေကို အကူအညီပေးမယ်။ အင်ဖာမှာ စုဖွဲ့မယ်။ အနည်းဆုံး တရုတ်တပ်မ ၂ ခု ရမယ်။ ပြီးတော့ အမေရိကန်တပ်မတစ်ခုပါမယ်။ ဗိုလ်ချုပ်ကြီးဝေဗယ်တို့ဆီက ဗြိတိသျှတပ်မ သုံးခုလောက်နဲ့ ပူးပေါင်းပြီး ထိုးစစ်ဆင်လိုက်ရင် မြန်မာတစ်နိုင်ငံလုံး ပြန်ရမှာပါ"

ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ဆွေးနွေးပြောဆိုသည်။

"အင်ဖာက ပို့ဆောင်ရေးကန့်သတ်ချက်ရှိပါတယ်။ ထောက်ပံ့ရေးလမ်းဆုံး လီဒိုမှာဆိုရင်ရော ဘယ်လိုသဘောရပါသလဲ"

"ကောင်းပါတယ်"

"လီဒိုကနေပြီး မြစ်ကြီးနားအထိ လမ်းဖောက်ဖို့ အစီအစဉ်ကတည်းက လျာထားပြီးသားပါ။ အကြောင်းအမျိုးမျိုးကြောင့် မဖောက်နိုင်ခဲ့ဘူး။ အဲဒီလမ်း ဖောက်နိုင်ရင် အားလုံး အဆင်ပြေသွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



လီဒိုမှ မြစ်ကြီးနား လမ်းဖောက်ရေးကို စတီးဝဲ
က အလွန်စိတ်ဝင်စားသွား၏။ အဘယ့်ကြောင့်ဆိုသော်
ချန်ကေရှိတ်၏ တရုတ်အမျိုးသားအစိုးရသို့ အမေရိကန်
ပို့သည့် ထောက်ပံ့ရေးပစ္စည်း လစဉ် တန်ချိန် သုံးထော
ကျော် အိန္ဒိယမှ သူ ပို့ပေးနေရသည်။ လေယာဉ်အခက်အ
ရှိ၍ ရံဖန်ရံခါ တန်သုံးလေးငါးရာသာ ပို့နိုင်ခဲ့၏။
ကိစ္စကြောင့် သူနှင့်ချန်ကေရှိတ် အဆင်မပြေဖြစ်ရသည်

''ဗိုလ်ချုပ်ကြီးဝေဗယ်တို့ လောလောဆ
မဖောက်နိုင်သေးရင် ကျုပ်တို့အမေရိကန်တွေက ဖော
မယ်ဆိုရင် ဘယ်လိုသဘောရပါသလဲ''

စတီးဝဲလ်က မေးလိုက်သည်။

''ဗိုလ်ချုပ်ကြီး စတီးဝဲလ်တို့က စက်အား လူအ
ပစ္စည်းအင်အား အစစအရာရာသာတဲ့အတွက် ဗိုလ်ချု
ကြီးတို့ ဖောက်မယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာ ကြိုဆို
တယ်ဗျာ''

ဤတွင် စတီးဝဲလ်နှင့် ဝေဗယ် အပေးအယူတည်
သွားကြ၍ လီဒိုလမ်း ဖောက်လုပ်ရေး စီမံချက်ကြီးအ
ဝေဗယ်က စတီးဝဲလ်ကို အပြီးအပိုင် လွှဲအပ်ပေးလိုက်





တော့၏။ စတီးဝဲလ်က ဝါရှင်တန်သို့ သတင်းပို့ရာ ခွင့်ပြု
ချက်ရသဖြင့် ၁၉၄၂ ခုနှစ် မိုးကုန်စတွင် **Burma Road**
ခေါ် လီဒိုလမ်းမကြီးအား ဗိုလ်ချုပ်ကြီးစတီးဝဲလ် ခေါင်း
ဆောင်သည့် အမေရိကန်များက ဖောက်လုပ်ခဲ့ကြလေသည်။

## လီဒိုလမ်းမကြီးကို ဖောက်ပြီ

လီဒိုလမ်းမကြီးဖောက်ရန် သဘောတူပြီးသည်
နောက် စတီးဝဲလ်က လက်မြန်ခြေမြန်ပင် မြေထိုးမြေကော်
စက်များ ဝန်ချီစက်များ၊ ကျောက်ခွဲစက်များကို အမေရိ
ကန်မှ မှာကြားပြီး ကရာချီမှ အာသံပြည်နယ် မီးရထား
လမ်းဆုံး လီဒိုသို့ လှမ်းမှာသည်။

စက်တွေနှင့်အတူ ဗိုလ်မှူးချုပ် ပစ် **Brigadier General A.Pick** နှင့် အင်ဂျင်နီယာတပ်ရင်းတစ်ရင်း
ပါလာ၏။ ကြိုတင်စုဆောင်းထားသည့် အိန္ဒိယနှင့် အာသံ
ပြည်နယ်မှ ဝန်ထမ်းအလုပ်သမား တိုင်းရင်းသားပေါင်းစုံ
ယောက်ျား၊ မိန်းမ အလုပ်သမားများ ပါလာသည်။

လမ်းမှာ သာမန်ရိုးရိုးဖောက်လုပ်ရခြင်း မဟုတ်
မြန်မာနယ်နိမိတ် ရောက်သည်နှင့် မြန်မာနိုင်ငံ မြောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းနှင့် ဟူးကောင်းတောင်ကြားတွင် အထိုင်ချထားသည့် ဗိုလ်ချုပ်ကြီးတာနာကာ၏ ဂျပန် အမှတ် (၁၈) တပ်မနှင့် ရင်ဆိုင်ရမည်။ တိုက်ရမည်။ ထို့ကြောင့် စတီးဝဲလ်က သူ လေ့ကျင့်လက်နက်တပ်ဆင်ပေးထားသည့် အမှတ် (၃၈) နှင့် အမှတ် (၂၂) တရုတ်တပ်မ ၂ ခုကို လမ်းဖောက်ရာသို့ ခေါ်ယူကာ ရှေ့ပြေးတပ်များအဖြစ် အသုံးချသည်။ တရုတ်တပ်များကို စတီးဝဲလ်က အပေါ့စား သံချပ်ကာကားများပါ တပ်ဆင်ပေးထား၏။

လမ်းအူကြောင်းမှာ လီဒိုမှ အထက်မြန်မာနိုင်ငံ ကချင်ပြည်နယ်ကို ဖြတ်၍ ဟူးကောင်းမြစ်ဝှမ်းမှ မြစ်ကြီးနားသို့ ဆင်းသွားရန်၊ မြစ်ကြီးနားမှ တောင်ဘက်သို့ ဆက်ဆင်းပြီး ဗန်းမော်သို့ သွားရန်၊ ဗန်းမော်မှ နမ်းခမ်းမူဆယ်နှင့် ဝမ်တိန်ကြူကုတ်သို့သွားသော ရှေးယခင်က ရှိခဲ့ပြီးသော တရုတ်မြန်မာလမ်းမကြီးနှင့် ဆက်ရန်ဖြစ်၏။ လီဒိုမှ တရုတ်ပြည်နယ်စပ်အထိ ၄၇၈ မိုင် ရှိပေသည်။ လီဒိုမှ ချုံကင်းအထိကား မိုင် ၂၀၀၀ ကျော်ဝေး၏။

လမ်းဖောက်လုပ်ခြင်းအား ၁၉၄၂ ခုနှစ်ကုန်တွင် စတင်ခဲ့သည်။


မြရတနာစာပေ



လီဒိုလမ်း တစ်စိတ်တစ်ပိုင်းအား လေယာဉ်ပေါ်မှတွေ့မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



လီဒိုလမ်း တစ်စိတ်တစ်ပိုင်းအား
လေယာဉ်ပေါ်မှတွေ့မြင်ရပုံ

www.burmeseclassic.com




အာသံပြည်နယ် လီဒိုမြို့ တစ်စိတ်တစ်ပိုင်း

www.burmeseclassic.com



လှိုင်းတောင် ရေရာချောင်းဖြတ်ကူးရာတွင် ဒေသခံလူအင်အား အသုံးပြုခဲ့ရသည်


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ဘူဒိုဇာ များဖြင့် ထောက်/ ပို့လုပ်နေသော ယာဉ်တန်းများကို
လီဒိုလမ်းတလျှောက်လမ်းရှင်းပို့ဆောင်ပေးနေစဉ် ၁၉၄၄




လီဒိုလမ်းအစ အာသံပြည်နယ်လီဒို

www.burmeseclassic.com

www.burmeseclassic.com





လီဒိုလမ်းလမ်းဆုံတစ်နေရာရှိ အကွာအဝေးပြမှတ်တိုင်တစ်ခု

လီဒိုလမ်းကြီးကို **Survey** လုပ်ရန် အချိန်မပေးနိုင်။ ဆွေးလာချိန်လည်း မပေးနိုင်၍ စက်တွေ လီဒို ရောက်သည်နှင့် စတီးဝဲလ်က လုပ်ငန်း အစခိုင်းတော့၏။

ထို့ကြောင့် အင်ဂျင်နီယာတပ်ရင်းသည် လမ်းအကြောင်း စရှာသူကရှာ၊ ဆွဲသူကဆွဲနှင့် ရထားသည့် အလုပ်သမားများနှင့် လုပ်ငန်းကို စကြရ၏။ တောတွေကိုရှင်း၊ တောင်ကိုဖြတ်၊ ချောင်းတွေကိုကျော်၊ ဗွက်တွေကို ဖို့ဖြင့် စထွက်ကတည်းက အတင်းတရကြမ်း လုပ်ခဲ့ကြသည်။ လမ်းအကျယ်မှာ ပေ ၃၀ ရှိပြီး ကျောက်ခင်းလမ်း ဖြစ်၏။

ဖြစ်သည့်နည်းဖြင့် ဖောက်ရသည့်လမ်းဖြစ်၍ မြေအနေအထားနှင့် ဖြတ်သန်းရမည့် မြစ်ချောင်းတို့၏ အခြေအနေကို ဘာမျှအသေအချာ ဇစ်စစ်စပ်စပ် ကွင်းမဆင်းနိုင်ကြ။ မြေပုံကြည့် တောကို မျက်မြင်ကြည့်ကာသာ ဖောက်ခဲ့ရ၏။ လမ်းဖောက်သွားရင်း တွေ့ကြုံလာရသော အခက်အခဲများကို အဆင်ပြေသလို **Improvide Method** ဖြင့် ဖြေရှင်းကြရ၏။

ဤသို့ဖြင့် တောင်ကြောများ၊ တောင်စောင်းများကို

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တောကြီးမျက်မည်းထဲ၌ ပင်ပန်းကြီးစွာ ဖြိုချကာ လမ်းဖောက်ကြရ၏။ တောင်ကျရေများကို တမံနှင့်လွှဲလျက် တံတားများ တည်ဆောက်ပေးရ၏။ လမ်းအူကြောင်း တစ်လျှောက် တောများကိုလည်း ခုတ်ထွင်ရှင်းလင်းရ၏။ တံတားမှာ ကျိတ်နှုန်း သုံးမိုင်တွင် တစ်စင်းကျ တည်ဆောက်ရ၏။ လမ်းအူကြောင်းအဖြစ် မျက်မြင် **Survey** ကို ယခင် တောင်ပေါ်တိုင်းရင်းသားများ အသုံးပြုသည့် လူသွားလမ်းကလေးများ လားဝန်တင်လမ်းများကို အဓိက အခြေခံခဲ့၏။

၁၉၄၃ ခုနှစ် မတ်လတွင် မိုင်တိုင်အမှတ် ၄၂ သို့ ရောက်ရှိခဲ့၏။ စတီးဝဲလ်က လုပ်ငန်းစစဉ်က တစ်ရက်ကို တစ်မိုင်ပြီးရမည် သတ်မှတ်ခဲ့သည်။ သို့ရာတွင် အခက်အခဲများကား အလွန်ကြီးမား၏။ ထို့ကြောင့် သတ်မှတ်သည့်အတိုင်း မပြီးခဲ့။ မိုးကျလာသည်နှင့် ဗွက်များပေါက်သွားပြီး ချိန်းတပ်ဘီးတပ်ယာဉ်များ သွား၍မရတော့။ ရာသီဥတုအနေအထားအရ လမ်းဖောက်ခြင်းကို လုံးဝ ရပ်နားလိုက်ရတော့သည်။ မရပ်နားလို့လဲ မဖြစ်။ ငှက်ဖျားနှင့် အခြားတောတွင်းရောဂါ အမျိုးစုံ၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါအမျိုးစုံတို့ နှိပ်စက်၍ စစ်သားနှင့် အလုပ်သမားရာပေါင်းများစွာတို့ ဖျားနာကြ၏။ နောက်ဆုံး မြေပြင်တပ်မှူးများ၏ တင်ပြချက်အရ လုပ်ငန်းခေတ္တရပ်နားရန် စတီးဝဲလ်က သဘောတူလိုက်ရတော့သည်။

၁၉၄၃ ခုနှစ် မိုးကုန်၍ ပွင့်လင်းရာသီ ရောက်သောအခါ စတီးဝဲလ်တို့ လီဒိုလမ်းဖောက်ခြင်းအား ပြန်စကြသည်။ စတီးဝဲလ်နှင့် သူ၏တပ်များသည် လမ်းဖောက်ရင်း မြန်မာနိုင်ငံအနောက်မြောက်ဘက်ရှိ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ကာ ဟူးကောင်းတောင်ကြားသို့ ရောက်ရှိခဲ့တော့၏။ မကြာမြင့်မီမှာပင် သူ၏ရှေ့ရှိ တပ်များနှင့် ဂျပန် အမှတ် (၁၈) တပ်မ၏ ကာတပ်များ စတင်တိုက်ပွဲဖြစ်တော့၏။

ဟူးကောင်းတောင်ကြားတိုက်ပွဲများကို ၇ လကြာ ဆင်နွှဲပြီး စတီးဝဲလ်က သူ၏လမ်းဖောက်လုပ်ခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင်ခဲ့၏။ ဟူးကောင်းတောင်ကြားကို ရှင်းလင်းပြီးသောအခါ စတီးဝဲလ်က လမ်းဖောက်ရင်း မြစ်ကြီးနားကို မဟာမိတ်တပ်ပေါင်းစုံနှင့် ဝိုင်းတိုက်






www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် စတီးဝဲလ်၏ တပ်များက ဂျပန်အမှတ် (၁၈) တပ်မ ထိန်းချုပ်ထားသော မြစ်ကြီးနားကို ရရှိလေသည်။

မြစ်ကြီးနား သိမ်းပိုက်ရရှိပြီးသည်နှင့် လီဒိုလမ်းဖောက်လုပ်ခြင်းမှာ မကြာမြင့်မီမှာပင် ပြီးဆုံးသွားတော့၏။

စုစုပေါင်း ၂ နှစ်ခန့် သဲကြီးမဲကြီး ဖောက်လုပ်လိုက်ရလေသည်။

အိန္ဒိယမြန်မာနယ်စပ်ကို ဖြတ်ကျော်ချိန်၌ ပတ်ကွိုင်တောင်ကြီးအား မမျှော်မှန်းနိုင်လောက်သော အခက်အခဲများကို ရင်ဆိုင်ကာ ကျော်ဖြတ်ခဲ့ရ၏။ ဟူးကောင်းတောင်ကြားသို့ ရောက်သည့်အခါတွင်မူ ဂျပန်များနှင့် ရင်ဆိုင်ရ၏။ ဂျပန်တို့က အင်ဖာကိုဟီးမားထိုးစစ်ကြောင့် စတီးဝဲလ်၏တပ်များကို အသေအကျေခုခံခဲ့၏။ စတီးဝဲလ်က စစ်တိုက်ရင်း လီဒိုလမ်းကြီးကို ဖောက်ခဲ့၏။ နောက်ဆုံးမြစ်ကြီးနားရသည်အထိ စစ်တိုက်လိုက် လမ်းဖောက်လိုက်နှင့် ဆောင်ရွက်ခဲ့သည်။

မြစ်ကြီးနားနှင့် ဗန်းမော်မှာ ယခင်ကတည်းက





လမ်းရှိပြီးသားဖြစ်၍ စတီးဝဲလ်အဖို့ အခက်အခဲသိပ်မရှိဘဲ လီဒိုလမ်းကြီးအား ဗန်းမော်သို့ ဆက်နိုင်ခဲ့၏။ ဗန်းမော်နှင့် နန့်ခမ်း မူဆယ် ကြူကုတ် ဝမ်တိန်လမ်းမှာလည်း ရှိပြီးသား လမ်းဟောင်းဖြစ်၏။ အနည်းငယ် ပြုပြင်မွမ်းမံရုံသာဖြစ်၏။

လမ်းကြီးပြီးဆုံး၍ မကြာမတင်မှာပင် စတီးဝဲလ်နှင့် တရုတ်ခေါင်းဆောင်ကြီး ချန်ကေရှိတ်တို့ အကြီးအကျယ် သဘောထားကွဲလွဲကြရာ ချန်ကေရှိတ်က အမေရိကန် သမ္မတကြီး ရုစဗဲ့ထံ တင်ပြတောင်းဆိုမှုကြောင့် စတီးဝဲလ်အား တရုတ်ဒုစစ်ဦးချုပ်တာဝန်မှ ရုပ်သိမ်း၍ အမေရိကန် ပြန်ခေါ်လိုက်တော့၏။

မည်သို့ဆိုစေ စစ်ဖြစ်နေသည့်ကာလအတွင်း ရွှံ့နဘဲနှင့် မည်သူမှ မစိတ်ကူးရဲသည့် လီဒိုလမ်းမကြီးအား ပတ်ကွိုင်တောင်ကြီးနှင့် ဟိမဝန္တာတောင်စွယ်များကို ဖြတ်ဖောက်ခဲ့သည့် အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ စစ်မြေပြင်စွမ်းရည်မှာ ချီးကျူးဖွယ်ဖြစ်ပါ၏။

ဤလမ်းကြီးအားလည်း သူ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့တိုင် စတီးဝဲလ်လမ်းမကြီးဟု ခေါ်တွင်စေ



www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။

ဤသည်ကား စတီးဝဲလ် ဖောက်လုပ်ခဲ့သည့် လီဒို လမ်းမကြီးအကြောင်းပါခင်ဗျား။

■

မြရတနာစာပေ

## အခန်း ( ၇ )

## ဟူးကောင်းတောင်ကြားတိုက်ပွဲများ

**နိဒါန်း**

ဗိုလ်ချုပ်ကြီး စတီးဝဲလ်အကြောင်းကို ရေးသားဖော်ပြရာတွင်လည်းကောင်း၊ သူ၏မြန်မာပြည်တွင် နောက်ဆုံးနှင့် အကြီးကျယ်ဆုံးတိုက်ပွဲဖြစ်သည့် မြစ်ကြီးနားတိုက်ပွဲအကြောင်းကို ဖော်ပြရာတွင်လည်းကောင်း ယခုဖော်ပြလတ္တံ့သော ဟူးကောင်းတောင်ကြားတိုက်ပွဲများမှာ မဖော်ပြမဖြစ်သည့် မြစ်ကြီးနားတိုက်ပွဲ၏ ပဏာမ အစ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နိဒါန်းတိုက်ပွဲများဖြစ်သဖြင့် ဖော်ပြရပါကြောင်း ဦးစွာပထမ အစီရင်ခံပါသည်။

ဟူးကောင်းတောင်ကြား၏ ပထဝီအနေအထားကို ဖော်ပြလိုပါသည်။

ဟူးကောင်းတောင်ကြား သို့မဟုတ် ဟူးကောင်း လွင်ပြင်ဆိုသည်မှာ ရှင်ဘွေယန်နှင့် မိုင်းကွမ်တနိုင်းကြား တနိုင်းခမြစ်ဖျားဒေသများ ဖြစ်ကြ၏။ ယနေ့ တနိုင်းမြို့ အနောက်ခြမ်းနှင့် အနောက်မြောက်ခြမ်းဒေသများ ပါဝင် လေသည်။ တနိုင်းမြစ်သည် ဟူးကောင်းတောင်ကြားနှင့် လွင်ပြင်ဒေသတွင် မြစ်ဖျားခံ၍ တောင်ဘက် ချင်းတွင်းမြစ် ထဲသို့ စီးဝင်သွား၏။ ချင်းတွင်းမြစ်ဖျားဒေသဟု ဆို၍ ရပါသည်။ ဟူးကောင်းတောင်ကြား ဆိုသည်မှာလည်း အနောက်မြောက်ဘက်မှ ပန်ဆောတောင်ကြားနှင့် နမ့် ယွန်းဒေသများကို ဆိုလိုပါသည်။

ဟူးကောင်းတောင်ကြားသည် မြန်မာနိုင်ငံ၏ အရေးကြီးသော ထွက်ပေါက်ကြီးဖြစ်၏။ ဟူးကောင်း တောင်ကြားမှ အနောက်ဘက်အိန္ဒိယနိုင်ငံ အာသံပြည် နယ်သို့ အလွယ်တကူသွားနိုင်သည်။ တရုတ်ပြည်သို့ သွား





မည်ဆိုက သွား၍ရသည်။ ဒုတိယကမ္ဘာစစ်ကာလက ဆုတ် ခွာသွားသော မဟာမိတ်တပ်အချို့သည် ဟူးကောင်း တောင်ကြားကို အသုံးပြု၍ ဆုတ်ခွာခဲ့ကြ၏။ အချို့ တရုတ် တပ်မများသည်လည်း ဟူးကောင်းတောင်ကြားမှတစ်ဆင့် တရုတ်ပြည်သို့ ပြန်လည်ဆုတ်ခွာခဲ့ကြ၏။

၁၉၄၃ ခုနှစ်နှောင်းပိုင်း၌ ဂျပန်ဘုရင့်စစ်ဌာနချုပ် သည် အနောက်ဘက်စစ်မျက်နှာကို စိတ်ဝင်စားစပြုလာ ပြီး မြန်မာပြည် စစ်မြေပြင်တပ်မှူးကြီးများမှလည်း အင်ဖာ ကိုဟီးမားကို ထိုးစစ်ဆင်ရန် စီမံချက်များ ရေးဆွဲခဲ့ကြ၏။ ထိုစီမံချက်အား တောင်ပိုင်းစစ်ဌာနချုပ်နှင့် ဘုရင့်စစ်ဌာန ချုပ်မှ အတည်ပြုခဲ့သည့် ထိုစစ်ဆင်ရေးကို အထောက်အကူ ပြုရန်နှင့် မြန်မာပြည်မြောက်ခြမ်းကို ကာကွယ်ရန်အတွက် မြန်မာပြည်စစ်ဌာနချုပ်မှ အမှတ် (၁၈) ဂျပန်တပ်မအား ဟူးကောင်းတောင်ကြားကို ပိတ်ဆို့ထားရန် တာဝန်ပေးခဲ့ လေသည်။

တပ်မမှူးမှာ ဗိုလ်ချုပ်ကြီး တာနာကာဖြစ်၏။

ထိုအချိန်တွင် အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ် ကွပ်ကဲသော တရုတ်တပ်များက အိန္ဒိယမှ တရုတ်ပြည်သို့



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖောက်နေ၏။ ထိုလမ်းကြီးသည် မြန်မာနိုင်ငံ ဟူးကောင်းဒေသကို ဖြတ်သန်း၍သွားမည်ဖြစ်၏။ အိန္ဒိယနိုင်ငံ အာသံပြည်နယ် ရထားလမ်းဆုံး လီဒိုမြို့မှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်၏။ လီဒိုမှနေ၍ တောင်ဘက်ကြောင်း ချီတက်လာသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တပ်များ စစ်ရှိန်တန့်သွားရန်အတွက် တားဆီးဟန့်စစ်ဆင်ရန် ဂျပန်တပ်မ (၁၈) နှင့် တပ်မမှူး ဗိုလ်ချုပ်ကြီးတာနာကာတို့က တာဝန်ယူထား၏။

ဂျပန်ဟို့၏ မူလစီမံချက်အရဆိုပါက အမေရိကန်နှင့် တရုတ်တပ်များကို မိုးကောင်းအနောက်မြောက်ဘက် ကီလိုမီတာ ၃၀ အကွာရှိ ကာမိုင်းမှနေ၍ ထိန်းထားရန်ဖြစ်သည်။ အချိန်ကာလမှာ ဂျပန်အမှတ် (၁၅) တပ်တော်က ဗြိတိသျှတို့၏အမှတ် (၁၄) တပ်တော်ကို အင်ဖာတွင် ထိုးစစ်ဆင်ပြီးသည်အထိ ထိန်းထားရန်ဖြစ်၏။ အကယ်၍ မိုးမကျမီ အင်ဖာထိုးစစ်ကြီးအောင်မြင်ခဲ့လျှင် မြန်မာပြည်ရှိ ဂျပန်တပ်များ၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးကဝါဘ်က ဟူးကောင်းတောင်ကြားတွင် ဟန့်စစ်ဆင်နေသည့် အမှတ် (၁၈) ဂျပန်တပ်မအား လိုအပ်သည့်စစ်ကူများ





ပြည့်တင်းပေးရန် စီစဉ်ထားရှိခဲ့လေသည်။

**တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေ**

၁၉၄၂ ခုနှစ် မေလကုန်သည်နှင့် မြန်မာတစ်နိုင်ငံလုံး ဂျပန်တပ်များ လက်အောက်သို့ ကျရောက်ခဲ့၏။ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်နှင့် တရုတ်အမျိုးသားအစိုးရကို ထောက်ပံ့နေသော ရန်ကုန်ကူမင်းဆက်သွယ်ရေး လမ်းကြောင်းကြီးလည်း လုံးဝ ပိတ်သွားတော့၏။

ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က ထောက်ပံ့ရေးလမ်းကြောင်းပွင့်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းခဲ့သည်။ သူ၏ ကြိုးပမ်းမှုကြောင့် မဟာမိတ်တပ်များသည် တရုတ်ပြည်သို့ ဦးတည်လျက်ရှိသော ထောက်ပံ့ရေးလမ်းကြောင်းများ ပြန်ပွင့်ရန် ကြိုးစားကြတော့၏။ ဖြစ်နိုင်ချေရှိသော ထောက်ပံ့ရေးလမ်းကြောင်း များစွာရှိသည့်အနက် မဟာမိတ်တို့သည် လီဒို၊ မိုးကောင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ ချွန်းလင်၊ ပိုရှန်၊ ကူမင်းလမ်းကြောင်းကို ရွေးချယ်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် ဤလမ်းကြောင်းသည် တရုတ်ပြည်သို့ ထောက်ပံ့ရေးလမ်းကြောင်းလုပ်ရန် အဆင်အပြေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြစ်သည့်ပြင် မြန်မာပြည်ရှိ ဂျပန်တပ်များကိုလည်း ချေမှုန်းနိုင်ရန် အလားအလာကောင်းနေသောကြောင့် ဖြစ်ပေသည်။

**ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တပ်များ ချီတက်လာခြင်း**

၁၉၄၃ ခုနှစ်ကုန်တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ် ကွပ်ကဲသော အမေရိကန်နှင့် တရုတ်တပ်များသည် လီဒို ဟူးကောင်းတောင်ကြားကို ဖြတ်လျက် မြစ်ကြီးနားသို့ စတင်ချီတက်လာတော့သည်။ ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ ကွပ်ကဲမှုအောက်၌ အောက်ပါတပ်များ ပါဝင်သည်။

(က) အမှတ် (၁) တရုတ်တပ်တော် ကွပ်ကဲမှုအောက်၌ အမှတ် (၂၂) နှင့် (၃၈) တရုတ်တပ်မနှစ်ခုပါဝင်သည်။

(ခ) အမှတ် ၅၃၀၇ အမေရိကန် တပ်ရင်းကြီးတစ်ရင်း (ခြေလျင်တပ်ရင်းများပါဝင်သည်)

ရင်းကို Galahad Regiment ဂလာ ဟတ်တပ်ရင်းကြီးဟု ခေါ်သည်။

မြရတနာစာပေ



ကောင်းစတောင်ကြားတိုက်ပွဲများအတွင်း မဟာမိတ်တပ်မှ ဗိုလ်ချုပ်စတီးဝဲလ်အား ဗလေလာဘွန်းတွင်လာရောက်တွေ့ဆုံနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဟီတ်ဟန်မရှိသောစတီးဝဲလ်အားသာမန်စစ်သည်တစ်ဦးကဲ့သို့
ဝတ်စားထားသည်ကိုရှေ့တန်းတစ်နေရာတွင်တွေ့ရပုံ



(ဗိုလ်မှူးချုပ်မဲရီးလ်စ်၏ လူစွန့်စားများ **Merills Marauders** ဟုလည်း ခေါ်ပါသည်။)

(ဂ) အမေရိကန်အပေါ့စား တင့်ကားများဖြင့် ဖွဲ့စည်းထားသည့် တရုတ်တင့် တပ်ဖွဲ့ တစ်ဖွဲ့၊

(ဃ) အမေရိကန် စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်း တစ်ရင်း၊

(င) လေကြောင်းအကူ **US Army Air Corp** အမေရိကန်ကြည်းတပ်၏ လေတပ်မကြီး။

ဤတရုတ်အမေရိကန် ပူးပေါင်းတပ်ဖွဲ့ အား **NCAC Northern Combat Area Command** "မြောက်ပိုင်းရှေ့ တန်းဌာနချုပ်''ဟု ခေါ်သည်။

**အဆုံးအဖြတ်ပေး စတင်ထိတွေ့ကြခြင်း**

၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးအပတ်။

ဗိုလ်ချုပ်ကြီး တာနာကာနှင့် သူ၏တပ်မမှ တပ်မှူးများ မြစ်ကြီးနားရှိ တပ်မဌာနချုပ်၌ စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးပြုလုပ်နေကြစဉ် ဟူးကောင်းတောင်ကြား ဒေသမှ အောက်ပါကြေးနန်းတစ်စောင် ပေးပို့လိုက်သည်။

**"ယနေ့နံနက်တွင် မိမိကာကင်းတပ်ခွဲနှင့် ရန်သူ တပ်ဖွဲ့တစ်ဖွဲ့ ထရွန်မြစ်အနောက်ခြမ်း နှင့် ယင်း၌ ထိတွေ့မှုဖြစ်။ အနောက်ဘက်မှ ဝင်လာသော ရန်သူများဟု ယူဆရ၊ သတင်းအခြေအမြစ် စုံစမ်း ဆက်လက်တင်ပြသွားမည်ဖြစ်"**

ဤတိုက်ပွဲသည် ၇ လကြာ ဟူးကောင်းတောင် ကြားတိုက်ပွဲများ၏ ပထမအစ ပွဲဦးထွက်တိုက်ပွဲပင်တည်း။

ဂျပန်တို့၏ရည်မှန်းချက်

ဤတိုက်ပွဲမဖြစ်မီကပင် ဂျပန်အမှတ် (၁၅) တပ်တော်မှ ဗိုလ်ချုပ်ကြီး မူတာဂူချိသည် UGO စစ်ဆင် ရေးအတွက် မြေပြင်သတင်းများ စုဆောင်းခဲ့ရာ မြန်မာ ပြည်မြောက်ပိုင်းသို့ တရုတ်အမေရိကန် ပူးပေါင်းတပ်ဖွဲ့ များ ဝင်ရောက်စပြုနေကြောင်း သတင်း စတင်ရရှိခဲ့၏။

ထိုသတင်းကို တပ်မ (၁၈) တပ်မမှူး ဒုဗိုလ် ချုပ်ကြီး တာနာကာထံ ပေးပို့လိုက်၏။ ထို့ပြင် ဝင်ရောက်





လာသည့် ရန်သူများကို ဆီးကြိုချေမှုန်းရန်နှင့် မြစ်ကြီး နားနှင့် ကာမိုင်းကို ဖြစ်သည့်နည်းဖြင့် ထိန်းချုပ်ထားရန် ညွှန်ကြားခဲ့လေသည်။

သို့ဖြစ်၍ ဗိုလ်ချုပ်ကြီး တာနာကာက မြစ်ကြီးနား၌ တပ်များ အခိုင်အမာချထား၍ ခံစစ်ကိုပါ ပြင်ဆင်ခဲ့၏။ ထိုစဉ်က ဂျပန်တပ်မ (၁၈) ၏ တပ်ဖြန့်ထားပုံမှာ အောက် ပါအတိုင်းဖြစ်၏။

(က) တပ်မဌာနချုပ်
မြစ်ကြီးနား

(ခ) အမှတ် (၅၅) ခြေလျင်တပ်ရင်းကြီး
ကသာ

(ဂ) အမှတ် (၅၆) ခြေလျင်တပ်ရင်းကြီး
ဟူးကောင်းတောင်ကြား

(ဃ) အမှတ် (၁၁၄) ခြေလျင်တပ်ရင်းကြီး
မြစ်ကြီးနား

(င) အမြောက်တပ်မ
မိုးညှင်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအစပိုင်း၌ ဂျပန်တို့၏ဆောင်ရွက်ချက်များ

ဟူးကောင်းတောင်ကြားတွင် အခြေပြုထားသော အမှတ် (၅၆) ခြေလျင်တပ်ရင်းကြီး၏ ဌာနချုပ်သည် ဟူးကောင်းမှာရှိပြီး အဓိကအင်အားမှာ ကာမိုင်းတွင်ရှိ… တပ်ရင်းကြီး၌ ခြေလျင်တပ်ရင်း နှစ်ရင်းပါဝင်ရာ တစ်ရင်းကို မိုင်းကွမ် ပို့ထား၏။ ထိုတပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် ထရွန်မြစ်အနီး နင်ဘယင်း၌ တပ်စွဲထား၏။ ထိုတပ်ခွဲနှင့် စတီးဝဲလ်၏ ရှေ့ရုံတပ်ဖြစ်သော မိုလ်ချုပ်ဆွန်လီဂျင်၏ အမှတ် (၃၈) တရုတ်တပ်မမှ တပ်များနှင့် ထိတွေ့ခဲ့ခြင်း ဖြစ်လေသည်။

အမှတ် (၁၈) တပ်မ၌ ခြေလျင်တပ်ရင်းကြီးသုံးရင်း… အမြောက်တပ်မတစ်ခုနှင့် ပို့ဆောင်ရေးအတွက် ထရပ်ကား… တပ်ခွဲနှစ်ခွဲနှင့် ဝန်တင်လားမြင်းတပ်ခွဲသာ ရှိ၏။ အမြောက် တပ်မတွင် တောင်ပေါ်ပစ်အမြောက် တပ်ရင်း ၃ ရင်းနှင့် အကြီးစားအမြောက်တပ်ရင်း တစ်ရင်းတို့ ပါဝင်၏။ တိုက်ပွဲ… ဝင်နိုင်သည့် စစ်သည်အင်အားမှာ လျော့နည်းလျက်ရှိရာ အင်အား ၄၀၀၀ ခန့်မျှသာ ဖြစ်၏။

ဗိုလ်ချုပ်ကြီး တာနာကာ၏ အမှတ် (၁၈) တပ်…





…သည် အလွန်ကျယ်ဝန်းသော ဟူးကောင်းလွင်ပြင်၌ ပြန့်…ကျက်ရှိရာ တာနာကာသည် ထိုတပ်များကို စုစည်းနိုင်ရန် …ားခဲ့၏။

ပထမဆုံး အမှတ် (၅၆) ခြေလျင်တပ်ရင်းကြီး၏ …ကတပ်များကို တနိုင်းမြစ်ဝှမ်းသို့ ပြောင်းရွှေ့တပ်စွဲစေ…ည်။ အမှတ် (၅၅) ခြေလျင်တပ်ရင်းကြီးနှင့် အမြောက် …ကိုလည်း တနိုင်းမြစ်ဝှမ်းသို့ပင် ပြောင်းရွှေ့ပြီး …အင်အားများကို စုစည်းလိုက်သည်။ အမှတ် (၁၁၄) …လျင်တပ်ရင်းကြီးကိုမူ မြစ်ကြီးနားတွင်ပင် ဆက်လက် …ရှိခဲ့၏။

ဟူးကောင်းဒေသ စစ်ဆင်ရေးအတွက် ထောက်ပံ့ …အခြေခံစခန်းကို မိုးကောင်းတွင်ထားရှိပြီး ခဲယမ်း …ချက် အတော်များများအား ကာမိုင်းသို့ ပို့ထား၏။ …ိုင်းမှ တနိုင်းအထိ ခရီးမှာ ကီလိုမီတာ ၁၄၀ ခန့် …ှာရာ ထရပ်ကားတပ်ခွဲ (၂)ခွဲနှင့် ဝန်တင်တပ်ခွဲ …ဖြင့် ရှေ့တန်းရောက်တပ်များသို့ ထောက်ပံ့ပို့ဆောင် …ည်မှာ မလွယ်ကူလှပါချေ။ ခြေလျင်တပ်သားအချို့ကိုပင် …ောက်ပံ့ပို့ဆောင်ရေးကိစ္စများ၌ အသုံးပြုခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဘွဲ့ယမ်တစ်ဝိုက်တိုက်ပွဲများ

ရှေ့ကာတပ်ဖြစ်သည့် အမှတ် (၅၆) ခြေလျင်တ ရင်းကြီးသည် ထရွန်မြစ်တွင် တိုက်ပွဲဝင်နေသော တပ် ကို စစ်ကူပေးဖို့ကူညီပါသေးသည်။ သို့သော် အကျအဆုံ များစွာဖြင့် ဆုတ်ခွာပေးလိုက်ရသည်။ ဗိုလ်ချုပ်ကြီး တာနာ ကာသည် ထရွန်မြစ်အနီး တိုင်းဖားဂါးသို့ အကွဲကွဲအပြားပြား ရောက်ရှိလာသော သူ၏တပ်များကို ပြန်လည်စုစည်းပြီး ထရွန်မြစ်ကိုဖြတ်၍ ချီတက်လာသော အသစ်ပြန်လည် ဖွဲ့စည်းထားသည့် တရုတ်တို့၏ အမှတ် (၁) တပ်တော်နှ ရင်ဆိုင်တိုက်ပွဲဆင်နွှဲလိုက်လေသည်။ သူသည် လုပ်ဆော ရမည့် လုပ်ငန်းပမာဏနှင့် အချိန်ကာလအတိုင်းအတာ တွက်ချက်ပြီးနောက် ဂျမ်ဘူးခင်တန်းတစ်ဝိုက်မှနေ၍ ရန်သူ တပ်များကို မိုးရာသီတစ်လျှောက်လုံး ထိန်းတိုက်ထားမည်ဟု စီမံချက်ချလိုက်သည်။

ဤစီမံချက်အောင်မြင်ဖို့အတွက် မိုင်းကွမ်နှင့် တိုင်းဖားဂါးတိုက်ပွဲများကို ၅ လ အချိန်ဆွဲပြီး ထိန်း တိုက်ရန် စီစဉ်ခဲ့သည်။ ဗိုလ်ချုပ်ကြီးတာနာကာသည် ကြုံတွေ့နေရသော အခက်အခဲများကို သိထားသည့်ကြား





စစ်ရေးစီမံချက်ကို အဘက်ဘက်မှ ခွဲခြမ်းစိတ်ဖြာ သပ်ပြီးနောက် ဤစီမံချက်အတိုင်း အောင်မြင်နိုင်သည် အတည်ပြုကာ စီမံချက်ကို အပြီးသတ်ရေးဆွဲလိုက် သည်။

ဤစီမံချက်အရ စစ်မျက်နှာဖွင့်ကာ ပထဆုံး တိုက်ပွဲကို တာရီချိုင့်ဝှမ်းနှင့် တိုင်းဖားဂါးအနီးတွင် စတင် သည်။

တစ်ဖက်မှာလည်း ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ တိုက်ပွဲစီမံချက်အရ တိုင်းဖားဂါးရှိ ဂျပန်တို့အား အမှတ် ) တပ်မက အရှေ့ဘက်မှလည်းကောင်း၊ အမှတ် (၂၂) တပ်မ၏ အဓိကအင်အားစုများက မြောက်ဘက်မှ လည်းကောင်း တိုက်ခိုက်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် အမှတ် (၂၂) တပ်မ၏ အစိတ်အပိုင်းအချို့အား ဝမ်တွတ် ချမ်ကို ဖြတ်သန်း၍ တာရီချိုင့်ဝှမ်းသို့ ချီတက်စေပြီး ဂျပန်တို့၏ စစ်နောက်ပိုင်းမှ ဝင်ရောက်တိုက် ခိုက်စေ သည်။

အမှန်အားဖြင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အစီ အစဉ်မှာ ဂျပန်တို့၏ အမှတ် (၁၈) တပ်မကို ဝိုင်းထားပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဖားဂါး၏ အနောက်ဘက်ခြမ်းမှနေ၍ အပြီးအပိုင် ချေမှုန်းသုတ်သင်ရန်ပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးတာနာကာသည် တာရိုချိုင့်ဝှမ်း တစ်ခုလုံးကို ထိန်းထားဖို့ ပထမ ကြိုးစားသည်။ ထို့ကြောင့်ပင် အမှတ် (၅၅) ခြေလျင်တပ်ရင်းကြီး၏ ဌာနချုပ်တပ်နှင့် တပ်ရင်းနှစ်ရင်းအား တရုတ်တို့၏ထိုးစစ်ကို တွန်းလှန်ရန်အတွက် တာရိုချိုင့်ဝှမ်းသို့ စေလွှတ်လိုက်သည်။ နောက်ပိုင်းတွင် အခြေအနေဆိုးရွားလာသဖြင့် တပ်အားလုံးကို ပြန်ဆုတ်စေသည်။ သို့သော်လည်း တပ်ရင်းတစ်ရင်းသာ တိုင်းဖားဂါးသို့ ပြန်ဆုတ်နိုင်တော့သည်။

သူသည် ဂျပန်တို့နှင့် တရုတ်တို့၏အကြား လက်နက်၊ လူသူအင်အား ကွာဟမှုကို ကုစားနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ထိုးစစ်ဆင်ရန်သာ ရှိတော့ကြောင်း ယုံကြည်မိသည့်အလျောက် အရှေ့ဘက်နှင့် မြောက်ဘက်မှ အင်နှင့်အားနှင့် ဖိတိုက်လာသော တရုတ်တပ်များကို တန်ပြန်ထိုးစစ်ဆင်ဖို့ အမိန့်ပေးလိုက်တော့သည်။ ဂျပန်တို့၏ တန်ပြန်ထိုးစစ်မှာ အခိုက်အတန့်အားဖြင့်သာ တရုတ်တို့၏ချီတက်မှုကို ဟန့်တားနိုင်ခဲ့သည်။





တရုတ်တပ်များ တိုင်းဖားဂါးတောင်ဘက်ရှိ ယောင်ဘန်းသို့ ချီတက်လာပြီးနောက် ဂျပန်တို့အား နောက်ကျောမှ တင်တိုက်ခိုက်သည့်အခါ ဂျပန်တို့မှာ တဖြည်းဖြည်း အဝိုင်းခံရသည့် အနေအထားသို့ ရောက်ရှိလာခဲ့လေသည်။ ထို့ကြောင့် အမှတ် (၁၈) တပ်မသည် အလှည့်အပြောင်းလုပ်ရတော့မည့် အခြေအနေနှင့် ရင်ဆိုင်ရပေတော့သည်။

အမေရိကန်နှင့် တရုတ်တပ်များ ဖိ၍တိုက်မှုကြောင့် ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းတွင် ဗိုလ်ချုပ်ကြီးတာနာကာသည် သူ၏တပ်များကို မိုင်းကွမ်သို့ ဆုတ်ခွာရန် ဆုံးဖြတ်လိုက်သည်။ ယခုဆုံးဖြတ်ချက်သည် မူလစီမံချက်အတိုင်း မဟုတ်သော ဆုံးဖြတ်ချက်ဖြစ်သည်။ မူလစီမံချက်အရဆိုပါက မတ်လကုန်အထိ တိုင်းဖားဂါးကို ထိန်းထားရန်ဖြစ်သည်။

ပွဲဦးထွက်တိုက်ပွဲများတွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ဆုံးရှုံးမှုမှာလည်း မသေးလှပါ။ အထူးသဖြင့် ဂျပန်တို့နှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဆင်နွှဲရသည့် အမှတ် (၃၈) တပ်မသည် အထိနာခဲ့သည်။ အမှတ် (၃၈) တပ်မ အထိနာသည်ဆိုရာတွင် ၎င်းတပ်မတွင် ပါဝင်သော အမှတ်



www.burmeseclassic.com

www.burmeseclassic.com



(၁၁၂) ခြေလျင်တပ်ရင်းကြီးမှာ အဆိုးရွားဆုံးဖြစ်၍ ဖန်း ဝါရီ လကုန်လောက်တွင် လူစားလဲလှယ် ဖြည့်တင်းမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးခဲ့ရသည်။ အမှတ် (၁၁ ခြေလျင်တပ်ရင်းကြီးတွင်လည်း အကျအဆုံးများပြားခဲ့ရာ တပ်ခွဲအဆင့် အရာရှိများနှင့် တပ်သား စုစုပေါင်း ၆ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပေသည်။

ဂျပန်တို့၏ အမှတ် (၁၈) တပ်မသည် စစ်မျက်နှာ ၃ ဖက်မှညှပ်၍ အပြင်းအထန်တိုက်ခိုက်နေရသည့် ကြားမှပင် မိုင်းကွမ်ထိ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့သည်။ ထိုမျှလောက် ဖိ၍အတိုက်ခံနေရသည့်ကြားမှ အောင်မြင်စွာ ဆုတ်ခွာနိုင်မှုနှင့် ပတ်သက်၍ သုံးသပ်ကြည့်လျှင် အောက်ပါ ဖြစ်နိုင်စရာအကြောင်း ၃ ရပ်ကို တွေ့ရပေသည်။

(က) တရုတ်တပ်များတွင်လည်း အကြီးအကျယ် ထိခိုက် ကျဆုံး မှုများ ရှိနေခြင်း၊

(ခ) မိုးကြီးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများ ပျက်စီးခဲ့ရာ ဆုတ်ခွာသူတို့အတွက် သွားလာရန် လွယ်ကူသော်လည်း တရုတ်တပ်များအား နောက် ပိုင်းမှ ပြန်လည်ထောက်ပံ့ရန် အလွန်ခက်ခဲနေခြင်း၊





(ဂ) အမေရိကန်နှင့် တရုတ်တပ်များအနေဖြင့် တောင် ဘက်သွား ထွက်ပေါက်အားလုံးကို ပိတ်ဆို့ ဖြတ်တောက် မထားနိုင်ခြင်း။

**မိုင်းကွမ်တစ်ဝိုက်တိုက်ပွဲများ**

ဗိုလ်ချုပ်ကြီးတာနာကာသည် နောက်ထပ်တိုက်ပွဲ နေရာအဖြစ် မိုင်းကွမ်ကို သတ်မှတ်လိုက်သည်။ ထို နေရာကား တနိုင်းမြစ်နှင့် ဝမ်တွတ်ဘွမ်ကြားတွင် တည်ရှိ ပြီး ဘေးနံ့နှစ်ဖက်လုံခြုံမှုအတွက် စိတ်ချရသည်။ သို့သော် ရှေ့မျက်နှာစာကျယ်ပြီး သစ်တောထူထပ်ခြင်းမရှိ။ ထို့ ကြောင့် တရုတ်တင့်ကားတပ်များ ချီတက်တိုက်ခိုက်ရန် အတွက် အခြေအနေကောင်းနေသည်။ ယင်းသို့ တရုတ် တပ်များအတွက် အခွင့်ကောင်းရှိလင့်ကစား အမှတ် (၁၈) တပ်မသည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တပ်များကို ဤ နေရာမှာပင် ခံစစ်ဆင်၍ အပြုတ်တိုက်ရန် ဆုံးဖြတ်လိုက် သည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် တိုင်းဖားဂါးတစ်ဝိုက် တွင် အမှတ် (၁၈) တပ်မအား အပြတ်သုတ်သင်နိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကောင်းကို လက်လွှတ်သွားခဲ့ရကား ယခုအကြိမ် ရှားဒူဇတ်အနီး မြောက်ပိုင်းဒေသတွင် အမှတ် (၁ တပ်မကို သေချာပေါက်ချေမှုန်းသုတ်သင်ရန် ဆုံးဖြတ် လေသည်။ သူ၏စစ်ဆင်ရေး စီမံချက်အရ အမှတ် (၂ တရုတ်တပ်မနှင့် အမှတ် (၃၈) တရုတ်တပ်မ၏ အဓိက အင်အားစုများက ရှေ့မျက်နှာစာမှ ဝင်ရောက်တိုက်ခိုက်ရ ဖြစ်သည်။ အမေရိကန်အမှတ် (၅၃၀၇) ခြေလျင် တပ်ရင်းကြီးနှင့် အမှတ် (၃၈) တပ်မမှ အမှတ် (၁၁ ခြေလျင်တပ်ရင်းကြီးတို့က အရှေ့ဘက်ရှိတောင်များ ဖြတ်ကျော်လျက် ရှားဒူဇတ်ကို ဖောက်ဝင်ပြီး ဂျပန် တပ်များ၏ ခံစစ်ကျောနောက်ပိုင်းကို ဖြတ်တောက်ရန် ဖြစ်သည်။

အမှတ် (၅၃၀၇) ခြေလျင်တပ်ရင်းကြီးသည် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် စတင်ချီတက်ခဲ့သည်။ ရင်းတပ်ရင်းသည် ဂျပန်တို့တပ်စွဲနေရာ၏ အရှေ့ဘက်ဖျား မှ ချီတက်ပြီး ရှားဒူဇတ်ကို ချဉ်းကပ်ခဲ့သည်။ သို့သော် ဖေဖော်ဝါရီလ ၂၈ ရက်သို့ရောက်သောအခါ ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် မူလအစီအစဉ်ကို ပြောင်းလိုက်ပြီး အဆိုပါ





ရှားဒူဇတ်သို့ ချီတက်နေသော ခြေလျင်တပ်ရင်းကြီးကို ဂျပန်တို့ တပ်စွဲထားသည့် စခန်းများနှင့် ပို၍နီးသော မိုင်းကွမ်တောင်ဘက်ရှိ ဝလောဘွမ်သို့ အပြင်းချီတက်ရန် အမိန့်ပေးလိုက်လေသည်။

မတ်လ ၂ ရက်နေ့ရောက်သောအခါ အမှတ် (၅၃၀၇) အမေရိကန်ခြေလျင်တပ်ရင်းကြီးသည် ဝလော ဘွမ် အရှေ့မြောက်ဖျားသို့ ချီတက်ပြီးနောက် ဝလောဘွမ် ကို သိမ်းပိုက်လိုက်သည်။ ဝလောဘွမ်ကို ဖြတ်သန်း၍ တောင်ဘက်နှင့် မြောက်ဘက်သို့ ဖောက်သည့်လမ်းကို လည်း ဖြတ်တောက်ပစ်လိုက်သည်။ ဤအချိန်အတွင်း မတ်လ (၃) ရက်နေ့ရောက်သည့်အခါ အမှတ် (၂၂) တရုတ် တပ်မက တင့်ကားများ အကူအညီဖြင့် ဂျပန်တို့အား ထိုးစင်ဆင်လိုက်၍ မိုင်းကွမ်တွင် တိုက်ပွဲစတင်ဖြစ်ပွား တော့သည်။

ဗိုလ်ချုပ်ကြီး တာနာကာသည် စစ်ရေးအရ အချက်အချာကျသော သူတို့၏နောက်ကျောရှိ ဝလော ဘွမ်ကို ရန်သူများ သိမ်းပိုက်ထားကြောင်း သိသည့် အလျောက် ရှေ့မျက်နှာစာရှိ တရုတ်တပ်များကို အင်အား



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းဖြင့် ခုခံရန်နှင့် ဝလောဘွမ်ကို သိမ်းထားသည့် အမေရိကန်နှင့် တရုတ်တပ်များကို လူအင်အားသုံး၍ စစ်ဆင်ရန် မတ်လ ၃ ရက်နေ့တွင် ဆုံးဖြတ်လိုက်သည်။ ထိုသို့ဆုံးဖြတ်သည့်အတိုင်း ထိုနေ့ညဘက်တွင် အမှတ် (၁၈) တပ်မ၏ အဓိကအင်အားစုသည် အမှောင်ထု၏ အကာအကွယ်ရယူလျက် ထိုနေရာမှ ခွာစစ်ဆင်၍ ဝလောဘွမ်သို့ အလုံးအရင်းဖြင့် ချီတက်ခဲ့လေသည်။

ဝလောဘွမ်သို့ရောက်ရှိရန်အတွက် အမှတ် (၁၈) တပ်မသည် နမ့်ဖြူမြစ်ကို ဖြတ်ကူးမည်ဖြစ်သည်။ ထိုလမ်းကြောင်းတစ်လျှောက် တစ်ခုတည်းသော ဤအဓိကတံတားမှာ ရန်သူတို့၏လက်တွင်းသို့ ကျရောက်ပြီး ဖြစ်နေပေပြီ။ စစ်မြေပြင်ထောက်လှမ်းရေးတပ်ဖွဲ့များသည် ထိုတံတားမှတစ်ပါး အခြားဖြတ်ကူးရန် လမ်းကို ရှာမတွေ့တော့ပါ။ ဤသို့သော အခြေအနေတွင် ဂျပန်တို့သည် မြောက်ဘက်မှ တင့်ကားတပ်များ၏ တိုက်ခိုက်ခြင်းကိုလည်း ခံနေရပေသည်။

ဂျပန်ပင်မတပ်ဖွဲ့ကြီး၏ ရှေ့ရုံတပ်ဖြစ်သော အမှတ် (၅၆) ခြေလျင်တပ်ရင်းကြီးသည် တံတားကို သိမ်းပိုက်





ထားသော ရန်သူများအား တိုက်ခိုက်၍ တံတားကို ပြန်လည်သိမ်းယူသည်။ ထို့နောက် မတ်လ ၄ ရက်နေ့၌ ဝလောဘွမ်ကို ထိုးစစ်ဆင်သည်။ ထိုးစစ်အရှိန် ပြင်းထန်သော်လည်း ဝလောဘွမ်မှ တရုတ်တို့ကို မောင်းထုတ်ခြင်း မပြုနိုင်ခဲ့ပေ။ တစ်ချိန်တည်းမှာပင် အမှတ် (၅၅) ခြေလျင်တပ်ရင်းကြီးသည် နမ့်ဖြူမြစ်အနောက်ဘက်တွင် နေရာယူလျက် အမှတ် (၁၈) တပ်မ၏ အဓိကအင်အားစုပြီး တံတားပေါ်မှ ဖြတ်ကူးသည်ကို အကာအကွယ် ပေးနေရသည်။ ဖြတ်ကူးသူများထဲ၌ တပ်မမှူး ဗိုလ်ချုပ်ကြီး တာနာကာကိုယ်တိုင် ပါဝင်ခဲ့၏။

မတ်လ ၅ ရက်နေ့၌မူ စတီးဝဲလ်ဘက်မှ လေကြောင်းပစ်အကူ အမြောက်ပစ်ကူများနှင့်အတူ တင့်ကားများကိုပါ အသုံးပြုကာ ထိုးနက်တိုက်ခိုက်လာ၏။ နမ့်ဖြူမြစ်တောင်ဘက်ရှိ တပ်မဌာနချုပ်ပင် အမြောက်များဖြင့် အပစ်ခံလာရသည်။ ဝလောဘွမ်တစ်ဝိုက်၌ တိုက်ပွဲများ ပြင်းထန်လျက်ရှိပြီး အမေရိကန်နှင့် တရုတ်တပ်များက တပ်မ (၁၈) အား ဝိုင်းပတ်ထားပြီး ဝိုင်းပစ်မှုမှာ ပိုမိုတင်းကြပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းခံနေရသော တပ်မ (၁၈) အား ၎င်း
အင်ဂျင်နီယာတပ်ရင်းမှ ဝလောဘွမ်အနောက်ဘက်
တောကြီးကို လမ်းဖောက်ခါ တောင်ဘက်သို့ တောထ
ကြီးကို ဖြတ်၍ထွက်ခွာနိုင်ရန် ဆောင်ရွက်ပေးခဲ့၏။
တောကြီးအတွင်း ၁၀ ကီလိုမီတာခန့် မျက်ကွယ်ဖြင့် ချီတ
ခဲ့ပြီး လမ်းမကြီးသို့ ဖောက်ထွက်နိုင်ခဲ့၏။ တပ်မမှ
သူ့တပ်အားလုံးကို ထိုတောလမ်းမှပင် ဆုတ်ခွာစေခဲ့သည်။
ဤသို့အားဖြင့် အမှတ် (၃၈) တရုတ်တပ်မက ဝလော
ဘွမ်ကို သိမ်းပိုက် ရရှိသွားတော့၏။

ထိုနေ့ကား မတ်လ ၇ ရက်နေ့တည်း။

ဝလောဘွမ်တွင် တိုက်ပွဲများ ပြင်းထန်နေချိန်
အမှတ် (၅၅) ခြေလျင်တပ်ရင်းကြီးမှ တပ်များသည် တာ
ချိုင့်ဝှမ်းမှ ပြန်ဆုတ်လာရာ တာ့ရှိဘွမ်တွင် ထပ်ကြ
လိုက်စစ်ဆင်သည့် တရုတ်တပ်များနှင့် တွေ့ဆုံတိုက်ခို
ဖြစ်ပွားတော့၏။ တာ့ရှိဘွမ်မှာ ဝလောဘွမ်၏ အနောက်
တောင်ဘက် ကီလိုမီတာ ၄၀ အကွာရှိ ရွာကလေး
တစ်ရွာဖြစ်လေသည်။





## တ်ပတ်ဝန်းကျင်တိုက်ပွဲများ

ဝလောဘွမ်မှ ခက်ခက်ခဲခဲ လွတ်မြောက်လာခဲ့
သော ဂျပန်အမှတ် (၁၈) တပ်မသည် ဝလောဘွမ်
တောင်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာရှိ ဂျမ်ဘူးခင်တန်း
သို့ ဆုတ်ခွာခဲ့လေသည်။

တပ်မသည် ခရီးပြင်းချီတက်ခဲ့ရပြီး တိုက်ပွဲများ
ဆက်မပြတ် ဖြစ်ပွားခဲ့ရာ ဖျားနာသူ ခရီးပန်း ထိခိုက်
ရရသူများကြောင့် တိုက်ခိုက်ရေးအင်အားမှာ တပ်ခွဲ
စ်ခွဲလျှင် လူ ၅၀ ခန့်သာ ကျန်တော့၏။ သို့ရာတွင်
တို့၏ရည်မှန်းချက်တာဝန်မှာ ပြောင်းလဲမသွားခဲ့ချေ။
ခုနှစ်၊ မတ်လ ၁၅ ရက်တွင် စတင်မည့် UGO
စစ်ဆင်ရေး အင်ဖာထိုးစစ်ကြီး လုံးဝပြီးဆုံးသည်အထိ
ဟာမိတ်တပ်များ၏ ချီတက်လာမှုကို ဤ ဒေသတစ်ဝိုက်မှ
ထက်နိုင်ဆုံး ဟန့်တားထားရန်ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီး တာနာကာ ခံစစ်ယူရန် ရွေးချယ်
ထားသည့် ဂျမ်ဘူးခင်တန်းသည် ဟူးကောင်းတောင်ကြား
ထယ်ဗဟိုတွင် တည်ရှိ၏။ တောင်ဘက်သို့ စီးဆင်း
သော မိုးကောင်းမြစ်နှင့် မြောက်ဘက်သို့ စီးဆင်း



www.burmeseclassic.com

www.burmeseclassic.com



နေသော တနိုင်းမြစ်တို့အကြား၌ ဖြစ်၏။

မူလစီမံချက်အရဆိုပါက မိုးရာသီ ကာလတစ်ခုလုံး တပ်မ (၁၈) ကို ဂျမ်ဘူးခင်တန်းတွင် တပ်စွဲထားရန် ဖြစ်၏။ သို့ရာတွင် မမျှော်လင့်ဘဲ ရန်သူ၏ ဘက်ပေါင်းစုံ ထိုးနှက်လာမှု၊ လေကြောင်းအကူနှင့် တင့်ကားများပါ အသုံးပြုလာမှုများကြောင့် အခြားနေရာများမှ တပ်များပါ ဆုတ်ခွာခဲ့ရ၍ ဤဒေသသို့ ၂ လခန့်စောပြီး ရောက်ခဲ့ရ၏။

စတီးဝဲလ်၏ အမေရိကန်တပ်နှင့် တရုတ်တပ်များသည် လေကြောင်းအကူထောက်ပံ့မှုကြောင့် မူလက ခက်ခဲမည်ဟု ယူဆထားသည့် တောတွင်းခရီးကြမ်းအား အခက်အခဲ သိပ်မတွေ့ရဘဲ ကျော်ဖြတ်နိုင်ခဲ့၏။ တိုက်ပွဲဝင်ကိုလည်း စိတ်ကြိုက်ရွေးချယ်နိုင်ခဲ့၏။ ရဲရဲတင်းတင်း ပစ်ကူများဖြင့် လှုပ်ရှားစစ်ကစားနိုင်ခဲ့သည်။ ဒေသခံများ၏ အကူအညီလည်း ရခဲ့၏။ ဒေသခံများမှ သတင်းပေးခြင်း လမ်းပြခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြ၏။

ဂျပန်တို့ဘက်မှာမူ ပြည်သူများထံမှ ဘာအကူအညီမှ မရသည့်အပြင် လေကြောင်းအကူဆိုသည်မှာ လုံးဝမရှိသလောက် ဖြစ်ခဲ့၏။ ထို့ကြောင့် တပ်မမှူး





ဗိုလ်ချုပ်ကြီးတာနာကာက ဂျမ်ဘူးခင်တန်း၌ ကြားခံစစ်နေရာ တည်ဆောက်၍ တပ်အနည်းသာထားပြီး ပင်မခံစစ်အား ရှားဒူဇတ်၌ တပ်စွဲရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုဒေသမှာ ချောင်းငယ် မြောင်းငယ်များဖြင့် သဘာဝအတားအဆီးများရှိသောကြောင့် ခံစစ်နယ်မြေအဖြစ် သတ်မှတ်ရန် ကောင်းလေသည်။

မတ်လလယ် တိုက်ပွဲများတွင် အမှတ် (၁၈) ဂျပန်တပ်မမှာ ဆက်တိုက်ဆိုသလို ဆုတ်ခွာနေရ၏။ ဗျူဟာပြတ်လတ်ပြီး ထောက်ပံ့နှင့် ပို့ဆောင်ရေးပြဿနာများကြောင့် တိုက်ပွဲဝင်စစ်သည်တို့မှာ စိတ်ဓာတ်ကျဆင်းနေကြ၏။ တပ်မမှူးကိုယ်တိုင် စစ်သည်များကို စိတ်ဓာတ်မြှင့်တင်ပေးနေရလေသည်။

အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကား ဝလောနှစ်တွင် ဂျပန်တို့အား အပြီးအပိုင်မချေမှုန်းနိုင်ဘဲ လက်လွှတ်သွားခဲ့သဖြင့် မကျေမနပ်ဖြစ်နေ၏။ ယခုတစ်ကြိမ်တွင် အပြီးအပိုင် လက်စတုန်း သုတ်သင်ချေမှုန်းကာ ဟူးကောင်းတောင်ကြားစစ်ဆင်ရေးကို အပြီးသတ်ရန် ဆုံးဖြတ်ထား၏။ ကြိုးစားမှုကို နှစ်ဆတိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မဟာဗျူဟာအရ ဂျပန်တပ်မကို ဆုတ်လမ်းမရှိအောင် ဖြတ်ပစ်ရန်အတွက် နေရာနှစ်နေရာ ရွေးထား၏။

**ပထမနေရာ ရှားဒူဇတ်တောင်ခြမ်းဒေသ**

**ဒုတိယနေရာ အင်းကန်တော်ဒေသ**

**ပထမနေရာအတွက်**

အမှတ် (၃၈) တရုတ်တပ်မမှ ခြေလျင်တပ်ရင်းကြီးတစ်ရင်း။

အမှတ် ၅၃၀၇ အမေရိကန်တပ်ရင်းကြီးမှ ဂါလာဟတ်တပ်ရင်း

**ဒုတိယနေရာအတွက်**

အမှတ် (၃၈) တရုတ်တပ်မမှ ကျန်ခြေလျင်တပ်ရင်းများ

အမှတ် ၅၃၀၇ အမေရိကန် တပ်ရင်းကြီးမှ ကျန်တပ်ရင်းများအားလုံး





အမေရိကန်နှင့် တရုတ်တပ်များက ဂျပန်တို့၏ နောက်ကျောကို ပတ်၍ နဂါးပတ်တိုက်စစ်ဆင်ချိန်တွင် အမှတ် (၂၂) တရုတ်တပ်မက အဓိကလမ်းမကြီးအတိုင်း …စ်ဝန်ရိုးပြုကာ ချီတက်လာပြီး ဂျပန်တပ်များကို ရှေ့တည့်တည့်မှ **Frontal Attack** တိုက်ရန်ဖြစ်လေသည်။

မတ်လ ၂၀ ရက်နေ့ နေ့လယ်ပိုင်းတွင် အမှတ် (၂၂) တရုတ်တပ်မ၏ ခြေလျင်တပ်ရင်းကြီးတစ်ရင်း နှင့် အမှတ် ၅၃၀၇ အမေရိကန် ခြေလျင်တပ်ရင်းကြီး၏ အဓိကအင်အားစုများသည် ဝလောဘွမ်မှ ချီစစ်ကို ဆင်တော့၏။

မတ်လ ၂၄ ရက်နေ့တွင် အင်းကန်တောင်သို့ ရောက်ရှိကာ ဂျပန်ကြားခံစစ်တစ်ခုကို စတင်တိုက်ခိုက်တော့၏။ စစ်ကြောင်းမှူးမှ တိုက်ပွဲကာလမှာပင် ၅၃၀၇ တပ်ရင်းကြီးမှူးဗိုလ်ချုပ်မဲရီးလ်ထံမှ အောက်ပါအတိုင်း ကြေးနန်းတစ်စောင် လက်ခံရရှိတော့၏။

"ရန်သူခြေလျင်တပ်ရင်းနှစ်ရင်း မိုးကောင်းမှ မြောက်ဘက်သို့ ချီတက်လျက်ရှိကြောင်း သတင်းရ၍။ မကြာမီအတွင်း သင်တို့ထံ ရောက်ရှိနိုင်။ သင်တို့အား



www.burmeseclassic.com

www.burmeseclassic.com



ရန်သူမှနှစ်ဖက်ညှပ် ကျူးသွင်း အတိုက်မခံရရေး ဂရုပြ
ဆောင်ရွက်ရန်''

ထိုကြေးနန်းကို ရသည့်အခါ အမေရိကန် စစ်ကြောင်းမှူးက အတိုက်ရပ်၍ အင်းကန်တောင်မှ ပြန်လည် ဆုတ်ခွာသွားတော့၏။

**ဂျပန်တို့ခွာစစ်ဆင်ရခြင်း**

အမှတ် (၁၈) ဂျပန်တပ်မ၏ ပင်မတပ်ဖွဲ့များသည် အင်အားစုစည်းလျက် ရှေ့တည့်တည့်မှတိုက်နေ သော အမှတ် (၂၂) တရုတ်တပ်မအား အစွမ်းကုန်ခုခံလျက်ရှိ တိုက်ပွဲကာလမှာ မတ်လ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့ထိ ၂ ပတ်ကျော် ကြာမြင့်ခဲ့၏။ မတ်လ ၁၃ ရက်နေ့တွင် ရှားဒူဇတ်ကို ချီတက်ရန် အမိန့်ရထားသည်။ တရုတ် အမေရိကန် ပူးပေါင်းတပ်ဖွဲ့သည် ရှားဒူဇတ်တောင်ဘက် သို့ ခက်ခက်ခဲခဲ တောတိုးရောက်ရှိသွားကြ၏။ သူတို့ သည် လမ်းတွင် ရက်အနည်းငယ်ကြာခဲ့ကြပြီး မတ်လ ၂၇ ရက်နေ့ မနက်တွင်မှ ရှားဒူဇတ် တောင်ဘက်လမ်း ကြီးပေါ်သို့ ရောက်ရှိကြပြီး ဂျပန်ကင်းတပ်ဖွဲ့အား မောင်း





ဆုတ်ကာ နေရာယူလိုက်ကြ၏။

ဂျပန်တပ်ကို ရှေ့နောက်ပိုင်းမိပေပြီ။

ထိုအချိန်မှာပင် တရုတ်တပ်ဖွဲ့တချို့က ညာဘက် ထွက်၍ ဂျပန်တပ်မကို တိုက်ကြပြန်၏။ အနီးကပ် ထွေး လုံး ရစ်ပတ်တိုက်ပွဲများဖြစ်ရာ သူ့လူကိုယ့်လူ ခွဲခြား ရသည်အထိ ဖြစ်ခဲ့၏။

ဂျပန်တပ်မတစ်ခုလုံး တပ်ပေါင်းစုံမှ ဝိုင်းဝန်း ထိုး အတိုက်ခံရရာ တပ်မှူးတာနာကာက သူ့လက် အောက်ခံတပ်အားလုံးကို မိမိတို့အစီအစဉ်ဖြင့် မိမိတို့ လွတ်ရာကျွတ်ရာသို့ အလျင်အမြန် ဖောက်ထွက် ခွာစစ် ဆင်ရန် အမိန့်ပေးလိုက်ရတော့၏။ တောင်ဘက်မှ ဒိုက် ထားသဖြင့် အများစုမှာ အနောက်ဘက် တောတွင်း သို့ ဝင်ရောက်ကာ အစုငယ်လေးများခွဲ၍ ဖောက်ထွက် သွားပြီး ထိုမှတစ်ဆင့် တောင်ဘက်လွတ်ရာကျွတ်ရာသို့ ဆက်လက်ဆုတ်ခွာသွားကြလေသည်။

**မိုးကောင်းချောင်းများတိုက်ပွဲများ**

ကာမိုင်းမြို့ကလေးသည် မိုးကောင်းချောင်းများ



www.burmeseclassic.com

www.burmeseclassic.com



တွင်ရှိ၏။ ကာမိုင်း၏မြောက်ဘက်၌ ရွာဒူဇတ်နှင့် ဝရဇတ်တို့ရှိသည်။ ထိုနေရာသုံးခုလုံးသည် စတီးဝဲလ်နှင့် တရုတ်တပ်များဆင်းလာမည့် လမ်းကြောင်းလည်း ကျ နေ၏။ ထို့ကြောင့် ဤဒေသမှနေ၍လည်း ဂျပန်တပ် အတွက် ဟန့်စစ်ဆင်ရန် လိုပေသည်။ မိုးကောင်းချောင်း များတွင်ကား ရွှံ့နွံ့များ ထူထပ်သောတောကြီးများ ရှိ သည်။

ဗိုလ်ချုပ်စတီးဝဲလ်၏ မဟာမိတ်တပ်များကို ဟန့် တားတိုက်ခိုက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင် ရသော်လည်း ဗိုလ်ချုပ်ကြီးတာနာကာသည် ရွာဒူဇတ်မှ ဆုတ်ခွာစဉ်အတွင်း မြန်မာပြည်ရှိ ဂျပန်တပ်များ၏ ဦးစီး ချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးကာဝါဘီ၏ ညွှန်ကြားချက် များအတိုင်း ဆက်လက်ဆောင်ရွက်နေရလေသည်။ ဗိုလ်ချုပ်ကြီးကာဝါဘီက စစ်ကူတပ်ရင်း ၂ ရင်း ၃ ရင်း ပို့ပေးမည်ဟု အကြောင်းကြားခဲ့သည်။

ဗိုလ်ချုပ်ကြီး တာနာကာသည် နောက်ထပ် ဟန့်စစ်ဆင်မှုကို ဝလမှ မရကောဆီ တောက်လျှောက်ပြု လုပ်ရန် စဉ်းစားလိုက်သည်။ သို့သော် နောက်ထပ် အချိန်





ရရှိစေရန်အတွက် ရန်သူများ မြောက်ဘက်သို့ ထွက် သွားစေရန်နှင့် ဝလတွင် ရှေ့နောက်တန်းလျက် ပြို ဆင်းလာစေရန် အစီအစဉ်ချလိုက်သည်။

ဂျပန်အမှတ် (၁၈) တပ်မ၏နောက်ကျောဘက်သို့ ဦးတည်လျက် မိုးကောင်းမြစ်အရှေ့ဘက်ရှိ တောင်များကို ဖြတ်၍ ဆီတက်လာသော အမေရိကန်နှင့် တရုတ်တပ်များ ၏ အန္တရာယ်ကို ဗိုလ်ချုပ်ကြီးတာနာကာ များစွာစိုးရိမ် နေသည်။ ဤသို့နောက်ကျောဘက်မှ ခြိမ်းခြောက်လျက် ရှိသော အန္တရာယ်ကို ကြိုတင်တားဆီးရန်အတွက် လော လောဆယ် တိုက်ပွဲဝင်နေရသော တပ်တစ်ခုခုကို ခွဲ၍ ထွက်စေရန်မှာလည်း ခွဲပေးရန် အင်အားမရှိ၍ မတတ် သာဘဲဖြစ်နေသည်။ အကျပ်အတည်းကြားမှပင် သူသည် မြစ်ကြီးနား မြို့စောင့်တပ်ဖြစ်သော အမှတ် (၁၁၄) ခြေလျင်တပ်ရင်းကြီးမှ တပ်ရင်းတစ်ရင်းကို စိတ်မပါ့တပါ နှင့် ဆွဲထုတ်လိုက်ရသည်။ ဤတပ်ရင်းကို အမှတ် (၁၁၄) ခြေလျင်တပ်ရင်းကြီး၏ တပ်မှူးအား ကွပ်ကဲစေပြီး ဝလ အနောက်ဘက်ရှိ တောင်များကို ဖြတ်ကျော်၍ တန်ပြန် ထိုးစစ်ဆင်စေသည်။ ဤတပ်ရင်းသည် မဟာမိတ်တပ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် မယှဉ်သာအောင် အင်အားနည်းနေသည်။ ထို့ပြင် နောက်ပိုင်းမှ လိုအပ်သော ထောက်ပံ့မှုကိုလည်း လုံး မရသဖြင့် တိုက်စွမ်းရည် တစ်ဟုန်ထိုး ကျဆင်းသွား တော့သည်။

တစ်ချိန်တည်းမှာပင် ရှားဒူဇတ်နှင့် ဝရဇော် တပ်ရင်း လမ်းကြောင်းသို့ ဆုတ်ခွာလာသော ဂျပန်တပ် များမှာလည်း အမေရိကန်နှင့် တရုတ်များ၏ လိုက်လံ တိုက်ခိုက်မှုကို အဆက်မပြတ်ခံနေရသည်။

ဂျပန်တို့သည် ဝလ–မရကောလမ်းကြောင်းထိ တိုက်ထုတ်ခံရသည်။ ထိုနေရာကား အမှတ် (၁၈) တပ် အနေဖြင့် မေလ ထိုးစစ်ဆင်မည့်အချိန်ထိ ထိန်းထား လိုသော နေရာဖြစ်သည်။ ဤအခြေအနေများကြား ရည်ရွယ်ချက်အတိုင်း ထမြောက်ဖို့ဆိုပါက ဖြစ်နိုင်စရာ များစွာခဲယဉ်းပေသည်။ ဗိုလ်ချုပ်ကြီးတာနာကာသည် တိုက်ခိုက်ရေးတပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ် စေ တိုက်ပွဲဝင်စေသည်။ မော်တော်ယာဉ်တပ်၊ ဆေးတပ်၊ ဆက်သွယ်ရေးတပ်နှင့် အခြားဝန်ထမ်းတပ်များကိုပါ ခြေလျင်တပ်များကဲ့သို့ တိုက်ခိုက်ရေးတွင် အသုံးပြုခဲ့သည်။

မြရတနာစာပေ



ဤသို့ ကြိုးပမ်းခဲ့သည့်ကြားမှပင် မေလအထိ ထိန်းမထား နိုင်တော့ချေ။

အမှတ် (၂၂) တရုတ်တပ်မက မြောက်ဘက်မှ တိုက်သည်။ အမှတ် (၃၈) တရုတ်တပ်မက အရှေ့ဘက် မှ တိုက်သည်။ အခြားအင်အားကြီးသော တပ်များက အနောက်ဘက် တောင်ကုန်းများမှနေ၍ မရတောကို တိုက်ကြလေသည်။

ဂျပန်တပ်များသည် ထိုလမ်းကြောင်းကို ဧပြီလ (၁၃) ရက်နေ့က နေရာယူတပ်စွဲထားခဲ့သည်။ အမေရိ ကန်နှင့် တရုတ်တပ်များသည် ခက်ရင်းခွ သဏ္ဌာန် လမ်းကြောင်း သုံးကြောင်းနှင့် ဤဂျပန်ခံစစ်ကြောင်းကို ဧပြီလ (၁၆) ရက်နေ့မှစ၍ ထိုးစစ်ဆင်ခဲ့သည်။ တိုက်ပွဲဝင် မဟာမိတ်တပ်များကို လေတပ်မှလည်းကောင်း၊ တင့်ကား တပ်မှလည်းကောင်း အနီးကပ် ပစ်ကူပေးခဲ့သည်။ ဂျပန် တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အင်အား တစ်ဝက်ကျော်မှာ ထိခိုက် ဒဏ်ရာရသူရ၊ ကျဆုံးသူကျဆုံးဖြစ်ကုန်သည်။ ကျန်ရှိသော သူများမှာလည်း ရုပ်ပိုင်းနှင့် စိတ်ပိုင်းအခြေအနေ အလွန် ဆင်း ကျဆင်းနေကြသည်။ ဤအခြေအနေများကြားမှ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်တပ်များ၏ ချီတက်မှုကို ရက်ပေါင်း (၄၀) ကြာအောင် ထိန်းထားနိုင်ခြင်းသည် အလွန်မှတ်သား... ကျူးဖွယ် ကောင်းလှပေသည်။

ဂျပန်တို့၏ အမှတ် (၁၈) တပ်မသည် တ... ပြည် ယူနန်နယ်တွင် တိုက်ပွဲဝင်နေသော အမှတ် (၅၆) တပ်မမှ အမှတ် (၁၁၆) ခြေလျင်တပ်ရင်းကြီး၏ ခြေလျင် တပ်ရင်း ၂ ရင်း ဧပြီလ ၂၅ ရက်နေ့တွင် ရောက်... လာ၍လည်းကောင်း၊ အမှတ် (၂) တပ်မမှ အမှတ် (၄...) ခြေလျင်တပ်ရင်းကြီး၏ ခြေလျင်တပ်ရင်း ၂ ရင်း မေ... အလယ်တွင် ပူးပေါင်းကူညီ၍လည်းကောင်း စစ်အ... အထိုက်အလျောက် ရရှိလာခဲ့သည်။ ဗိုလ်ချုပ်ကြီး... တာနာကာသည် ချက်ချင်းပင် စစ်ကူရောက်လာသော တပ်ရင်းများကို အရှေ့ဘက်တောင်များနှင့် မရ... အနောက်ဘက်နယ်မြေတို့တွင် ချီတက်လျက်ရှိသော တရုတ်တပ်များကို တန်ပြန်ထိုးစစ်ဆင်ရန် တာဝန်... စေလွှတ်လိုက်သည်။ ဤသို့စစ်ကူများဖြင့် တန်ပြန်ထိုး... ဆင်သော်လည်း လက်ရှိယိုယွင်းနေသော အခြေအနေ... အဖတ်မဆယ်နိုင်ခဲ့ချေ။ မေလ ၁၇ ရက်နေ့တွင် မြစ်ကြီးနား...





ရှိ ဂျပန်တပ်များသည် အင်အားကြီးမားသော မဟာမိတ် လေထီးတပ်များနှင့် မြေပြင်တပ်များ၏ အလုံးအရင်းနှင့် တိုက်ခိုက်မှုကို ခံရလေသည်။ ထိုအချိန်တွင် အင်ဖာထိုး စစ်ကြီးလည်း အောင်မြင်မှုရှိတော့မည် မဟုတ်ကြောင်း သိသာလာပေသည်။ ထို့ပြင် အမှတ် (၁၈) တပ်မအနေဖြင့် အမှတ် (၁၅) တပ်တော်မှ စစ်ကူများရနိုင်ရန်လည်း မျှော်လင့်ချက် မရှိတော့ချေ။

**အမှတ်(၁၈)တပ်မ၏နောက်ဆုံးဟန့်စစ်ကာလ**

အထက်ပါ ဖြစ်ရပ်အခြေအနေများအရ အမှတ် (၁၈) တပ်မမှာ ယခုအခါ အပြုတ်တိုက်ခံရဖို့ အခြေအနေသို့ ရောက်ရှိပေပြီ။

ဤစစ်နယ်မြေတွင် ဖြစ်ပွားခဲ့သော နောက်ဆုံး တိုက်ပွဲများ၌ သုံးဖက်သုံးတန် ညှပ်၍တိုက်ခိုက်ခြင်းခံနေရသော အမှတ် (၅၅) နှင့် (၅၆) ခြေလျင်တပ်ရင်းကြီးများသည် အကွဲကွဲအပြားပြား ဦးတည်ရာ တောထဲတောင်ထဲသို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာပြေးခဲ့ရလေသည်။ ခြေလျင် တပ်ရင်းမှူးကြီးနှစ်ဦးသည်လည်း တပ်ဖွဲ့များနှင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ပြတ်လျက် မိုးကောင်းမြစ်တစ်လျှောက် ရွှံ့နွံ့တောထဲသို့ လက်လွတ်ထွက်ပြေးရတော့သည်။ ဗိုလ်ချုပ်ကြီး တာနာကာနှင့် ကျန်ရစ်သမျှ ဌာနချုပ်အဖွဲ့သည် မေလ ၁၃ ရက်နေ့တွင် ကာမိုင်းသို့ ဆုတ်ခွာခဲ့လေသည်။ ရန်သူ့စစ်ကြောင်းကို ဖြတ်သန်း မသယ်ဆောင်နိုင်သော အမြောက် ၈ လက်နှင့် ထရပ်ကားအချို့ကိုလည်း အပ်နှံ့အရ ဖျက်ဆီးပစ်လိုက်ရသည်။

တိုက်ပွဲတွင် ဒဏ်ရာရသူများကို အတတ်နိုင်ဆုံး ကာမိုင်းသို့ရောက်အောင် ရွှေ့ထုတ်သယ်ယူခဲ့သော်လည်း အတော်များများကို မသယ်နိုင်၍ ချန်ထားခဲ့ရသည်။ ထိုကျန်ရစ်သူများအနက် အများစုသည် မိမိတို့ ကိုယ်ကို မိမိတို့ အဆုံးစီရင်လိုက်ကြလေသည်။

ဇွန်လ ၁၀ ရက်နေ့အထိ ကာမိုင်းသို့ တပ်ရင်း ၂ ရင်းသာ ရောက်ရှိလာသည်။ ဤတပ်များကို ဗိုလ်ချုပ်ကြီး တာနာကာကိုယ်တိုင် တိုက်ရိုက်ကွပ်ကဲခဲ့သည်။ ဤအချိန်တွင် တပ်ရင်းမှူးနှစ်ဦးနှင့်အတူ အစပျောက်နေသော တပ်ရင်းနှစ်ရင်းသည် ရရာ သစ်ဝါးများကို ဖောင်များဖွဲ့၍ ရန်သူ့စစ်ကြောင်းများကို တိတ်တဆိတ်





ဖြတ်ကျော်ကာ မိုးကောင်းမြစ်ကို ဖြတ်ကူးကြသည်။ ဤသို့ဖြင့် ကာမိုင်းသို့ ဇွန်လ ၁၈ ရက်နေ့တွင် ရောက်လာခဲ့သည်။ ဒဏ်ရာရသူအများစုမှာ ကြိုးစားပမ်းစား သယ်ယူလာသည့်ကြားမှ မိုးကောင်းမြစ်ကို ဖြတ်ကူးစဉ် အသက်ဆုံးရှုံးသွားကြသည်။ ဂျပန်တို့၏ အမှတ် (၁၈) တပ်မသည် ဇူလိုင်လ ၂ ရက်နေ့အထိ ကာမိုင်းမြို့ကို ထိန်းသိမ်းတောင့်ခံထားခဲ့လေသည်။

အမှတ် (၁၈) တပ်မ၏ဌာနချုပ် ကာမိုင်းသို့ မရောက်လာမီ မေလ ၂၈ ရက်နေ့က တရုတ်တပ်အချို့သည် အရှေ့ဘက်တောင်များကို ဖြတ်ကျော်လျက် ကာမိုင်းတောင်ဘက် ၈ ကီလိုမီတာအကွာရှိ ဆီတုံကို သိမ်းလိုက်သည်။ တရုတ်တို့ ဤသို့လုပ်လိုက်သဖြင့် နောက်ပိုင်းတွင် ကာမိုင်းမှ ဆုတ်ခွာလာမည့် ဂျပန်တပ်များကို တားဆီးနိုင်ရုံမျှမက မိုးကောင်းမှလာနိုင်သည့် ထောက်ပံ့ရေးတပ်များကိုလည်း ဖြတ်တောက်ထားပြီးသား ဖြစ်နေပေသည်။

အမှတ် (၁) ဂျပန်တပ်မ၏ တာဝန်သည် နောက်ဆုတ်ရန်မဟုတ်ဘဲ အမေရိကန်နှင့် တရုတ်တပ်များ



www.burmeseclassic.com

www.burmeseclassic.com



ကာမိုင်းမြောက်ဘက်မှ ရှေ့သို့ ချီမလာအောင် တားဆီးရန်သာ ဖြစ်သည့်အတိုင်း ဗိုလ်ချုပ်ကြီးတာနာကာသည် သူ့တွင်ရှိသမျှ ခွန်အားဖြင့် တာဝန်ပြီးဆုံးသည်အထိ တိုက်ခိုက်သွားရန် ဆုံးဖြတ်ခဲ့လေသည်။

တဖြည်းဖြည်းနှင့် နန့်ယားဆိပ်ဒေသရှိ ပင်မဂျပန်တပ်ကြီးနှင့် ကင်းကွာနေသော ဂျပန်တပ်ငယ်များသည် ရန်သူ့စစ်ကြောင်းကို အောင်မြင်စွာ ဖြတ်ကျော်လျက် ကာမိုင်းသို့ ရောက်လာခဲ့သည်။ ဗိုလ်ချုပ်ကြီး တာနာကာသည် ရောက်လာသောတပ်များကို ဆီတုံ့ရှိ တရုတ်တပ်များအား သွားရောက်တိုက်ခိုက်စေသည်။ သို့ရာတွင် မိုးကောင်းသို့ပေါက်သောလမ်း ပွင့်အောင် ကြိုးစားသမျှ အချည်းအနှီးသာ ဖြစ်ရတော့သည်။

အမှတ် (၁၈) ဂျပန်တပ်မ၏ အခြေအနေမှာ ယခုအခါ ထပ်မံ၍ပင် ကျဆင်းသွားပါတော့သည်။ အမြောက်မှန်သမျှလည်း လက်လွှတ်ဆုံးရှုံးသည်။ ရဲဘော်တစ်ဦးအတွက် တစ်နေ့လျှင် ကျည်ဆန်နှစ်တောင့်သာ ရတော့သည်အထိ အခြေအနေမှာ ယိုင်လာသည်။ ရဲဘော်များမှာလည်း ခြေကုန်လက်ပန်းကျ၍ အဖျားအနာ ထူပြော

မြရတနာစာပေ



ာသည်။ ဗိုလ်ချုပ်ကြီးတာနာကာသည် သေတမ်းစာကို ရေးပြီးနောက် ကာမိုင်းကို ရန်သူ့လက်သို့ မကျစေရေး အတွက် ဌာနချုပ်ကို အလယ်မှာထား၍ ပတ်လည်ခံစစ် ပြင်ရန်အတွက် ရှိသမျှ လက်ကျန် အင်အားဖြင့် တပ်မကို ဖွဲ့စည်းလိုက်သည်။ ဇွန်လ ၂၂ ရက်နေ့သို့ ရောက်သော် အမှတ် (၁၅) တပ်တော် တပ်မှူးကြီးထံမှ အမိန့်ကြေးနန်း ကို ရရှိလေသည်။ ထိုအခါ နောက်ဆုံးခံစစ်အနေအထား အတွက် ပြင်ဆင်မှုများ ပြုလုပ်ပြီးဖြစ်သည်။ ထိုကြေးနန်း အား အမှတ် (၁၈) တပ်မသည် ရန်သူနှင့်အတိုက်ရပ်၍ ...မော်သို့ အမြန်ဆုံးဆုတ်ရန်ပင်ဖြစ်သည်။

ဤအမိန့်အတိုင်း ဆောင်ရွက်ဖို့ဆိုသည်မှာ ...တရက်ကြည့်လျှင် မဖြစ်နိုင်ဟု ထင်ရသည်။ အဘယ် ကြောင့်ဆိုသော် တရုတ်တပ်များက ဆီတုံ့ကိုသိမ်းထား၍ ...သည်။ သို့သော် ဂျပန်တို့သည် ဝလောဘွမ်တုံးက ...တို့သုံးခဲ့သော နည်းဗျူဟာအတိုင်းပင် တရုတ်ထပ်ကို ...ကွင်းကာ လွတ်မြောက်သွားသည်။ စစ် အင်ဂျင်နီယာ ...ရင်းကြီးတွင် ကျန်နေသောရဲဘော်များက တောကြီးကို ...၍ ရှေ့မှ လမ်းထွင်ပေးသည်။ အမှတ် (၁၈) တပ်မက

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်မှချီတက်သည်။ ဤသို့ဖြင့် မိုးကောင်းသို့ ဇူလိုင်လ ၅ ရက်နေ့တွင် ရောက်သည်။ ဆားမော်ဒေသသို့ နောက်ထပ်ဆုတ်လာသူများကိုမူ မိုးကောင်းရှိ အမှတ် (၁၈) ဂျပန်တပ်မက အကာအကွယ် ပေးခဲ့လေသည်။

ဤတွင် ၇ လတာမျှ ကြာညောင်းခဲ့သော ဖားကောင်းတောင်ကြားတိုက်ပွဲများ ပြီးသွားပေပြီ။ ဂျပန်တို့၏ အမှတ် (၁၈) တပ်မရှိ ခန့်မှန်းခြေမူလတပ်သား အင်အား (၁၀၀၀၀) အနက် (၃၂၀၀) ကျဆုံး၍ (၁၈၀၀) ဒဏ်ရာရသည်။ ကျန်တပ်သားများအားလုံးလိုလိုမှာလည်း ဖျားနာနေသူနှင့် စစ်ပန်း၍ ခြေကုန်လက်ပန်း ကျသူများသာ ဖြစ်ကြသည်။ ထိုတပ်မ၏ ကျန်သော အင်အားများကို တရုတ်ပြည် ယူနန်နယ်သို့ ရွှေ့၍ တပ်မကို အသစ် ပြန်လည်ဖွဲ့စည်းခဲ့လေသည်။

အမှတ် (၁၈) တပ်မ မရှိတော့သည့်နောက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် မြစ်ကြီးနားကို ဖိတိုက်ရာ ဩဂုတ်လ ၃ ရက်နေ့ရောက်သော် အကျအဆုံးများစွာဖြင့် မြစ်ကြီးနားကို သိမ်းပိုက်နိုင်လေသည်။

■



# အခန်း ( ၈ )

## မြစ်ကြီးနားတိုက်ပွဲ

**နိဒါန်း**

မြစ်ကြီးနားတိုက်ပွဲကား အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ အဓိကအောင်ပွဲဖြစ်သလို မြန်မာနိုင်ငံအတွင်း၌ နောက်ဆုံး အပြီးသတ် သူ တိုက်ခဲ့ရသည့် တိုက်ပွဲလည်း ဖြစ်၏။ မြစ်ကြီးနားသည် သူ၏ လီဒို လမ်းဖောက်ရေး စီမံချက်၌ နောက်ဆုံးရောက်ရမည့်မြို့ ဖြစ်သကဲ့သို့ အိန္ဒိယ– မြန်မာ–တရုတ် စစ်နယ်ပယ်၌ မဟာဗျူဟာအရ အချက်



www.burmeseclassic.com

www.burmeseclassic.com



အချာကျသဖြင့် မရမနေ သူရအောင်တိုက်ရမည့်မြို့ဖြစ်၏။

သို့ရာတွင် မြစ်ကြီးနားကို လွယ်လွယ်နှင့် သိမ်းပိုက်နိုင်ခဲ့ခြင်းမဟုတ်ပါပေ။ အခက်အခဲအမျိုးမျိုးကြား ပြဿနာအမျိုးမျိုးကြားက သူ ရအောင်တိုက်ခိုက်ခဲ့ရခြင်းဖြစ်ပါ၏။ မြစ်ကြီးနားအောင်ပွဲကြောင့်လည်း သူသည် ကြယ်သုံးပွင့် ဗိုလ်ချုပ်ကြီးမှ ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးအဆင့်သို့ ရောက်ခဲ့ရ၏။ မဟာမိတ်တပ်များကြားတွင် ပြောစမှတ်ပြုခဲ့ရ၏။ အမှတ်တရတစ်ခုဖြစ်ခဲ့၏။ သူ၏ မြန်မာပြည်စစ်မြေပြင်တွင် အကြီးမားဆုံးအောင်ပွဲလည်းဖြစ်၏။

မြစ်ကြီးနားတိုက်ပွဲအား မည်သို့မည်ပုံ စတီးဝဲလ်တို့ တိုက်ခိုက်ခဲ့ကြပုံနှင့် ဂျပန်များက မည်သို့ခံစစ်ဆင်နွှဲခဲ့ပုံအား ဆက်ပြီးလေ့လာကြပါစို့ခင်ဗျာ။

**အရေးပါသောမြစ်ကြီးနား**

မြစ်ကြီးနားသည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အရေးပါဆုံး အကြီးဆုံးမြို့ကြီးဖြစ်၏။ ဒုတိယကမ္ဘာစစ် အစပိုင်းက အင်္ဂလိပ်စစ်ပြေးအစိုးရ နောက်ဆုံးနေသွားသည့်





www.burmeseclassic.com

www.burmeseclassic.com



သည်း ဖြစ်၏။ ၁၉၄၃–၄၄ ခုနှစ်ကာလများ၌ မဟာမိတ် င်များ ဂျပန်ကို တွန်းလှန်၍ မြန်မာနိုင်ငံကို ပြန်လည် င်းပိုက်ရေး စဉ်းစားကြသည့်အခါ မြစ်ကြီးနားသည် ရေးပါလာ၏။ အထူးသဖြင့် တရုတ်ချန်ကေရှိတ်အစိုးရ လိုလေသေးမရှိ ပံ့ပိုးပေးနေသည့် အမေရိကန်တို့အဖို့ ကြီးနားမှာ အထူးပင် အရေးပါလှ၏။

အဘယ်ကြောင့်ဆိုသော် မြစ်ကြီးနားကား အမေရိ န်ဗိုလ်ချုပ်ကြီး စတီးဝဲလ်တာဝန်ယူကာ ဖောက်လုပ် သည့် လီဒိုလမ်းမကြီးတွင် အရေးအကြီးဆုံး မြို့ကြီး သောကြောင့်ပါတည်း။

ထိုလမ်းမကြီးမှ တရုတ်အမျိုးသားအစိုးရအတွက် ထောက်ပံ့ပစ္စည်းများကို မြစ်ကြီးနားမှ တရုတ်ပြည် င်းအထိ ပေးပို့နိုင်မည်ဖြစ်၏။

၁၉၄၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အရှေ့တောင် ရှ စစ်ဌာနချုပ်နှင့် အမေရိကန်ပူးတွဲ စစ်ဦးစီးချုပ် အကြားတွင် မြန်မာပြည်ဆိုင်ရာ အထွေထွေမဟာ ဟာနှင့်ပတ်သက်၍ သဘောထားကွဲလွဲလျက်ရှိ၏။ အထူး ဖြင့် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်နှင့် အမေရိ



www.burmeseclassic.com

www.burmeseclassic.com



ကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်တို့ကြားတွင် ဖြစ်လေ သည်။

အင်္ဂလိပ်တို့က အင်ဖာတိုက်ပွဲကြီး အောင်နိုင်ပြီးပါက ရန်ကုန်မြို့ကို ရေကြောင်းမှ ချီတက် တိုက်ခိုက် သိမ်းပိုက်ရေးကို ဗိုဇ္ဈစိတ်ဝင်စားသည်။ ရန်ကုန်ကို အဆောတလျင် သိမ်းပိုက်နိုင်ခြင်းဖြင့် မြန်မာ တစ်ပြည်လုံးအား ဖြည်းဖြည်းချင်း ကြည်းတပ်ဖြင့် စရိတ်ကြီးစွာ စစ်ဆင်နေခြင်းမှ သက်သာသွားမည် ဖြစ်သည်။ ဤအတွေးအခေါ်မှာ အရှေ့တောင်အာရှ စစ်သေနာပတိကြီး မောင့်ဘက်တန်ထံမှ အခြေခံထား ခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မောင့်ဘက်တန် ကား ရေကြောင်းဗိုလ်ချုပ်ကြီး ဖြစ်နေသောကြောင့် ပင်။ မောင့်ဘက်တန်၏ အစီအစဉ်ကို ဝန်ကြီးချုပ် ချာချီကလည်း ယေဘုယျအားဖြင့် သဘောတူထား ခဲ့၏။

အမေရိကန်တို့ကမူ မြန်မာပြည်မြောက်ပိုင်း အထူးသဖြင့် မြစ်ကြီးနားမြို့ကို သိမ်းပိုက်ပြီး မြစ်ကြီး နား လေဆိပ်အား အသုံးပြု၍ တရုတ်ပြည်သို့ ကုန်း ကြောင်း လေကြောင်း လမ်းများဖွင့်လို၏။ ထိုမှတစ်





ဆင့် ဂျပန်နိုင်ငံကို ကမ်းတက်တိုက်ပွဲဆင်နွှဲရန် ရည် ရွယ်လေသည်။

အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် အထက် ဖော်ပြပါ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် မြစ်ကြီးနားမြို့ သိမ်းတိုက်ပွဲကို ကိုယ်တိုင်ကိုယ်ကျ အနီး ကပ်လိုက်ပါဆောင်ရွက်ခဲ့လေတော့သည်။

## ထိုက်ပွဲမဖြစ်မီယေဘုယျအခြေအနေ

၁၉၄၄ ခုနှစ် မတ်လတွင် ဂျပန်တို့သည် အင်ဖာ ဒေသအထွေထွေထိုးစစ်ကြီးအား ဂျပန်အမှတ် (၁၅) တပ် တော်၏ ကွပ်ကဲမှုဖြင့် ခြေလျင်တပ်မသုံးခုကို အသုံးပြုကာ စတင်ဆင်နွှဲလေတော့သည်။ မြန်မာနိုင်ငံ အနောက်မြောက် ဘက်၌ ဤသို့ထိုးစစ်ကြီးတစ်ရပ်ဆင်နွှဲနေချိန်တွင် မြောက် ဘက်ဒေသအား ထိန်းချုပ်ထားရန်အတွက် အမှတ် (၁၈) ဂျပန်တပ်မကို တာဝန်ပေးထားခဲ့လေသည်။ အဓိက ဝင်ပေါက် ဟူးကောင်းတောင်ကြားကို ထိန်းသားနှုန်ဖြစ်၏။ တပ်မမှူးကား ဗိုလ်ချုပ်ကြီး တာနာကာဖြစ်ပေသည်။

ထိုတပ်များအား ဗိုလ်ချုပ်ကြီးစတီးဝဲလ် ကွပ်ကဲ



www.burmeseclassic.com

www.burmeseclassic.com

သော အမှတ် (၂၂) နှင့် အမှတ် (၃၈) တရုတ်မများ ပါဝင်သော တရုတ်အမေရိကန်တပ်ပေါင်းစုက ရှင်းလင်း တိုက်ခိုက်လေသည်။ ထိုသို့ရှင်းလင်းတိုက်ခိုက်ရသည်မှာ လီဒိုလမ်းမကြီးဖောက်လုပ်ရာတွင် စစ်လမ်းကြောင်းကျ နေသဖြင့် ဂျပန်တပ်မအား မရှင်းမဖြစ်တိုက်ထုတ် ရှင်းလင်း ရမည်ဖြစ်၏။ ထို့ပြင် မြစ်ကြီးနားကိုလည်း မရမနေ သိမ်း ပိုက်ရမည်ဖြစ်လေသည်။

စတီးဝဲလ်၏ ဤစစ်ဆင်ရေးအား အမေရိကန် လေတပ်နှင့် ဝင်းဂိတ်၏ ချင်းဒစ်အထူးတပ်ဖွဲ့များ၊ အမေရိ ကန် ဂါလာဟတ် အထူးတပ်ဖွဲ့များက ပိုင်းဝန်းကူညီကြ လေသည်။

## မြစ်ကြီးနားကို ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ကြခြင်း

ဟူးကောင်းတောင်ကြားဒေသရှိ ဂျပန် အမှတ် (၁၈) တပ်မအား စတီးဝဲလ်၏ တရုတ်အမေရိကန် တပ်များက ၁၉၄၃ ခုနှစ်ကုန်တွင် စတင်တိုက်ခိုက်ခဲ့ရာ အင်အားခြင်း မမျှသဖြင့် ဆောလျှင်စွာခံစစ်ဆင်နေသော ဂျပန် ဗိုလ်ချုပ် ကြီး တာနာကာသည် သူ၏တပ်မအား တဖြည်းဖြည်း




မြစ်ကြီးနားတိုက်ပွဲတွင် တိုက်ပွဲဝင်တပ်များသို့ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို မြစ်ကြီးနားလေယာဉ်ကွင်းမှ မုံပါအဝိုင်း ဝန်တင်တိရစ္ဆာန်များဖြင့် ပို့ပေးခဲ့သည်
www.burmeseclassic.com

www.burmeseclassic.com





တရွေ့ရွေ့ ဟန့်စစ်ဆင်ကာ တောင်ဘက်သို့ ဆုတ်ပေးခဲ့လေသည်။ တောင်ဘက်သို့ ဆုတ်ခွာသွားသည့် ဂျပန်တပ်များကို လိုက်လံတိုက်ခိုက်ရင်း ၁၉၄၄ နှစ်ဦးပိုင်း၌ စတီးဝဲလ်၏တပ်များသည် မိုးကောင်းလွင်ပြင်အစပ်သို့တိုင် ရောက်ရှိသွားတော့၏။ စတီးဝဲလ်သည် မူလကပင် မြစ်ကြီးနားကို သိမ်းပိုက်ရန် စီမံထားပြီးဖြစ်ရာ မိုးကောင်းလွင်ပြင်သို့ရောက်သည်နှင့် ရနိုင်သမျှ တပ်များကို စုစည်းပြီး လေကြောင်းအကူများဖြင့် မြစ်ကြီးနားမြို့အား သိမ်းပိုက်ရေးအတွက် စီမံဆောင်ရွက် လေတော့သည်။

စတီးဝဲလ်၏ တပ်များသည် ၁၉၄၄ ခုနှစ် ဧပြီလကုန်ပိုင်းတွင် မိုးကောင်းလွင်ပြင်သို့ အောင်မြင်စွာ ချီတက်ရောက်ရှိခဲ့ပြီး ဖြစ်သည်။ စတီးဝဲလ်အနေဖြင့် ကာမိုင်းနှင့် မိုးကောင်းသို့ အမှတ် (၂၂) နှင့် အမှတ် (၃၈) တရုတ်မ... တောလျှင်စွာချီတက်ပြီး မြစ်ကြီးနားမြို့ကို လျှပ်... ထိုးဖောက်တိုက်ခိုက်ရန် အမြန်ဆုံး လာရောက်... တိုက်ခိုက်ရေးအတွက် အမေရိကန် ဂါလာဟတ်... စေလွှတ်နိုင်ရန် စီစဉ်ပေးခဲ့၏။

စတီးဝဲလ်က မြစ်ကြီးနားရရှိရေး အစွမ်းကုန်ကြိုး



www.burmeseclassic.com

www.burmeseclassic.com




ခမ်းနေချိန်၌ တရုတ်ခေါင်းဆောင်ကြီး ချန်ကေရှိတ်က သူ့တရုတ်မများအား မြစ်ကြီးနားကို စောစီးစွာ ဝင်မတိုက်ရန် စတီးဝဲလ်မသိအောင် လှမ်းအမိန့်ပေး၏။ သူက လီဒိုလမ်းကြီး ဖွင့်သွားပြီး ကုန်းကြောင်းမှ ပစ္စည်းများ အလျှင်အမြန်ရောက်လာမှာကို စိတ်ပူနေ၏။ သူက အမေရိကန်တွေထံမှ လေကြောင်းအကူ လေကြောင်းထောက်ပံ့ရေးများ အလုံးအရင်းပေးပါရန် တောင်းခံထားသည်။ ကုန်းလမ်းက ပစ္စည်းများကို သူအလိုမရှိ။ စတီးဝဲလ်က သူ့ဆန္ဒကို ဆန့်ကျင်ပြီး လီဒိုလမ်းမကြီးကို မရမက ဖောက်နေသည်။ ဗန်းမော် မြစ်ကြီးနားနှင့် ဗန်းမော်နန့်ခမ်း ကြူကုတ် ဝမ်တိန်လမ်းမှာ ယခင်ကတည်းက ရှိပြီးဖြစ်လေသည်။

မြစ်ကြီးနားထိ လီဒိုလမ်းမကြီး ရောက်သွားပါက တရုတ်ပြည်နှင့် လမ်းပွင့်သွားပြီဖြစ်၏။

ချန်ကေရှိတ်ပေးသည့် အမိန့်ကို တင့်ကားတပ်ရင်း ဗိုလ်မှူးကြီးဘရောင်းက စတီးဝဲလ်ထံ သတင်းပို့သည်။

**ချန်မှဆွန်နှင့် လီယိုအတွက်**

“မြစ်ကြီးနားတိုက်ခိုက်ခြင်းအား အခြေအနေ






မြစ်ကြီးနားမြို့အား စတီးဝဲလ်၏တပ်များမှ ဝိုင်းရံတိုက်ခိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com






ပြည်ခြောက်ရုံးသို့စင်ရောက်လာသည့် မဟာမိတ်စစ်ကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com





ရ တတ်နိုင်သမျှ အချိန်ဆွဲထားရန် လိုအပ်၊ အသေးစိတ် ဆက်လက်ပေးပို့မည်ဖြစ်''

စတီးဝဲလ်က ထိုသတင်းကြားသောအခါ ဆွေ့ဆွေ့ခုန်သွား၏။ သို့ရာတွင် သူကိုယ်တိုင် တပ်ပေါင်းစုကို မြေပြင်ဆင်း ကွပ်ကဲနေရာ ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် အတင်းတွန်းတင်၍ မိုးကောင်းကို ချီတက်စေသည့် ဗိုလ်ချုပ် ဆွန်လီဂျင်အား မိုးကောင်းအရှေ့ခြမ်းကို တာဝန်ပေးလိုက်သည်။ ဆွန်က အရှေ့ခြမ်းသည် တောကိုး ခက်သည်ဟု အကြောင်းပြကာ ချန်ကေရှိတ်ခိုင်းသည့်အတိုင်း တဖြည်းဖြည်းသာ လိပ်တစ်ကောင်နှုန်းနှင့် သွားနေခဲ့၏။ ဧပြီလဝက်နှင့် မေလ ၁၉ ရက်နေ့အထိ ဤပုံစံပင်ဖြစ်နေသည်။ စတီးဝဲလ်က တပ်မ (၂၂) နှင့် လိုက်ပါသွား၏။

မေလ ၁၉ ရက်နေ့ ညနေပိုင်း၌ ချန်ကေရှိတ်က မိုးစိမ်းပြန်ပြတိုက်ပုံရ၏။ ဆွန်သည် ကာမိုင်းကိုတိုက်ရန် မိုးကောင်းနှင့် ကာမိုင်းကြားသို့ အမှတ် (၁၁၂) ခြေလျင်တပ်ရင်းကြီးကို စေလွှတ်လိုက်၏။ ထိုတပ်ရင်းကြီးသည် တောကြီးမျက်မည်းကို ဖြတ်ကျော်ကာ ကာမိုင်းတောင်ဘက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်သို့ ရောက်ရှိသွားပြီး လမ်းမကြီးဘေးရှိ ရှ
ထောက်ပံ့ရေးစခန်းတစ်ခုကို တွေ့ရှိကာ တိုက်ခိုက်သိမ်း
ပိုက်လိုက်နိုင်၏။ ဂျပန်တို့၏ ကုန်လှောင်ရုံ ရှစ်ခု၊ လားမြည်း
အကောင် ၁၀၀ ခန့်နှင့် ထရပ်ကား ၃၅ စီးကို သိမ်းဆည်း
ရမိလိုက်၏။ ထိုတရုတ်တပ်ရင်းက ချက်ချင်းခံစစ်ပြင်
နေရာယူထားလိုက်၏။

ဗိုလ်ချုပ်ကြီးတာနာကာက ထိုတရုတ်တပ်ရင်း
ချက်ချင်း ပြန်တိုက်စေ၏။ ခံစစ်စခန်းကို မီးကုန် ယမ်းကုန်
ဖြိုခွင်း၏။ နောက်ထပ်တပ်ကူရောက်လာသည်။ တပ်မ ၁၈
မှ တပ်များကိုပါ ပူးပေါင်းပြီး ဝိုင်းတိုက် ကြ၏။ သို့ရာတွင်
(၁၁၂) တပ်ရင်းကြီးက ကြံကြံ့ခံနေရာ ဘယ်လိုမှ တိုက်
မရသဖြင့် အန္တရာယ်ရေရှည်တွင် ဖြစ်လာတော့မည်ကို
သုံးသပ်ပြီး ရသမျှလူအားလုံးကို စု၍ တာနာကာသည်
သူ့တပ်များကို မိုးကောင်းတောင်ဘက် ဆားမော်သို့
ဆုတ်လေတော့သည်။

မိုးကောင်း ကျသွားလေပြီ။

မိုးကောင်းလွင်ပြင်မှ ရန်သူများ ဆုတ်သွားကြပြီ
ဖြစ်သည်။ စတီးဝဲလ်သည် ဟူးကောင်းတောင်ကြားဒေသ





မှ ရန်သူများကို ရှင်းလိုက်နိုင်ပြီဖြစ်၏။ မြစ်ကြီးနားကို
ဆက်လက်လုပ်ကြရန်သာ ရှိတော့သည်။

## မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်ရရှိခြင်း

မြစ်ကြီးနားကို သိမ်းပိုက်နိုင်ရန်အတွက် စတီး
ဝဲလ်သည် သူကိုယ်တိုင် တရုတ်အမေရိကန်တပ်များကို
ဦးစီးကာ ဟူးကောင်းလွင်ပြင်မှ ချီတက်လာခဲ့သလို
သူ၏ကွပ်ကဲမှုအောက်မှ ချင်းဒစ်တပ်များနှင့် အမေရိကန်
ဂါလာဟတ်တပ်ဖွဲ့များကိုလည်း မြစ်ကြီးနားသို့ ဦးတည်
ချီတက်စေ၏။ ဝင်းဂိတ်သေဆုံးပြီးနောက် တစ်လကျော်
အကြာ၌ စလင်းက ချင်းဒစ်တပ်များ၏ ကွပ်ကဲမှုအား
ယာယီအစီအမံအနေဖြင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ လက်
အောက်သို့ လွှဲပေးခဲ့၏။ ချင်းဒစ်တပ်များက ထိုအချိန်တွင်
ဂျပန်တို့၏ အတွင်းပိုင်း ဗန်းမော် ကသာနှင့် ဧရာဝတီမြစ်
အနောက်ခြမ်းတွင် လှုပ်ရှားလျက်ရှိကြ၏။ မြစ်ကြီးနား၏
တောင်ဘက် မိုင် ၁၀၀ ခန့် အကွာ ဒေသတွင်ဖြစ်၏။

စတီးဝဲလ်သည် မြစ်ကြီးနားကို တိုက်ရန်အတွက်
သူ၏ ဂါလာဟတ်တပ်ကို တွန်းတင်ရန် ကြိုးပမ်းတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂါလာဟတ်တပ်မှာ မိုင် ၅၀၀ ခန့် ချီတက်လာခဲ့ပြီးဖြစ်ရာ အိန္ဒိယမြန်မာနယ်စပ်မှ မြစ်ကြီးနားဒေသသို့ ရောက် လာသည်အထိ အခက်အခဲအမျိုးစုံကို ဖြတ်ကျော်ခဲ့ရ ခေါင်းဆောင်ဗိုလ်ချုပ်မဲရီးလ်မှာ သိပ်ကျန်းမာရေး ကောင်း လှသည် မဟုတ်။ အားလုံးလည်း ခြေကုန်လက်ပန်း ကျနေကြ၏။ သို့ရာတွင် မဲရီးလ်က မြစ်ကြီးနား သိမ်းပြီးလျှင် ပွဲပြီးပြီဟု ပြောကာ သူ့စစ်သည်များကို နှစ်သိမ့်ထားရ၏။

စတီးဝဲလ်က သူ့တပ်ပေါင်းမှ ဗိုလ်မှူးကြီး ဟန် တားနှင့် ခွဲထုတ်တပ်အချို့ကို ဂါလာဟတ်တပ်နှင့် ပေါင်း စပ်၍ မြစ်ကြီးနားအား ချဉ်းကပ်ရန် မိုးကောင်းမတိုက်မီ ကပင် ကြိုပြီးစေလွှတ်စေခဲ့၏။ ဗိုလ်ချုပ်မဲရီးလ်နှင့် ဗိုလ်မှူး ကြီးဟန်းတားကို့က အငိုက်ရရန်အတွက် အနောက်ဘက် မိုးကောင်းမှ မြစ်ကြီးနားကို မဝင်ဘဲ မြောက်ဘက်သို့ ချီတက်ခဲ့ကြပြီး မြစ်ကြီးနား၏ မြောက်ဘက်မှ စီးနင်းရန် ဆုံးဖြတ်ခဲ့ကြ၏။

မေလ ၁၄ ရက်နေ့တွင် ဂါလာဟတ်တပ်ဖွဲ့သည် မြစ်ကြီးနားမှ ၄၈ နာရီ ခရီးအကွာသို့ ရောက်သွားကြ၏။ စစ်ကြောင်းသုံးကြောင်းခွဲ၍ ဗိုလ်မှူးကြီးဟန်းတား ဦးဆောင်





ဆက်လက်ချီတက်သွားကြသည်။ အခြေအနေကို ဝဲလ်ထံသို့လည်း သတင်းပို့လိုက်၏။

ရာသီဥတုကမူ မိုးသည်းထန်စွာရွာလျက်ရှိ၏။

မေလ ၁၆ ရက်နေ့၌ ဗိုလ်မှူးကြီးဟန်းတားတို့ ကြောင်းများ မြစ်ကြီးနားတောင်ဘက် လေယာဉ်ကွင်း သို့ ရောက်ရှိသွား၏။ ဒေသခံ ကချင်တိုင်းရင်းသား က နွေးထွေးစွာ ဆီးကြိုကြသည်။ ဂျပန်သတင်းလည်း ကြ၏။

မြစ်ကြီးနားလေဆိပ်တွင် ဂျပန်အစောင့်တပ်သား ခန့်သာ ရှိကြောင်း၊ မြို့ပေါ်၌မူ တပ်ရင်းနှစ်ရင်း ကြောင်း သိရလေသည်။ မေလ ၁၆ ရက်နေ့၌ အခြေ နေကို စောင့်ကြည့်ပြီး မေလ ၁၇ ရက်နေ့ မနက်၌ ကြီးနား လေယာဉ်ကွင်းကို တပ်ရင်း ၂ ရင်းဖြင့် တိုက်ရာ လေယာဉ်ကွင်းရောက်ပြီး မိနစ်ပိုင်းအတွင်း င် ကွင်းစောင့်ဂျပန်စစ်သားများကို သုတ်သင်ရှင်း ပြီး လေယာဉ်ကွင်းကို သိမ်းလိုက်နိုင်၏။

ဂျပန်တို့ လုံးဝအငိုက်မိသွားခြင်းကြောင့် ဖြစ်၏။ နောက်မှ ယောင်ပြကာ မြောက်ဘက်မှ ဆင်းတိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဂျပန်များ မျက်စိလည်သွားပြီး မြစ်ကြီးနားလေယာဉ် ကွင်း မဟာမိတ်တို့လက် ကျဆုံးသွားလေတော့သည်။

## မြစ်ကြီးနားကိုဆက်လက်တိုက်ခိုက်ခြင်း

မြစ်ကြီးနားနှင့် အမေရိကန်တို့ သိမ်းမိသော လေဆိပ်မှာ ၅ မိုင်ခန့်ဝေး၏။ လေဆိပ်ကို ရရှိသော်လည်း မြို့သိမ်းနိုင်ရန် လိုသေး၏။ မြို့ထဲတွင် ဂျပန်တပ်ရင်း နှစ်ရင်းရှိနေပေသည်။

မေလ ၁၈ ရက်တွင် စတီးဝဲလ်သည် မြစ်ကြီးနား လေယာဉ်ကွင်းသို့ သွားရောက်ခါ ဗိုလ်မှူးကြီးဟန်းတား တို့နှင့် တွေ့ဆုံခဲ့၏။ လိုအပ်သည့် ခဲယမ်းမီးကျောက်များ ဖြည့်တင်းကာ မြစ်ကြီးနားကို ဆက်တိုက်ရန် ညွှန်ကြား လေသည်။ ပထမအကြိမ် တဂျတ်တပ်ရင်း နှစ်ရင်းမြို့ ဝင်ရောက်တိုက်ခိုက်စေရာ အချင်းချင်း မှားပစ်၍ အိုးနှ ခွက်နင်းဖြင့် ပြန်ဆုတ်လာခဲ့ရ၏။ ဒုတိယအကြိမ် တပ်ရင်း သုံးရင်းဖြင့် ဝင်ရာတွင်လည်း ဤနည်း နှင်နှင်ပင်။ မြစ်ကြီး နားမြို့စောင့် ဂျပန်တပ်အား တရုတ်တပ်ရင်းများနှင့် တိုက် မရဖြစ်နေသည်။ တိုက်ပွဲဖြစ်နေစဉ်မှာပင် ဗိုလ်ချုပ်မဲရီးလ်

မြရတနာစာပေ



...ဆုံးရောဂါ အပြင်းအထန် ဖြစ်ပွားလာသောကြောင့် ...ယာဉ်ဖြင့် အိန္ဒိယသို့ ပြန်ပို့လိုက်ရ၏။

အမေရိကန်တို့လက်ထဲ မြစ်ကြီးနားလေဆိပ် ကျ ...သည်နှင့် ဂျပန်တို့ဘက်မှ လျင်မြန်စွာပင် မြို့ကို ...ကွယ်ရေးအတွက် အင်အားစုစည်းခဲ့ကြ၏။ မြို့ပတ်ဝန်း ...င်တွင် ဖြန့်ထားသော တပ်ဖွဲ့အင်အားများကို မြို့တွင်း ...ချင်း ပြန်သွင်းကာ သံလွင်မြစ်ဘက်မှ ချီတက်လာ ...ည့် ဗိုလ်ချုပ်မိဇုကာမီနှင့် သူ၏တပ်များကိုပါ အလျင် ...မြန်ဖြည့်တင်းလိုက်၏။ စောစောပိုင်းကမူ ခြေလျင် ...ပ်ရင်းကြီး (၁၁၄) ၏ တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးကြီး ...ယာမက မြစ်ကြီးနားမြို့စောင့်တပ်မှူးတာဝန် ယူထား ... မိဇုကာမီမှာ တပ်မ (၅၆) ၏ တပ်မမှူး ဖြစ်၏။ ...သည် မြစ်ကြီးနားကို ခုခံကာကွယ်ရန် အမိန့်ရသည်နှင့် ...ရှေ့ဘက်တရုတ်နယ်စပ်မှ အပြင်းချီတက်လာကာ ...ကြီးနားမြို့စောင့်တပ်နှင့် ပူးပေါင်းခဲ့လေသည်။

မေလကုန်၌ မြစ်ကြီးနားတွင် ဂျပန်အင်အား ...၀၀ ခန့်နှင့် တပ်မ (၅၆) တပ်မမှူးဗိုလ်ချုပ်မိဇုကာမီ ...ယ်တိုင် ခံစစ်ကို ကွပ်ကဲလျက်ရှိတော့သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စတီးဝဲလ်သည် မိုးကောင်းကိုပါ ရရှိခဲ့ပြီးဖြစ်သ...
မြစ်ကြီးနားတိုက်ပွဲ၌ အနီးကပ်ကွပ်ကဲရန် စိတ်အာ...
ထက်သန်လျက်ရှိ၏။ သို့ရာတွင် သူ့အား မကြာခဏ...
ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က ချုံကင်းသို့ လှမ်းခေါ်ပြန်...
အိန္ဒိယရှိ နယူးဒေလီစစ်ဌာနချုပ်ကလည်း အရေးတ...
ဆွေးနွေးမှုများရှိသဖြင့် သူ့ကို ခေါ်ပြန်သည်။ သူ့ ကွပ်ကဲ...
အောက် ပေးထားသည့် ချင်းဒစ်တပ်မှူးကြီး ဒိုလ်...
လင်တိန်းနှင့်လည်း စတီးဝဲလ် အဆင်မပြေပါ။ သူ့အထ...
က သူ့ကိုကွပ်ကဲနေသည့် ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်...
လည်း သူအစေးမကပ်ပါ။ ဗိုလ်ချုပ်မဲရီးလ်၏ ဂါလာဟ...
တပ်မှာလည်း အင်အားလွန်စွာလျော့နည်း၍နေ၏။ ဗိုလ်ချု...
မဲရီးလ်ကိုယ်တိုင် ဆေးရုံတင်ထား ရသည်။ စတီးဝဲလ်...
စစ်မြေပြင်တွင် ကြာကြာမနေရဘဲ တရုတ်နှင့်အိန္ဒိယ...
မကြာခဏ သွားနေရသည်။ တပ်တွေကို သူ့အောက်...
လူများ လွှဲထားရ၏။

သူ့တပ်တွေမှာ စစ်မြေပြင်တွင် အချိန်ကြာခဲ့ပြီ...
သဖြင့် အလွန်စစ်ပန်းနေကြ၏။ တောကြီးမျက်မည်းအတွ...
ခရီးရှည်နှင်ခဲ့ရသော ဂါလာဟတ်တပ်များမှာ ဝမ်းကို...





ရောဂါ၊ ငှက်ဖျားရောဂါ၊ အူရောင်ငန်းဖျားရောဂါများ ဖြစ်ပွားနေသည်။ ဖွန်လဆန်းတွင် ဂါလာဟတ်တပ်မှ စစ်သည် ၅၀ နီးပါး တိုက်ပွဲကျဆုံးသွားပြီး စစ်ဆင်ရေးတစ်ခုလုံး အင်အား ၂၀၀၀ ကျော်ခန့် ပြုန်းတီးခဲ့၏။

စတီးဝဲလ်၏တပ်များမှာ စုပေါင်းစပ်ပေါင်းဖြစ်နေ၏။ အင်အား တဖြည်းဖြည်းများလာသော်လည်း ကွပ်ကဲမှုမှာ စတီးဝဲလ်ကိုယ်တိုင် အနီးကပ် မကြပ်မတ်နိုင်ခြင်းကြောင့် စုစည်းစည်းမရှိဖြစ်နေ၏။ တရုတ်က တစ်မျိုး၊ အင်္ဂလိပ်က တစ်မျိုး၊ အမေရိကန်ကတစ်မျိုးဖြစ်နေ၏။

စတီးဝဲလ်က သူမရှိစဉ်ကာလ၌ သူ့ဌာနချုပ်ကို ကွပ်ကဲရန် ဗိုလ်ချုပ်ဘုတ်တနာကို လွှဲထား၏။

တောင်ဘက်တွင် လှုပ်ရှားနေသော ချင်းဒစ် စစ်ကြောင်းများအား ဂျပန်တပ်များ မြစ်ကြီးနားကို အင်အား ဖြည့်နိုင်ရန် တောင်ဘက်မှ ပိတ်ဆို့ထားရေး စတီးဝဲလ်က တာဝန်ပေးထား၏။ ရထားလမ်းအတိုင်းသွားပြီး ဟုိပင်နှင့် ဆားမော်ရှိ တပ်မ (၁၈) မှ ဂျပန်များကို ရှင်းခိုင်း၏။ ချင်းဒစ်များနှင့် တာနာကာတပ်များ အပြင်းအထန် တိုက်ကြရ၏။ တာနာကာ၏ တပ်မ (၁၈) မှ တပ်ကူများ



www.burmeseclassic.com

www.burmeseclassic.com




မြစ်ကြီးနားဝင်မလာဲရေး လှမ်းထိန်းလိုက်ခြင်း ဖြစ်၏
တပ်မဟာ (၇၇) နှင့် (၁၁၁) တို့သည် လမ်းကြောင်းတစ်
လျှောက် ဂျပန်တပ်မ (၁၈) မှတပ်များနှင့် တိုက်ပွဲဖြစ်နေ၏

မြစ်ကြီးနားတိုက်ပွဲ၌ နှစ်ဖက်လုံးက နားလည်
တတ်စွမ်းကြသလို မီးကုန်ယမ်းကုန်တိုက်ကြပါ၏။ ရံဖန်
ရံခါနှစ်ဖက်တပ်များမှာ ကိုက် ၅၀/၁၀၀ အသိသာ ကွာ
ကြတော့သည်။ ခံစစ် အလွန်ကျွမ်းကျင်သော ဂျပန်တို့က
ဗုံးခိုကျင်းများ တူးကာ အသေအကျေခုခံကြ၏။ စက်
သေနတ်များ၊ မော်တာများသာမက အနီးကပ်တိုက်ပွဲများ၌
လက်ပစ်ဗုံးများပါ သုံးကြသည်။ ထို့ကြောင့် မဟာမိတ်များ
မျှော်မှန်းထားသလို လွယ်လွယ်ကူကူ အောင်မြင်မှု မရပါ
ချေ။ အကျအဆုံးသာများနေသည်။ ရာသီဥတုလည်း
မိုးသည်းထန်စွာ အဆက်မပြတ်ရွာနေ၍ တိုက်ပွဲများအားလုံး
မိုးထဲ လေထဲတွင် ဆင်နွှဲနေရ၏။

ဤသို့ဖြင့် ဇွန်လတစ်လလုံး စစ်အီနေသည်
မြစ်ကြီးနားကို မရနိုင်သေး။ ခုခံနေသည့် ဂျပန်က အင်အား
၄၀၀၀ ကျော်ခန့်သာဖြစ်သော်လည်း စတီးဝဲလ်၏လက်ထဲ၌
တရုတ်တပ်တော်များ ချင်းဒစ်တပ်မဟာများ အမေရိကန်





www.burmeseclassic.com

www.burmeseclassic.com





အထူးတပ်ဖွဲ့များ၊ အိန္ဒိယမှထပ်မံပို့လိုက်သည့် ဗြိတိသျှစစ်ကူများနှင့် ဆိုပါက အင်အား ၃၀၀၀၀ ကျော် ပေသည်။ သို့ရာတွင် အားလုံးက စစ်ပန်းနေပြီး သူတစ်လူငါတစ်မင်းလည်း ဖြစ်နေကြ၏။

ဂျပန်မြို့စောင့်တပ်ကလည်း နောက်ဆုံးခံစစ်မို့ ရဲရဲတောက် အသေခံကာတိုက်ခိုက်ကြ၏။ မြို့စောင့်တပ်မှူးကြီး ဗိုလ်ချုပ်မိဇုကာမီကိုယ်တိုင်က –

“မြစ်ကြီးနားမြို့ကို မိမိအသက်နှင့်လဲ၍ ခုခံတာကွယ်ပါမည်။”

ဟု အထက်သို့ အစီရင်ခံထားသည်။ အားလုံးက သေဖို့ပိုင်းဖြတ်ထားသူများဖြစ်နေ၏။ ဆေးရုံတက်နေသူ ရဲဘော်များပင်လျှင် သေနတ်ကိုင်၍ ဝင်တိုက်နိုင်က ဝင်တိုက်ကြ၏။ အခြေအနေ ဤသို့ဖြစ်နေလေသည်။

ဇူလိုင်လထဲ၌ စတီးဝဲလ်က တောင်ဘက်ရှိ ချင်းဒစ်မှ မောရစ်တပ်ဖွဲ့ကို လှမ်းမှာပြီး မြစ်ကြီးနားကို ဝင်တိုက်စေ၏။ တရုတ်တွေ အမေရိကန်တွေ သွေးကြောင်သွားကြပြီဟု ထင်ပုံရ၏။ သို့ရာတွင် မောရစ်တပ် ဖွဲ့သည်လည်း ဂါလာဟတ်တပ်များကဲ့သို့ပင် မူလလူအင်အား



www.burmeseclassic.com

www.burmeseclassic.com



၁၃၀၀ ရှိခဲ့ရာမှ ယခုအခါ ရာဂဏန်းသာ ကျန်တော့၏။ တာဝန်ပေး၍မရတော့ချေ။ စတီးဝဲလ် ပေါက်ကွဲသွားတော့၏။

"မင်းတို့အားလုံး အလကားကောင်တွေ၊ ဂျပန် အသံကြားရင် ကြောက်နေတဲ့ကောင်တွေ၊ ညာဝါးဖြီးဖြန်း နေတဲ့ကောင်တွေ၊ စစ်မတိုက်ချင်တဲ့ကောင်တွေ၊ သုံးစား မရတဲ့ကောင်တွေ"

ဟု ကြိမ်းမောင်းကာ တပ်မှူးများကို အတင်းဖိအား ပေးတော့၏။ အရေးယူ၏။ ကြေးနန်းများဖြင့် အထက်သို့ တိုင်ကြား၏။ နောက်ဆုံး အင်္ဂလိပ်ဗိုလ်ချုပ်ကြီး စလင်း ကိုယ်တိုင် လိုက်လာပြီး ဖြေရှင်းပေးရတော့သည်။ ဤတွင်မှ ပြဿနာက ပြီးသွားတော့၏။ နေမကောင်းနေသူများကို အိန္ဒိယသို့ ပြန်ပို့သည်။ ဗြိတိသျှတပ်မဟာတစ်တပ်နှင့် အမေရိကန်ဂါလာဟတ် လူသစ်များ ထပ်ဖြည့်သည်။

ဇူလိုင်လတွင် တရုတ်တပ်မ ၂၃ စစ်ကူရောက်ရှိ လာသဖြင့် မြစ်ကြီးနားကို ဝိုင်းရံထားသည့် မဟာမိတ် တပ်များ မြို့နှင့်နီးသည်ထက် နီးအောင် ဝိုင်းပတ်လာကြ သည်။ ဂျပန်တို့ဘက်တွင်မူ မည်သည့်စစ်ကူမှ မရောက်



လာပါ။ ဒါသာမက မြို့ထဲတွင် ခဲယမ်းနှင့် ရိက္ခာကုန်လုပြီ ဖြစ်၏။

"ရန်သူမှ ရှိသမျှလူ၊ လက်နက် ပုံအော၍ တိုက်နေပါသည်။ မိမိတို့တွင် ရိက္ခာနှင့် ခဲယမ်း မလုံ လောက်တော့ပါသဖြင့် ရေရှည်မြို့ကို ထိန်း၍ ခံစစ် ဆင်ရန်မဖြစ်နိုင်တော့ကြောင်း တင်ပြအပ်"

မြို့စောင့်တပ်မှူး ဗိုလ်ချုပ်မိဇူကာမိက အထက်ပါ အတိုင်း ဗိုလ်ချုပ်ကြီးဟွန်းဒသို့ တင်ပြစေသည်။

ဗိုလ်ချုပ်ကြီးဟွန်းဒ၏ တပ်တော်ဌာနချုပ်မှာ လည်း ဘာမျှလုပ်မပေးနိုင် ဖြစ်နေ၏။ ဘာမျှလုပ်မပေးနိုင် သဖြင့် ဇူလိုင်လနောက်ဆုံးအပတ်၌ ဟွန်းဒ၏ တပ်တော် ဌာနချုပ်မှ ခံစစ်ဆင်နေသူအားလုံး မြစ်ကြီးနားမှ ခွာစစ် ဆင်ရန် ခွင့်ပြုခဲ့ပြီး မြို့စောင့်တပ်မှူးကြီး မိဇူကာမိအား ဒုဗိုလ်ချုပ်ကြီးရာထူးတိုးပေးလိုက်၏။

ထိုအမိန့်ကိုရရှိပြီးနောက် ဩဂုတ်လ ၁ ရက်နေ့၌ မြို့စောင့်တပ်မှူးကြီး ဗိုလ်ချုပ်ကြီးမိဇူကာမိသည် အားလုံး တို့ မြစ်ကြီးနားမှ ထွက်ခွာခွင့်ပြုလိုက်ပြီး သူကိုယ်တိုင်မူ ဂျပန်ဘုရင်ကို တိုင်တည်ကာ ဟာရာကီရီလုပ်ပြီး သတ်သေ

www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

ဂျပန်တို့၏ ဤအခြေအနေကို မသိသေးသော နောက်ရောက်လာသည့် အမှတ် (၅၀) တရုတ်ခြေလျင် တပ်မမှ မိုက်မိုက်ကန်းကန်း စွန့်စားရဲသော တပ်မှူး ဗိုလ်ချုပ်ကြီး ပန်ယုကွန်က သူ့တပ်မမှ လက်ရွေးစင် ၅ ၄၀၀ ခန့် စုဖွဲ့ပြီး မြစ်ကြီးနားမြို့တွင်းသို့ စိမ့်ဝင်စေ ဩဂုတ်လ ၃ ရက်နေ့တွင် သူတို့တပ်မမှ အရှေ့ဦး တိုက်ပွဲဆင်နွှဲတော့သည်။ မြို့တွင်းရောက်နေသည့်သူတို့ ဂျပန်များ ကစဉ့်ကလျားဖြစ်အောင် လုပ်ခဲ့ကြ၏။ မြစ်ကြီး နားမှ ခွာစစ် ဆင်ရန် ဆုံးဖြတ်ပြီးဖြစ်သော ဂျပန်နောက်ချ တပ်မှူး ဗိုလ်မှူးကြီး မာရူယာမနှင့် အင်အား ၆၀၀ ခန့် ဧရာဝတီမြစ်ကို ဖြတ်ကူးကာ တောင်ဘက်သို့ ဆုတ်ခွာ သွားကြတော့၏။ ထိုနေ့ မွန်းလွဲပိုင်းတွင် အမေရိကန်နှင့် တရုတ်တပ်များက မြစ်ကြီးနားမြို့ကို ဝင်သိမ်းလိုက်ရာ ၂ လကျော် ကြာမြင့်ခဲ့သည့် မြစ်ကြီးနား တိုက်ပွဲကြီး အပြီး သတ် နိဂုံးချုပ်သွားပါတော့သည်ခင်ဗျား။





**တိုက်ပွဲအဆုံးအရှုံးများ**

မဟာမိတ်တပ်ပေါင်းစု

(က) တရုတ်

၄၀၀၀ ခန့် သေကျေဒဏ်ရာရ

(ခ) အမေရိကန်

၁၂၀၀ ခန့် သေကျေဒဏ်ရာရ

ဂျပန်

(က) ကျဆုံး ၃၀၀၀ ခန့်

(ခ) ဖမ်းဆီးရမိ ၁၈၇ ယောက်

(အားလုံးအိပ်ရာမှမထနိုင်သည့် လူနာများသာဖြစ်သည်။)

**တိုက်ပွဲနောက်ပိုင်းအဖြစ်အပျက်များ**

မြစ်ကြီးနားတိုက်ပြီး သိမ်းသည့်အချိန်တွင် ဝေဗယ်လ်သည် သီရိလင်္ကာနိုင်ငံရှိ အရှေ့တောင်အာရှ စစ်ဌာနချုပ် SEAC သို့ ရောက်နေသည်။ SEAC တွင် ဂျပန်တို့အား အဆုံးသတ်စစ်ပွဲဆင်နွှဲရန် မဟာမိတ် တပ်မှူးကြီးများ တွေ့ဆုံဆွေးနွေးလျက်ရှိ၏။

ဂျပန်တို့၏ အင်ဖာကိုဟီးမားထိုးစစ် UGO



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးကြီးလည်း အရေးနိမ့်ကာ ပရမ်းပတာဖြင့် အနောက်ရိုးမက ဆင်းချသွားပြီဖြစ်၏။

ယခုမြစ်ကြီးနားကိုပါ အမေရိကန်တို့က သိမ်းလိုက်နိုင်သဖြင့် စတီးဝဲလ်အတွက် SEAC တွင် အထူး မျက်နှာပွင့်သွားတော့၏။ ဒါသာမကပါ။ သူ့အား သမ္မတက ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ပေးခြင်းခံရ၏။ ထိုစဉ်က ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးများမှာ အမေရိကန်တပ်မတော်၌ မက်အာသာ၊ မာရှယ်နှင့် အိုက်ဆင်ဟောင်ဝါတို့သာ ရှိလေသည်။

သူ၏မိတ်ဆွေကြီး ဗိုလ်ချုပ်ကြီးစလင်းကလည်း –

''အချိန်ကြာမြင့်စွာ ကြန့်ကြာခဲ့ရသည့် မြစ်ကြီးနား ပြန်လည်သိမ်းပိုက်ရေးကိစ္စ အောင်မြင်လိုက်ပြီ။ စတီးဝဲလ်ရဲ့ စစ်ဆင်ရေး ပထမအဆင့် အောင်မြင်စွာ ပြီးသွားပြီ။ မြန်မာပြည်မြောက်ပိုင်း ထိုးစစ်အောင်ပွဲဟာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်နဲ့ တရုတ်တပ်တွေရဲ့ အောင်ပွဲပါပဲ။ ဒါဟာ ဗိုလ်ချုပ်ကြီး စတီးဝဲလ်ရဲ့ ခေါင်းဆောင်မှုကြောင့်လို့ ဆိုရမယ်''

ဟု မှတ်ချက်ပြုခဲ့သည်။


မြရတနာစာပေ



မိုးကောင်းဒေသမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




လီဒိုမှတရုတ်ပြည်သို့လမ်းမကြီးပြမြေပုံ



မြစ်ကြီးနားတိုက်ပွဲအပြီး၌ ရက်အတော်ကြာ စတီးဝဲလ်သည် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ အနားယူနေခဲ့သည်။ ယခုမှ သူ့အတွက် နေသာထိုင်သာဖြစ်သွားသည်။ မြစ်ကြီးနားကို ဂျပန်တွေလက်ထဲက လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် မရနိုင်ဟု အားလုံးက တွက်ထား၍ ကမ္ဘာလုံးက စောင့်ကြည့်နေကြသည်။ ယခုတော့ အားလုံးက သူ့ကို ယုံသွားကြပြီ။ အားလုံးနှင့် အတိုက်အခံလုပ်ကာ မြစ်ကြီးနားကို သူတိုက်ခဲ့ခြင်း ဖြစ်သည်။

သီရိလင်္ကာမှအပြန် မြစ်ကြီးနားကို သူလာသည်။ ပြီးပြတ်သေးသော လီဒိုလမ်းကိစ္စကို အစသတ်သည်။ သူ့သားနှင့် သမက်များကို တွေ့ဆုံသည်။ သမက် နှစ်ဦးမှာလည်း သူ့ကွပ်ကဲမှုအောက်က ဗိုလ်မှူးများ ဖြစ်ကြ၏။

တိုက်ပွဲဝင်တပ်မှူးများကို တွေ့သည်။ ချီးကျူးစကား ပြောသည်။ ဗြိတိသျှတပ်မှူးများကို တောင်းပန်စကား ဆိုသည်။

သူ၏ **Stilwell's Papers** မှတ်တမ်း၌ အောက်ပါအတိုင်း သူ ရေးခဲ့သည်။

"တပ်မှူးကောင်းတို့မည်သည် မြင့်မားသော



www.burmeseclassic.com

www.burmeseclassic.com



စရိက်လက္ခဏာရှိရမည်။ ဆုံးဖြတ်နိုင်စွမ်းရှိရမည်။ ခိုင်မာသောကျင့်ဝတ်ရှိရမည်။ ရဲစွမ်းသတ္တိရှိရမည်။ လုပ်ငန်းကျွမ်းကျင်နိုင်နင်းရမည်။ ဘက်လိုက်မှု ကင်းရမည်။ ချီးမြှောက်သင့်သူများကို ချက်ချင်း ချီးမြှင့်မြှောက်စားရမည်။ အပြစ်ပေး အရေးယူစရာရှိလျှင်လည်း အမြန်အရေးယူရမည်။ အခက်အခဲများ ကြုံတွေ့ချိန်တွင် တည်ငြိမ်ရမည်။ မာန်မာနနှိမ့်ချရမည်။ သည်းခံရမည်။ စိတ်ရှည်ရမည်။ အကြံကောင်း ဉာဏ်ကောင်းပေးလာလျှင် လက်ခံနိုင်ရမည်။ ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းလည်း ရှိရမည်။ ဆုံးဖြတ်ပြီးလျှင်လည်း မဖြစ်မနေ အကောင်အထည်ဖော်ရမည်''

အတော်များများမှာ ဆန်ဆု၏စစ်ပညာကျမ်းမှ အဆိုအမိန့်များသာတည်း။

စတီးဝဲလ်ကား စစ်ပညာရှင်ကြီး ဆန်ဆုလို တွေးတောနိုင်သူဖြစ်ပြီး သူ့စကားနှင့်အညီ သူ ဆုံးဖြတ် တိုက်ခိုက်ဝင်ခဲ့သော မြစ်ကြီးနားမြို့ကြီးအား ရအောင်တိုက်သွားပြီး အထက်ပါအတိုင်း သူ၏မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်ခဲ့လေသည်။





သူပြောသည့်အတိုင်း သူလိုက်နာသွားသည့်အသိမှုးကြီးပါပေ။

## တိုက်ပွဲသုံးသပ်ချက်များ

### အင်အားနှိုင်းယှဉ်ချက်

မြစ်ကြီးနားတိုက်ပွဲတွင် အင်အားနှိုင်းယှဉ်ချက်တစ်ခုတည်းနှင့် အဖြေထွက်လောက်ပါသည်။ မြစ်ကြီးနားကို စတီးဝဲလ်၏ အမေရိကန်တပ်နှင့် တရုတ်တပ်များက ၁၉၄၄ ခု မေလ ဒုတိယပတ်တွင် စတိုက်ခဲ့၏။ မေလ ၁၇ ရက်တွင် အမေရိကန်ဗိုလ်ချုပ် မဲရီးလ်၏ မရောဒါးခေါ် ခြေလာဟတ်တပ်များက မြစ်ကြီးနား လေယာဉ်ကွင်းကို အငိုက်ဖမ်းသိမ်းပိုက်နိုင်သည်။ ထိုအချိန်က မြစ်ကြီးနားမြို့တွင် ဂျပန်အစောင့်တပ်အင်အား တစ်ထောင်ခန့်သာရှိပါသည်။ လေယာဉ်ကွင်းမှာလည်း မြို့နှင့် အတန်ငယ်ဝေးသဖြင့် ကွပ်ကဲမှု လွတ်သလိုဖြစ်နေသည်။

မြို့စောင့်တပ်မှာ တပ်မ (၁၈) မှ ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မာရှယာမနှင့် တပ်ရင်းကြီး (၁၁၄) မှ ဖွဲ့စည်းပုံနှင့် လွန်စွာ အင်အားလျော့နည်းနေသည့် တပ်ရင်း နှစ်ရင်းသာရှိသည်။ လေယာဉ်ကွင်းကို အမှတ် (၁၅) လေတပ်မှ အင်အား လေးငါးဆယ်ဖြင့် တာဝန်ယူထားပြီး မြို့တွင်း၌ ခေါင်းရုံထား နေသည့် လူနာအမျိုးစုံနှင့် တပ်ပေါင်းစုံမှ နောက်ချန် အင်အားစုပေါင်းစပ်ပေါင်း တစ်ထောင်ခန့်သာ ရှိသည်။ ထို့ကြောင့် ဗိုလ်ချုပ်မဲရီးလ်၏ ဂါလာဟတ်တပ်မှ လေယာဉ် ကွင်းကို အငိုက်ဖမ်းတိုက်ရာ အင်အား အဆမတန်ကွာ သဖြင့် ဂျပန်တို့ လေယာဉ်ကွင်းကို စွန့်ပြေးခဲ့ရသည်။ လေယာဉ်ကွင်းကို တရုတ်တပ်ရင်းကြီး နှစ်ရင်းအား အမေရိကန်ဗိုလ်မှူးကြီးဟန်းတားက ဦးဆောင်ပြီး အင်အား ဆယ်ဆကျော်ဖြင့် တိုက်ခိုက်ခဲ့သည်။

မြစ်ကြီးနားလေယာဉ်ကွင်းမှာ မြို့၏အနောက်ဘက် တွင် ရှိပြီး ငါးမိုင်ခန့်ဝေးကွာသေးသည်။ အမေရိကန်တို့ လေယာဉ်ကွင်း သိမ်းမိပြီ သိလျှင် ဂျပန်တို့ အဆောတလျင် အင်အားဖြည့်တော့သည်။ မြစ်ကြီးနား လေယာဉ်ကွင်းကို သိမ်းပြီး နောက်နေ့ မြို့တွင်းသို့ တရုတ်တပ်မများနှင့် ဝင်တိုက်ရာ ပြန်လန်ထွက်သွားသည်။ နှစ်ကြိမ် သုံးကြိမ်





တိုက်သော်လည်း မအောင်မြင်ပါ။ ရက်သတ္တတစ်ပတ် အတွင်း ဂျပန်တို့ အင်အားပြန်ဖြည့်ရာ လူ ၃၀၀၀ ခန့် ဖြစ်သွားသည်။ ထိုအင်အားများမှာ အမှတ် (၁၈) တပ်မနှင့် အမှတ် (၅၆) တပ်မမှ အင်အားစု အချို့နှင့် စုပေါင်း စပ်ပေါင်း အင်အားများသာဖြစ်ပြီး အများဆုံး တိုက်ခိုက်ရေး အင်အားမှာ ၃၅၀၀ ခန့်သာ ရှိပါသည်။

မြစ်ကြီးနားကို လုပ်ကြံသည့် ဗိုလ်ချုပ်ကြီးစတီး ဝဲလ်၏ လက်ထဲ၌ အမေရိကန်တပ်မဟာတစ်ခု၊ တရုတ် တပ်မ ငါးခု၊ ဗြိတိသျှတို့ မြင်းတပ်ဖွဲ့ စုစုပေါင်း လူပေါင်း (၃၀၀၀၀) သုံးသောင်းကျော်ရှိသည်။ ထို့အပြင် အမေရိကန် လေတပ်ကလည်း အကူရသေးသည်။

အမေရိကန်တပ်များက အင်အား ဆယ်ဆအသာ ဖြင့် မြစ်ကြီးနားမြို့အား ကြည်းကြောင်း၊ လေကြောင်း၊ လေကြောင်း ဝိုင်းဝန်းတိုက်ခိုက်ရာ နှစ်လခွဲကြာမှ ဩဂုတ် လ (၃) ရက်နေ့တွင် မြစ်ကြီးနားကို သိမ်းနိုင်၏။

အမေရိကန်တိုက်စစ်ကို ဘာမှုအထင်ကြီးစရာ မရှိပေ။ ကျွန်တော်တို့ ငယ်စဉ်က မြန်မာတပ်မတော် တပ်စု တပ်စိတ်စခန်းလေးများအား ဗကပမှ တပ်ရင်းကြီးများ



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာများနှင့် ဝင်တိုက်သည့်အတိုင်းပင် ဖြစ်၏။

**စိတ်ဓာတ်**

စိတ်ဓာတ်ရေးအရ ဂျပန်တို့ကို ပိုချီးကျူးရမည်။ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်နှင့် အင်အားဆယ်ဆသာသည့် ရန်သူကို နှစ်လခွဲခန့် မြစ်ကြီးနားမြို့တွင်းမှ ခုခံသွားသည်မှာ ချီးကျူးစရာပါ။

စတီးဝဲလ်၏တပ်များ မြစ်ကြီးနားကို သိမ်းသည့်အခါ စစ်သုံ့ပန်းအဖြစ် ဖျားနာပြီး အိပ်ရာမှမထနိုင်သည့် ဂျပန်စစ်သား (၁၈၇) ယောက်သာ ရ၏။ ကျန်အားလုံးတို့သည် လမ်းလျှောက်နိုင်သူ မှန်သမျှ မြစ်ကြီးနားမှ ဆုတ်ခွာနိုင်သဖြင့် ဂျပန်တို့၏စိတ်ဓာတ်ကို အလွန်ချီးကျူးစရာကောင်းလှ၏။

**အုပ်ချုပ်ထောက်ပံ့မှုပြဿနာများ**

ဂျပန်တို့စစ်ရှုံးရခြင်းသည် အုပ်ချုပ်ထောက်ပံ့မှု (Logistics) ကို ဂရုမပြုသောကြောင့်ဖြစ်၏။ မြစ်ကြီးနားမှာ မဟာဗျူဟာအရ အလွန်အရေးပါသော်လည်း





လိုအပ်သည့်အချိန်တွင် လုံလောက်သည့် ပစ္စည်းကူစစ်ကူများ ဂျပန်တို့ဘက်မှ မပေးနိုင်ခဲ့ပါ။ အုပ်ချုပ်ထောက်ပံ့မှု ပြဿနာများကိုလည်း ဖြေရှင်းမပေးနိုင်ပါ။ အင်ဖာတိုက်ပွဲကြီးတွင်လည်း အရေးနိမ့်ခဲ့ပြီး မြစ်ကြီးနားမှာ ခံစစ်ဆင်နေသော တပ်မ (၁၈) နှင့် တပ်မ (၅၆) မှ ရန်သူများကို ပိုမိုရင်ဆိုင်ရပြီး တဖြည်းဖြည်းနှင့် လုံးပါးပါးခဲ့၏။ ဂျပန်တို့၏ အထက်ဌာနချုပ် **Higher Formation** တွင်လည်း အပြောင်းအရွှေ့ဖြစ်ပေါ်နေပြီး ဖွဲ့စည်းပုံပျက်လျက် ဂျပန်တပ်မတော်၏ ထုံးစံအတိုင်း အုပ်ချုပ်ထောက်ပံ့မှု ပြဿနာများအား လျစ်လျူရှုခံရသဖြင့် မြစ်ကြီးနားတိုက်ပွဲလည်း အရေးနိမ့်ခဲ့ရသည်။ မည်မျှပင် စိတ်ဓာတ် ကောင်းမွန်ပါစေ ဖွစ္စည်းပစ္စယမပြည့်စုံဘဲ စစ်တိုက်၍မရပါ။ စားစရာမရှိဘဲ ဗိုက်စား၍ စစ်တိုက်မရ။ အဘက်ဘက်က ချို့တဲ့နေသဖြင့် လေကြောင်းမှ ထောက်ပံ့မှု အဆက်မပြတ်ရနေသည့် အမေရိကန်တို့အား ဂျပန်တို့ စစ်ရှုံးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

**မဟာဗျူဟာသုံးသပ်ချက်**

ဂျပန်တို့သည် မဟာဗျူဟာသုံးသပ်မှု မှားယွင်းခြင်းကို ပုလဲဆိပ်ကမ်းစတိုက်ကတည်းက အမှားအယွင်းဖြစ်ခဲ့ပါသည်။ မိမိတို့ထက် စက်မှုစွမ်းအားနှင့် နည်းပညာအဆမတန်သာလွန်သည့် အမေရိကန်ကို စိတ်လိုက်မာန်ပါ ပုလဲဆိပ်ကမ်းကို အငိုက်ဖမ်း စစ်ပြု၍ တိုက်ခိုက်ပြီး ကနဦးအောင်မြင်မှု ရသည်နှင့် စစ်နိုင်ပြီး အထင်ရှိ၏။ ရေရှည်တွင်ကား လူ၊ လက်နက်နှင့် နည်းပညာ အဖက်ဖက်ထသာလွန်နေသည့် အမေရိကန်သာ အောင်ပွဲခံခဲ့၏။ ယခုလည်း အင်အားတောင့်တင်းပြီး စနစ်တကျ ခံစစ်ပြင်ထားသော အင်္ဂလိပ်တို့၏ အင်ဖာကို ဟီးမားအား မိမိတို့အုပ်ချုပ်ထောက်ပံ့မှု မပြည့်စုံဘဲ ခရီးဝေး ချီတက်တိုက်ခိုက်ရန် မဟာဗျူဟာအရ မှားယွင်းစွာ ဆုံးဖြတ်ခဲ့ပြီး ထိုအမှားကြောင့် ဂျပန်တပ်မတော်ကြီးသည် မြန်မာပြည် စစ်မြေပြင်၌ ခါးကျိုးခဲ့ရသည်။ ထိုခါးရိုးကြီး ကျိုးသွားသည်နှင့်မြန်မာပြည်ရှိ ဂျပန်တပ်မတော်တစ်ခုလုံး ပြိုဆင်းသွားကာမြောက်ဘက်အစွန်ဆုံး မြစ်ကြီးနားမြို့ကြီး မဟာမိတ်တို့လက်ထဲ ကျသွားတော့သည်။





ဤမြစ်ကြီးနားတိုက်ပွဲကား ဂျပန်တို့၏ ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလ မြန်မာပြည်စစ်မြေပြင်တွင် ကျင့်သုံးခဲ့သော မဟာဗျူဟာအမှား၏ အဆိုးရွားဆုံးထဲမှ တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည်ခင်ဗျာ။

■



www.burmeseclassic.com



[illegible]

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

## ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တိုက်ပွဲကွပ်ကဲမှုများ

ဒါန်း

ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ တိုက်ပွဲကွပ်ကဲမှုများကို
ခင်စာအုပ်များနည်းတူ စစ်အောင်ရာသော အကြောင်း
ရားကြီးများနှင့်ပင် ချိန်ထိုးသုံးသပ်တင်ပြသွားပါမည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် မြန်မာပြည်စစ်မြေပြင်
သို့ ၁၉၄၂ ခုနှစ် နှစ်ဝတွင် ရောက်ခဲ့၏။ ၁၉၄၄ ခုနှစ်
ဩဂုတ်လ မြစ်ကြီးနားမြို့ကို သိမ်းပိုက်ရရှိပြီးနောက် သူ၏



www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးတာဝန်ပြီးဆုံးပြီး တရုတ်ပြည်သို့ ပြန်သွားခဲ့ရ
တရုတ်အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်ကြီးချန်ကေရှိတ်နှင့်
မပြေမလည်ဖြစ်ကာ ဘေးမှ ပိုင်းဝန်း ညှိနှိုင်းမရတော့သဖြင့်
သမ္မတရုစဗဲ့က သူ့အား ဝါရှင်တန်သို့ ပြန်ခေါ်ခဲ့၏။

၁၉၄၂ မှ ၁၉၄၄ ခုနှစ်ထိ သူသည် သုံးနှစ်နီးပါး မြန်မာပြည်စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်သွား ထိုကာလ၌ သူသည် ခံခွာတိုက်ချီ စစ်ကဏ္ဍကြီးလေး လုံးနှင့် ကြုံဆုံသွားရ၏။ တိုက်ပွဲအမျိုးစုံကို သူ ကြုံရ လူမျိုးပေါင်းစုံကို သူ ကွပ်ကဲခဲ့ရ၏။ သူ၏ကွပ်ကဲမှု အဓိကတရုတ်လူမျိုးများကို ကွပ်ကဲခဲ့ရခြင်း ဖြစ်၏။ တရုတ် တပ်များနှင့် သူ စစ်တိုက်ခဲ့ရခြင်းဖြစ်၏။

သူ၏တိုက်ပွဲကွပ်ကဲမှုများကို ၁၉၄၂ ခုနှစ် အစော ပိုင်း မြန်မာပြည်မှ ဆုတ်ခွာစစ်ဆင်ရာတွင်လည်းကောင်း ၁၉၄ ခုနှစ် ဟူးကောင်းတောင်ကြားတိုက်ပွဲများနှင့် မြစ်ကြီးနား တိုက်ပွဲတို့တွင်လည်းကောင်း အထင်အရှား တွေ့ရပါသည်။

သုံးသပ်ချက်အား အောက်ပါအတိုင်း ဖော်ပြအပ် သည်။



စစ်အောင်ရာသောအကြောင်းတရားကြီးများနှင့် ချိန်ထိုးသုံးသပ်ခြင်း။

(က) ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း။ စတီးဝဲလ်သည် အခြားကမ္ဘာကျော် ဗိုလ်ချုပ်ကြီးများလို ခေါင်းမာသူဖြစ်၏။ မြန်မာပြည်စစ်မြေပြင်၌ တရုတ်တပ်များကို အမှန်တကယ် ဦးဆောင်နိုင်အောင် သူ ကြိုးစားသည်။ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာဖြစ်နေသော တရုတ်စစ်သားများကို အိန္ဒိယသို့ ခေါ်ယူပြီး တိုက်စွမ်း ရည်တိုးတက်လာအောင် သူ လေ့ကျင့်သင်တန်းပေးခဲ့၏။ မီးကျိုးမောင်းပျက် လက်နက်များအစား အမေရိကန်လုပ် မောင်းပြန် လက်နက်ငယ်များကို သူ တပ်ဆင်ပေးခဲ့၏။ အမြောက်ပစ်တတ်အောင် သင်ကြားပေးခဲ့သည်။ တင့်ကား မောင်းတတ်အောင် သင်ကြားပေးခဲ့သည်။ ထို့နောက် အမြောက်တပ်၊ တင့်ကားတပ်များ ဖွဲ့စည်းပေးခဲ့သည်။ ထိုတရုတ်တပ်များကို အမာခံထားကာ အမေရိကန်အစိုးရလိုလားသည့် အိန္ဒိယမှ တရုတ်ပြည်သွားသည့် လီဒိုလမ်းမကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို အများက မဖြစ်နိုင်ဟု ပြောနေသည့်ကြား ရအောင် သူ ဖောက်ခဲ့သည်။ သူ့စစ်လမ်းကြောင်း ကျနေသည့် ဂျပန်အမှတ် (၁၈) တပ်မအား ဟူးကောင်းလွင်ပြင်မှ သူ တိုက်ထုတ်ပစ်နိုင်ခဲ့ သည်။ တရုတ်တပ်တွေ စိတ်ဓာတ်ကောင်းအောင် **Merill's Maraudus** ခေါ် အမေရိကန်ဂါလာ ဟတ် အထူးတပ်ရင်းကြီးကို အိန္ဒိယသို့ ရအောင် ခေါ်ယူကာ တရုတ် အမေရိကန်တပ်ပေါင်းစုကြီး ကို သူဖွဲ့စည်းနိုင်ခဲ့သည်။ နောက်ဆုံး သူ၏ အဓိက ရည်မှန်းချက်ဖြစ်သော မြစ်ကြီးနားမြို့ကို ဝင်တိုက် တော့သည်။ မြစ်ကြီးနားမြို့ အရေးကြီးပုံကို သိ သော ဂျပန်တို့ကလည်း အသေအကျေ ခုခံခဲ့ကြ ၏။ စတီးဝဲလ်က မြစ်ကြီးနားမြို့ကို တပ်ပေါင်းစု ရအောင် တောင်းပြီး ၂ လခွဲခန့် ကြာအောင် တိုက်ပြီးမှ သိမ်းနိုင်ခဲ့လေသည်။ မြစ်ကြီးနားကို ရမှ လီဒိုလမ်းဖွင့်ပြီး အိန္ဒိယက စစ်ပစ္စည်းအမျိုးစုံ တရုတ်ပြည်သို့ ကုန်းလမ်းမှ ပို့နိုင်မည်ဖြစ်သည်။ ထိုရည်မှန်းချက်များကို နောက်ဆုံး သူ ဖယ်ရှား





ခံရသည်အထိ မမိုတ်မသုန် အကောင်အထည် ဖော်သွားသည်ကို တွေ့ရလေသည်။

(ခ) **စိတ်ဓာတ်ကောင်းမွန်ခြင်း။** စတီးဝဲလ်သည် တကယ့်စစ်သားအစစ်ကြီးဖြစ်၏။ ယူနီဖောင်းလှလှ ပပဝတ်၍ မြို့ကြီးများရှိ စစ်ဌာနချုပ်များ၌ ဟန်ရေးပြနေသော ဗိုလ်ချုပ်ကြီးများကို သူ အလွန်မုန်း၏။ သူကိုယ်တိုင်မှုကား သာမန် တိုက်ပွဲဝင်စစ်သားတစ်ယောက်လို ဝတ်စားပြီး ရှေ့တန်းတိုက်ပွဲဝင်တပ်များနှင့်အတူ နေရသည် အား သဘောကျသည်။ ပစ္စတိုအစား ကာဘိုင် သာကိုင်သည်။ သံခမောက်ဆောင်းသည်။ မက် အာသာလို **Peak Cap** မဆောင်း။ နေရာတကာ သူရောက်အောင်သွားသည်။ လီဒိုလမ်း ဖောက်စဉ် ကလည်း လမ်းအူကြောင်းကို ကိုယ်တိုင် လိုက်ရှာ သည်။ မြန်မာပြည်စစ်မြေပြင်ရောက်ခါစက တရုတ် တပ်များကို ကိုယ်တိုင်ခေါင်းဆောင်ပြီး တောင်ကြီး ဟိုပုံးနှင့် လွယ်လင်မြို့များကို ရအောင် တိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာပြည်က ခွာစစ်ဆင်ရတော့ စုပေါင်း စပ်ပေါင်း လူ ၁၀၀ ကျော်အား ခေါင်းဆောင် ပြီး အင်းတော်မှ အင်ဖာအထိ ခြေလျင်ခရီး မိုင် ၁၄၀ ခန့်အား တောအထပ်ထပ် တောင်အသွယ် သွယ်ကို ကျော်ကာ သူသွားပြခဲ့သည်။ သူ၏ စိတ်ဓာတ်ကောင်းမွန်ပြင်းထန်မှုကြောင့် သူ့အား အများက ချီးကျူးလေးစားခဲ့ကြသည်။

(ဂ) **အင်အားကိုတစ်စုတည်းအသုံးပြုခြင်း။** စတီး ဝဲလ်သည် အင်အားကို ခြိုးခြံချွေတာတတ်သူ မဟုတ်။ သူ့အောင်ပွဲများအတွက် အင်အားများ နိုင်သမျှများအောင် သူ ကြိုးစားခဲ့သည်။ မြစ်ကြီး နားတိုက်ပွဲ စစ်အီနေချိန်၌ ရနိုင်သမျှ တရုတ်၊ အင်္ဂလိပ်၊ အမေရိကန်တပ်များကို အတင်းခေါ်ကာ မြစ်ကြီးနားကို ဝန်းရံတိုက်စေသည်။ Concentration of Force လုပ်ပြီး တိုက်ခဲ့ရာ နောက်ဆုံး မြစ်ကြီးနားကို ရသွားသည်။ မည်သူကမှ မြစ်ကြီး နားအား အမေရိကန်တွေ ရအောင်တိုက်နိုင်





လိမ့်မည်ဟု မထင်ကြ။ စတီးဝဲလ်က ထိုအမြင်ကို ချေဖျက်ကာ မြစ်ကြီးနားအား ရအောင်တိုက်သွားခဲ့ နိုင်သည်။ စစ်အင်အားကို တစ်စုတည်း သုံးခဲ့ သောကြောင့် မြစ်ကြီးနားကို အောင်နိုင်ခဲ့ခြင်း ဖြစ်ပါပေသည်။

(ဃ) **လှုပ်ရှားမှုကောင်းမွန်ခြင်း။** စတီးဝဲလ်သည် စိတ်မြန်ကိုယ်မြန်သမား ဖြစ်၏။ သူ့ရည်မှန်းချက် တာဝန် အောင်မြင်စေရန် ခြေလျင်သွားသင့်သည့် နေရာများတွင် ဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ် ပါလျက် ခြေလျင်သွားခဲ့၏။ တရုတ် အိန္ဒိယ မြန်မာ သုံးနိုင်ငံကို လှည့်ပတ်ပြီး လေယာဉ် အဟောင်းလေးတစ်စီးဖြင့် သူ သွားနေခဲ့သည်။ လီဒိုလမ်းဖောက်စဉ်ကလည်း ကားသိပ်မစီး။ အများနည်းတူ ခြေလျင်သာ လျှောက်ခဲ့၏။ သူ့ တပ်တွေကိုလည်း သူ့လို လျင်မြန်စွာ လှုပ်ရှားစေခဲ့ ၏။ သူက စစ်မြေပြင်ဆင်း၍ အတင်းတပ်တွေကို တွန်းခဲ့သော်လည်း ချကြင်းမှနေ၍ ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ချန်ကေရှိတ်က အမျိုးမျိုးသော အမိန့်တွေ ...
ပေးခဲ့သဖြင့် သူနှင့်ချန်ကေရှိတ် မသင့်မ...
ဖြစ်ခဲ့ရသည်။ ချန်က ချုံကင်းမှနေပြီး ဘ...
သွားသူမဟုတ်။ သွားလျှင်လည်း လေယာဉ်...
သာ သွားသူဖြစ်၏။ မည်သို့ဆိုစေ စတီးဝဲလ်...
လှုပ်ရှားမှုကောင်းမွန်ကြောင်း ပြနိုင်ခဲ့လေသည်။

(င) **တိုက်စစ်ဆင်နွှမ်းခြင်း။** စတီးဝဲလ်သည်
တိုက်စစ်ကို လက်နက်ကြီးပစ်ကူ၊ တင့်ကားအ...
လေကြောင်းအကူများဖြင့် ရအောင် စုပေါင်းဆ...
နိုင်ခဲ့၏။ ထို့ကြောင့် ဟူးကောင်‘သွင်ပြင်...
ထိန်းချုပ်ထားသည့် ဂျပန်တို့၏ နာမည်ကျော်...
အမှတ် (၁၈) တပ်မအား သူ လွင့်သွားအောင်
တိုက်ထုတ်ပစ်လိုက်နိုင်ခဲ့၏။ အမှတ် (၁၈) တပ်...
မှာ ဂျပန်နိုင်ငံမှ နာမည်ကျော်ကျူးရှူးကျွန်းသား
များနှင့် ဖွဲ့စည်းထားသော ဂန္ဓမာပန်းအမှတ်တံဆိပ်
တပ်မဖြစ်သည်။ ဗိုလ်ချုပ်ကြီး တာနာကာသည်
လည်း စစ်ရေး စွမ်းရည် အလွန်ထက်မြက်သည်။





www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ခြေလျင်တပ်များ လီဒိုလမ်းတစ်နေရာမှ တွေ့ရစဉ်



အောင်ပွဲအလီလီရလာသော ဂန္ဓမာတပ်မအား ဟူးကောင်းလွင်ပြင်နှင့် မိုးကောင်းလွင်ပြင်မှ တောက်ဘက်သို့ သူ တိုက်ထုတ်ပစ်နိုင်ခဲ့လေသည်။

(စ) အငိုက်ဖမ်းနိုင်ခြင်း။ အငိုက်ဖမ်းမှုကို စတီးဝဲလ်သည် မြစ်ကြီးနားတိုက်ပွဲ၌ အသုံးပြုခဲ့၏။ ၁၉၄၄ ခုနှစ် မေလ၌ သူ့တပ်ပေါင်းစုကြီးက ဂျပန်တပ်မ (၁၈) အား မိုးကောင်းလွင်ပြင်၌ လိုက်တိုက်နေစဉ် မြစ်ကြီးနားက ဂျပန်တပ်များက သူတို့အား လာတိုက်လိမ့်ဦးမည်မဟုတ်ဟု ထင်နေစဉ်မှာပင် စတီးဝဲလ်က ဗိုလ်ချုပ်မဲရီးလ်၊ ဗိုလ်မှူးကြီး ဟန်းတားနှင့် ဂါလာဟတ်တပ်ရင်းကြီးကို တရုတ်တပ်များ ပူးပေါင်းစေကာ မြစ်ကြီးနားမြောက်ဘက်မှ တောတိုးချီတက်စေပြီး ဝင်တိုက်စေသည်။ အငိုက်ရလိုက်၍ မြစ်ကြီး နားလေယာဉ်ကွင်းကို ရလိုက်၏။ လေယာဉ်ကွင်း သိမ်းမိသဖြင့် လေကြောင်း အကူဖြင့် လူနာများ ရွှေ့ထုတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



လူသစ်များ ထပ်ပို့ခြင်း၊ ရိက္ခာနှင့်ခဲယမ်းများ ပို့ပေးနိုင်ခြင်း စသည့် **Logistics** ခေါ် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ရေရှည်စစ်တွင် ဂျပန်များကို အနိုင်ရရှိခဲ့လေသည်။

(ဆ) **သတင်းစုံစွာရယူခြင်း။** စတီးဝဲလ်သည် ဘက်ပေါင်းစုံမှ သတင်းရအောင် ယူနိုင်သူဖြစ်၏။ သူကိုယ်တိုင် တရုတ်စကား ကောင်းစွာတတ်ရာ တရုတ်စစ်သားကလေးများမှသည် တရုတ်ဗိုလ်ချုပ်ကြီးများထံမှ သတင်းများရခဲ့၏။ ထို့ကြောင့်လည်း စောစောစီးစီးကပင် ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်က သူ့ကို မလိုလားကြောင်း သူ သိခဲ့ပြီး ဖြစ်၏။ သို့ရာတွင် သူက သူမှန်သည်ထင်သည်ကိုသာ ဆောင်ရွက်ခဲ့၏။ ရန်သူသတင်းများနှင့် ဘေးနံတပ်သတင်းများအတွက် သူ၏သား ဒုဗိုလ်မှူးကြီး စတီးဝဲလ်ဂျူနီယာနှင့် သမက် ဗိုလ်မှူးများထံက သူ ရအောင်စွမ်းဆောင်နိုင်ခဲ့၏။ ထို့ပြင် သူ့ကို တကယ် စေတနာရှိသော ဗြိတိသျှဗိုလ်ချုပ်ကြီး





ဝီလီယံစလင်းကလည်း သူ့အား အရေးကြီးသတင်းများ မကြာခဏ လူချင်း တွေ့ဆုံကာ ပေးလေ့ရှိ၏။ သူသည် စလင်းနှင့်တည့်သော်လည်း ဝေဗယ်နှင့်လည်းကောင်း၊ မောင့်ဘက်တန်နှင့်လည်းကောင်း ကောင်းစွာ အစေးမကပ်ခဲ့ပါချေ။

(ဇ) **အုပ်ချုပ်ထောက်ပံ့မှုကောင်းမွန်ခြင်း။** စတီးဝဲလ်သည် ခပ်ကြမ်းကြမ်းစစ်သားကြီးဖြစ်သော်လည်း အုပ်ချုပ်ထောက်ပံ့မှုများကိုမူ အလွန်အလေးထား၏။ အထူးသဖြင့် အစစအရာရာ ချို့တဲ့နေသည့် တရုတ် စစ်သားများအတွက် ဝါရှင်တန်မှ ရနိုင်သမျှ သူ မှာယူဖြည့်ဆည်းပေးခဲ့သည်။ မြစ်ကြီးနားကို တိုက်နိုင်အောင် လက်နက်ကြီးများ၊ ထရပ်ကားများ၊ တင့်ကားများဖြင့် တရုတ်စစ်တပ်များကို ဖွဲ့စည်းပေးခဲ့၏။ လေကြောင်းအကူဖြင့်လည်း မြန်မာပြည်တွင်းရောက် သူ့တပ်ပေါင်းစုံအတွက် မှာယူနိုင်ခဲ့သည်။ ထို့ကြောင့် သူ့အတွက် အုပ်ချုပ်ထောက်ပံ့မှုမှာ အတော်ပင် ပြည့်စုံသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုရပေမည်။ ရိက္ခာက အစ လေကြောင်း
သူ ဖြည့်တင်းနိုင်ခဲ့လေသည်။ ဤနည်းအားဖြင့်
စစ်ရေးအောင်ပွဲများ သူ ရခဲ့၏။

(ဈ) **လေကြောင်းအကူအသုံးပြုနိုင်ခြင်း။** စတီး
ဝဲလ်၏ တောတွင်းစစ်ဆင်ရေး၌ လေကြောင်း
အကူမှာ အရေးအပါဆုံးဖြစ်ခဲ့၏။ အမေရိကန်
လေတပ် **A.A.F** နှင့် ဗိုလ်ချုပ်ကြီးချင်းနော့
တရုတ်လေတပ်ကို သူ ရအောင်အသုံးချခဲ့သည်။
သူ၏ **Aggressive** ဖြစ်မှုဖြင့် ဗိုလ်ချုပ်ကြီး ချင်း
နော့နှင့်ပင် မသင့် မတင့်ဖြစ်ခဲ့ရသည်။ ဝင်းဂိတ်၏
ချင်းဒစ်များနှင့် အဆင်မပြေဖြစ်ခဲ့ရသည်။
မည်သို့ဆိုစေ အမေရိကန်တို့ အားသာသော
လေကြောင်းအကူကို သူ သုံးနိုင်ခဲ့၍ လေထော
လုံး၀ ပျက်သုဉ်းလုဖြစ်နေသော ဂျပန်တို့အား
မြန်မာပြည်မြောက်ပိုင်း စစ်ဆင်ရေးတွင် သူ
အနိုင်ရသွားခဲ့လေသည်။





ချုပ်ရမည်ဆိုပါက ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည်
ခေါင်းမာမာနှင့် စစ်မြေပြင်တွင် တပ်ပေါင်းစုံကို အခက်
အခဲအမျိုးမျိုးကြားက ဆိုးဝါးသော ရာသီဥတုများကြားက
ရအောင် ကွပ်ကဲ၍ သူ့တာဝန်ဖြစ်သော မြန်မာပြည်
မြောက်ပိုင်း စစ်ဆင်ရေးကို အောင်မြင်စွာ ဆင်နွှဲခဲ့ပြီး၊
နာမည်ကျော်လီဒိုလမ်းကြီးအား ဖွင့်လှစ်ကာ မြစ်ကြီးနား
မြို့ကြီးကိုပါ ရအောင် တိုက်သွားနိုင်ခဲ့သည်ကို တင်ပြရပါ
သည်ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၀ )

# စတီးဝဲလ် ကြည့်မရသည့် ချန်ကေရှိတ်

## Chiang Kai-Shek အကြောင်း

**နိဒါန်း**

စတီးဝဲလ်က သူကြည့်မရသည့် ချန်ကေရှိတ်အား **Peanut** ပဲလှူဟု ခေါ်ခဲ့၏။ ဘာမှမသိသည့်အလား ခပ်နုံနုံ ဘ်အအ တတ်ယောင်ကားကြီးဟုလည်း စွပ်စွဲပြောဆိုခဲ့၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ချန်ကေရှိတ်သည် သူထင်သလို ခပ်နုံနုံခပ်အအတစ်ယောက် မဟုတ်ပါ။ စတီးဝဲလ်နှင့် ချန်ကေရှိတ် ရင်ဆိုင်ကြရသည့် ၁၉၄၂ ခုနှစ်တွင် ချန် သည် တရုတ်ပြည် လူဦးရေ သန်း ၄၀၀၏ သမ္မတကြီး သာမက တရုတ်အမျိုးသားအစိုးရ၏ General Lissimo စစ်ဦးချုပ်ကြီးလည်း ဖြစ်ပါသည်။ ထိုစဉ်က ချန်၏ ကွပ်ကဲမှု အောက်တွင် တရုတ်တပ်မပေါင်း ၃၀၀မျှပင်ရှိလေသည်။ တရုတ်စစ်သား သုံးသန်းမျှပင် ပါဝင်၏။

ဤနေရာသို့လည်း ချန် လွယ်လွယ်ကူကူ ရောက်လာခြင်းမဟုတ်ပါ။ ချန်သည် သာမန် ဆားရောင်း ဝယ်သည့် ဆားကုန်သည်လေးတစ်ဦး၏သားဖြစ်သည်။ ဆားကုန်သည်သားဘဝမှ တရုတ်အမျိုးသားအစိုးရ၏ ခေါင်းဆောင်ကြီးဘဝသို့ ချန် ဘယ်နည်းဘယ်ပုံ ဖြတ်သန်း ရောက်ရှိလာပုံကို ကြည့်ကြပါစို့ခင်ဗျာ။

**ချန်ကေရှိတ်၏ ဘဝ**

ချန်ကေရှိတ်အား ၁၈၈၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် ယန်စီမြစ်ဘေးရှိ စီကောအမည်ရှိ ရွာကလေး





ဒုတိယကမ္ဘာစစ်ကာလက တရုတ်အမျိုးသားခေါင်းဆောင်ကြီးချန်ကေရှိတ်

www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာဆွန်ယက်ဆင်နှင့်ဇနီး

www.burmeseclassic.com

www.burmeseclassic.com





ဂျပန်တွင် စစ်ပညာသင်ယူနေစဉ်က ချန်ကေရှိတ်

တစ်ရွာ၌ မွေးဖွားခဲ့လေသည်။ ချန်၏ ဖခင်သည် မိရိုးဖလာ ဆားကုန်သည် တစ်ဦးဖြစ်သည်။ ပထမ ဇနီးဆုံး၍ ဒုတိယ ဇနီးယူခဲ့သည်။ ဒုတိယဇနီးမှာ ကလေးမမွေးဘဲ သေဆုံးသွားခဲ့ရာ ချန်၏ဖခင်သည် အသက် ၄၀ကျော် အရွယ်တွင် အသက် ၂၀ ကျော်သာရှိသေးသည့် ချန်၏ မိခင်အား တတိယဇနီးအဖြစ်ယူခဲ့ရာ ချန်သည် ထိုတတိယ ဇနီး၏ တစ်ဦးတည်းသော သားဖြစ်ခဲ့လေသည်။

ချန်၏ အဘိုးအဘွားများက ချန်ငါးနှစ်သား အရွယ်၌ ရွာကျောင်းတွင် အပ်နှံ၍ တရုတ်စာများကို စတင် သင်ကြားစေသည်။ မှားမကြာမီပင် ချန်ဖခင် ကွယ်လွန် သွားခဲ့ရာ ချန်သည် မိခင်မုဆိုးမနှင့်ပင် အတူနေထိုင်ခဲ့ရ လေသည်။ ချန်သည် ကျောင်းသားဘဝ၌ စာကြိုးစားသူဖြစ် ကြောင်း သူ့ဆရာများကပြောကြ၏။ သူသည် **Fenyhua** ခရိုင် အလယ်တန်းကျောင်း၏ ကျောင်းသားဘဝ၌ စစ် စာပေများကို စတင်ဖတ်ရှုလာပြီး စစ်သားဖြစ်လို စိတ်၊ စစ်ပညာသင်ကြားလိုစိတ်များ စတင်ဖြစ်ပေါ်လာခဲ့သည်ဟု ဆို၏။ ထိုအခါန်က တရုတ်ပြည်ကြီးအား မန်ချူးမင်းများက အုပ်ချုပ်လျက်ရှိ၏။ တရုတ်ပြည်တွင် ဂျပန်နှင့် ဥရောပ



www.burmeseclassic.com

www.burmeseclassic.com



တိုက်သားများ လာရောက်ရောင်းဝယ် ဖောက်ကားပြီး တွင်ကျယ်နေသည့် ကာလဖြစ်ပေသည်။

အထူးသဖြင့် အိမ်နီးချင်း ဂျပန်နိုင်ငံသည် စက်မှု လက်မှုများ ဖွံ့ဖြိုးတိုးတက်၍ စစ်တပ်ကိုလည်း အင်အား တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပြီး ပတ်ဝန်းကျင် နိုင်ငံများ ခြေဆန့်လက်ဆန့်ဖြင့် နယ်ချဲ့နေချိန်ဖြစ်၏။

စစ်အင်အား တောင့်တင်းလာသော ဂျပန်သည် ၁၉၀၄ ခုနှစ်၌ တရုတ်ပြည်မြောက်ပိုင်းရှိ မန်ချူးရီးယား အရေးကိစ္စနှင့်ပတ်သက်ပြီး ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သော ရုရှားနှင့် စစ်ဖြစ်ပွားလေသည်။ စစ်ပွဲတွင် အံ့ဩဖွယ် ကောင်းလောက်အောင် ဂျပန်တို့ စစ်နိုင်သွားကြပြီး ရုရှားတို့ မန်ချူးရီးယားကို လက်လွှတ်ခဲ့ရ၏။ ဤစစ်ပွဲမတိုင်မီက တရုတ်နှင့် ဂျပန်တို့ ကိုရီးယားအရေးနှင့် ပတ်သက်၍ စစ်ဖြစ်ပွားခဲ့ကြရာ ဂျပန်ရေတပ်က တရုတ်ရေတပ်ကို တိုက်ခိုက်ဖျက်ဆီးပြီး မန်ချူးရီးယားတောင်ပိုင်း လာအိုတန် ကျွန်းဆွယ်ရှိ ပို့အာသာဆိပ်ကမ်းမြို့ကို သိမ်းယူခဲ့၏။ ပီကင်းမြို့ထိ ဂျပန်ကြည်းတပ်များ ချီတက်ရန်ပြင်ဆင်နေစဉ် များပင် အမေရိကန်က ကြားဝင်ဖျန်ဖြေခဲ့၍ စစ်ကြီး





ပြီးဆုံးခဲ့သည်။ စစ်ပွဲမှာ ၁၈၉၄မှ ၁၈၉၅ ခုနှစ်ထိ တစ်နှစ် ကြာမြင့်ခဲ့၏။

စစ်နိုင်သွားသော ဂျပန်တို့အား လာအိုတန်ကျွန်း ဆွယ်ကို ပြန်ပေးရန် ရုရှားတို့က ဝင်အရေးဆိုသဖြင့် ရုရှားရေတပ်နှင့် ကြည်းတပ်စစ်အင်အားကို စိုးရိမ်သော ဂျပန်တို့က အောင့်သက်သက်ဖြင့် အလျှော့ပေးကာ လာအိုတန်ကျွန်းဆွယ်ကို တရုတ်တို့အား ပြန်ပေးခဲ့ရ၏။ ဤကိစ္စကို အခဲမကျေသော ဂျပန်တို့က စစ်အင်အား ချဲ့ဆောင်းပြီး နောင် ၁၀ နှစ်အကြာ၌ ရုရှားတို့အား စစ်ပြု လေတော့သည်။

ရုရှားနိုင်ငံသည် နယ်မြေကျယ်ဝန်းပြီး စစ်အင်အား တောင့်တင်းသည် မှန်သော်လည်း စစ်မြေပြင်နှင့် အလှမ်း ဝေးခြင်း၊ ဂျပန်တပ်မတော်၏ တိုက်ရည်ခိုက်ရည်ကို မသိခြင်း၊ ဂျပန်ရေတပ် အလွန်အစွမ်းထက်ခြင်း၊ ဂျပန်ကြည်းတပ် ရေတပ်တို့က စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့ အသေခံကာ တိုက်ပွဲ ဝင်ကြခြင်းတို့ကြောင့် ရုရှားတို့ စစ်ရှုံးသွားကြရ၏။ ရုရှား နိုင်ငံ၌လည်း ဘုရင်ခံစနစ်ကို ရုရှားကွန်မြူနစ်များက တော်လှန်ဖြုတ်ချချိန်နှင့်သွားတိုက်ဆိုင်ရာ ဂျပန်တို့ လုံး



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲခံသွားကြလေသည်။

ဤတွင် ချန်ကေရှိတ်သည် စစ်နိုင်သည့် ဂျပန်နိုင်ငံသို့သွားကာ စစ်ပညာသင်ယူရန် ဆုံးဖြတ်လိုက်လေသည်။

## ဂျပန်နိုင်ငံတွင် စစ်ပညာသင်ယူခြင်း

၁၉၀၅ ခုနှစ် သူ့အသက် ၁၈နှစ်တွင် ချန်ကေရှိတ်သည် ဂျပန်နိုင်ငံသို့ သွားရောက်စစ်ပညာသင်ယူရန် အိမ်မှ ထွက်ခွာခဲ့၏။ သူ၏မိခင်ကြီးက သူ့သား ဂျပန်သွားနိုင်ရန် ရှိစုမဲ့စုများကို ရောင်းချပြီး ခရီးစရိတ်များ ထုတ်ပေးခဲ့၏။ ချန်သည် ဂျပန်မသွားမီမှာပင် သူ့ခေါင်းမှ တရုတ်ရိုးရာ ကျစ်ဆံမြီးကို ဖြတ်ပစ်၍ အနောက်နိုင်ငံသားများ၏ ဆံပင်ပုံစံပြောင်းထားခဲ့သည်။

ဂျပန်နိုင်ငံ၌ သူသည် **Shinbu Gakko Military School** ရှင်ဘုဂတ်ကိုးစစ်ကျောင်း၌ ကျောင်းဝင်ခွင့် ဝင်ရောက်ရာ အောင်မြင်ခဲ့လေသည်။ သူနှင့်အတူ အောင်မြင်သူများအတွက် ကျောင်းစရိတ်ကို တရုတ်အစိုးရက ထောက်ပံ့ပေးခဲ့၏။ ထိုကျောင်းမှ ဗိုလ်သင်တန်းအောင်မြင်ပြီးသည်နှင့်





ချန်သည် ဂျပန်နိုင်ငံတောင်ပိုင်းရှိ ဂျပန်ကြည်း တပ်မတော်မှ မြေပြင် အမြောက်တပ်ရင်းတစ်ခုတွင် ဝင်ရောက်အမှုထမ်းလေသည်။

အမြောက်တပ်တွင် အမှုထမ်းရင်း ချန်သည် သူ့အသက် ၁၁ နှစ်ကြီးသော သူနှင့် တစ်နယ်တည်းသား ချင်ကွဲမေဆိုသူ တရုတ်တော်လှန်ရေးသမားတစ်ဦးနှင့် တွေ့ဆုံ မိတ်ဆွေဖြစ်လေသည်။ ချင်က ချန်အား သူတို့၏ မန်ချူးမင်းဆက်ကို ဖြုတ်ချပြီး တရုတ်သမ္မတနိုင်ငံ တည်ထောင်ရန် ကြံစည်နေသည့် ခေါင်းဆောင်ဖြစ်သူ ဒေါက်တာ ဆွန်ယက်ဆင်နှင့် တွေ့ဆုံမိတ်ဆက်ပေးလေသည်။ ထိုစဉ်က ဆွန်ယက်ဆင်သည် 'တန်မင်းဂျူအိ'ခေါ် နိုင်ငံရေးစာအုပ်ကို ရေးသားပြီး ကူမင်တန်ခေါ် တရုတ်အမျိုးသားပါတီကို ထူထောင်ကာ မန်ချူးကေရာဇ်အစိုးရအား ဖြုတ်ချ၍ တရုတ်သမ္မတနိုင်ငံတွင် တည်ထောင်ရန် ကြိုးစားနေချိန်ဖြစ်၏။ ဌာနချုပ်ကို ဂျပန်မှာ အခြေစိုက်ထားခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်းစုံသို့ လှည့်လည်သွားလာလျက်ရှိ၏။

ဂျပန်နိုင်ငံ၌ ဆွန်ယက်ဆင်နှင့် ချန်ကေရှိတ်သည် လျှို့ဝှက်အစည်းအဝေးများတွင် မကြာခဏတွေ့ဆုံကြရာ



www.burmeseclassic.com

www.burmeseclassic.com



ချန်ကေရှိတ်၏ မန်ချူးမင်းဆက်ဖြုတ်ချရေး၌ အားတည်
သရောရှိပုံကို ဆွန်ယက်ဆင်က အလွန်သဘောကျခဲ့သည်။

"ချန်က သိပ်ငယ်သေးတယ်။ ဒါပေမဲ့ ဒီတော်လှန်ရေးကြီးအတွက် အလွန်အလားအလာကောင်းပြီး အားထားရမယ့် အမြုတေပဲ"

ဟု လည်းမှတ်ချက်ပြုခဲ့သည်။

## တရုတ်ပြည်တွင် တော်လှန်ရေးဖြစ်ပွားခြင်း

၁၉၁၁ ခုနှစ် အောက်တိုဘာလတွင် တရုတ်တော်လှန်ရေးသမားများသည် တရုတ်ပြည်အား အုပ်ချုပ်လျက်ရှိသည့် မန်ချူးအစိုးရကို တော်လှန်လိုက်ကြလေသည်။ တရုတ်တော်လှန်ရေးသမားများထဲ၌ လူထုလူတန်းစား ပေါင်းစုံပါဝင်ခဲ့၏။ ဝူချမ်ရှိ စစ်တပ်မှ အရာရှိအရာခံ အကြပ်တပ်သားများလည်း ပါဝင်ကြသည်။ ဝူချမ်စစ်တပ်၏ အကြီးအကဲ လီယွန်းဟန်သည် တော်လှန်ရေးသမားများ ခေါင်းဆောင် ဖြစ်လာလေသည်။ ဝူချမ်စစ်တပ်က ခေါင်းဆောင်တော်လှန်ကြောင်းကြားသိသည်နှင့် တရုတ် [illegible]တစ်ဝန်းလုံးရှိ တော်လှန်ရေးအဖွဲ့အစည်း အသီးသီး





ရရာလက်နက်စွဲကိုင်ကာ တော်လှန်တိုက်ခိုက်ကြ၏။

တော်လှန်ရေးသမားများက တရုတ်ပြည်တောင်ပိုင်းမြို့များကို သိမ်းပိုက်ပြီး နန်ကင်းမြို့တွင် ဌာနချုပ်ဖွင့်လှစ်ကာ တရုတ်နိုင်ငံအား ပြည်သူ့သမ္မတနိုင်ငံဖြစ်ပြီဟု ကြေညာလိုက်ကြတော့၏။ ထို့နောက် တော်လှန်ရေး လုံးဝအောင်မြင်အောင်ဆက်လက်အားထုတ်ကြ၏။ ကမ္ဘာလှည့်ခရီးသွားနေသည့် ဆွန်ယက်ဆင်လည်း တရုတ်ပြည် ပြန်ရောက်လာရာ တော်လှန်ရေးသမားများက ဆွန်ယက်ဆင်ကို ယာယီသမ္မတအဖြစ် ပိုင်းဝန်းတင်မြှောက်ကြသည်။

တော်လှန်ရေးကြီး စတင်ဖြစ်ပွားသည့် အောက်တိုဘာလမှာပင် တရုတ်ပြည်ပြန်ရောက်နေသည့် ချန်၏ ရဲဘော်ရဲဘက်ကြီး ချင်က ချန်ထံ ဝှက်စာဖြင့် ကြေးနန်းပို့သည်။

"ဒီမှာ ပြည်သူ့တော်လှန်ရေးကြီး ဖြစ်ပွားပြီ။ တော်လှန်ရေးကြီးက မင်းကို အလိုရှိနေသည်။ အမြန်ပြန်လာခဲ့ပါ"

ချန်သည် ကြေးနန်းရလျှင်ရခြင်း ဂျပန်တပ်မှ ခွင့်တောင်းခံရာ ၄၈ နာရီ ခွင့်ရလေသည်။ ခွင့်ရလျှင်ရခြင်း သူပိုင်စစ်ပစ္စည်းနှင့် အဆောင်အယောင်အားလုံး ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံပြီး အရပ်ဝတ် အရပ်စားနှင့်ပင် တရုတ်ပြည်သို့ အပြီးပြန်ခဲ့လေသည်။

ဤသည်မှာ တရုတ်ပြည်နိုင်ငံရေး ဇာတ်ခုံကြီးသို့ ချန်ကေရှိတ်၏ ပါဝင်လာပုံအစ၏ နိဒါန်းပိုင်းပါခင်များ

**ချန်ကေရှိတ် ဖြတ်သန်းလာရသော ဘဝများ**

၁၉၁၁ ခုနှစ် အောက်တိုဘာ တော်လှန်ရေးကြီး ဖြစ်ပွားချိန်၌ ချန်သည် သူ၏ရဲဘော်ရဲဘက်ကြီး ချင်ကျီမေရှိရာ ရှန်ဟဲသို့ ရောက်ရှိလာ၏။ သူရောက်လာလျှင် ရောက်လာခြင်းပင် သူ့အား ရှန်ဟဲရှိ တော်လှန်ရေး တပ်မဟာ၏ အကြီးအကဲအဖြစ် တာဝန်ပေးကြလေသည်။ ထိုတော်လှန်ရေးတပ်မဟာအား ရှန်ဟဲမြို့ ကုန်သည်ကြီးများက ဖွဲ့စည်းတည်ထောင်ထားကြခြင်းဖြစ်၏။ လူတန်းစားပေါင်းစုံပါဝင်သည့် တပ်မဟာဖြစ်၏။

သူ၏ ရဲဘော်ကြီး ချင်ကျီမေက ထိုအချိန်၌ ရှန်ဟဲမြို့ စစ်အုပ်ချုပ်ရေးကို တာဝန်ယူထားသည့် စစ်အုပ်ချုပ်ရေးမှူးကြီးဖြစ်၏။

ချန်ကေရှိတ်၏ တပ်မတော်၌ လူတန်းစားပေါင်းစုံ





ပါဝင်လေရာ ထိုသူများအားလုံး သူ၏အမိန့်ကို နားထောင်ရအောင် ချန်ကေရှိတ်သည် ရှန်ဟဲမှ လူပေါင်းစုံနှင့်ပင် ပေါင်းရ၏။ အဖွဲ့ပေါင်းစုံပါတီပေါင်းစုံနှင့်လည်း ပေါင်းရ၏။ ရှန်ဟဲမြေအောက်ကမ္ဘာမှ တရုတ်လူဆိုးဂိုဏ်းများနှင့်ပင် သူပေါင်းသင်းခဲ့ရလေသည်။

တော်လှန်ရေးအရှိန်အဟုန်ဖြင့် မန်ချူးမင်းဆက် ပြုတ်ကျမလိုဖြစ်လာသောအခါ မန်ချူးနောက်ဆုံးမင်း ပုရီမှာ အလွန်ငယ်ရွယ်လှသေးသဖြင့် ချင်မင်းသားနှင့် ရင်ခွင်ပိုက် အစိုးရက အုပ်ချုပ်လျက်ရှိ၏။ ရင်ခွင်ပိုက် အစိုးရက ရာထူးမှ ထုတ်ပယ်ထားသော မြောက်ပိုင်းဒေသတပ်မှူးကြီး ယွန်ရှီကိုင်အား ခေါ်ယူကာ ရာထူး ပြန်ပေး၍ တော်လှန်ရေးသမားများကို တိုက်စေသည်။

မန်ချူးမင်းစစ်တပ်များနှင့် တော်လှန်ရေးတပ်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားကြပြန်လေသည်။ လအတန်ကြာ တိုက်ပွဲများဖြစ်ပွားပြီးလျှင် နှစ်ဖက်ညှိနှိုင်း၍ ဆွန်ယက်ဆင်မှ သမ္မတရာထူးမှ ထွက်ပေးပြီး ယွန်ရှီကိုင်အား သမ္မတမြှောက်လိုက်ရာ စစ်ပွဲများ ပြီးဆုံးသွားတော့၏။ ဤတွင် မန်ချူးမင်းဆက်လည်း တရုတ်ပြည်တွင် လုံးဝပျက်သုဉ်း



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ဤတော်လှန်ရေးတပ်သားများနှင့် ယွန်ရှီကိုင်၏ မန်ချူးမင်းစစ်တပ်များ တိုက်ကြသည့်တိုက်ပွဲများတွင် ချန် ကေရှိတ်သည် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့သည်။ စစ်မျက်နှာ အတော်များများ၌ တော်လှန်ရေးတပ်သားများ အရေးနိမ့်ခဲ့ ကြသော်လည်း ချန်ကေရှိတ်နှင့် သူ၏ တပ်မဟာမှာမူ အောင်မြင်မှုများ ရခဲ့၍ ကူမင်တန်ပါတီမှ သူ၏ စစ်ရေးစွမ်း ရည်ကို စောစီးစွာပင် အသိအမှတ်ပြုကြရ၏။

**နောက်ထပ်တွေ့ကြုံရမှုများ**

ကူမင်တန်ပါတီနှင့် ပူးပေါင်းလိုက်သော ယွမ်ရှီကိုင် အား ကူမင်တန်ပါတီက သမ္မတအဖြစ်တင်မြှောက်ပြီး တရုတ်သမ္မတနိုင်ငံ တည်ထောင်လိုက်ပြီးနောက် ဖြစ်စဉ် များမှာ အများမျှော်လင့်သလို မဖြစ်လာခဲ့ပေ။

ယွန်ရှီကိုင်သည် တပ်မှူးကြီးလုပ်ခဲ့သူဖြစ်ပြီး စစ်ဘုရင်ဝါဒကို နှစ်သက်သူဖြစ်ခြင်းကြောင့် သမ္မတရာထူး ရလာသောအခါ သူ့အာဏာတည်မြဲရေးအတွက် စစ်ဘုရင် ဝါဒကိုပင် ပြန်လည်ကျင့်သုံးခဲ့လေသည်။ အရေးပါသော





နေရာများတွင် သူ၏လူများကိုသာ ခန့်ထားခဲ့လေသည်။ ဥပမာ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန စသည်တို့ဖြစ်၏။

ကူမင်တန်ပါတီဝင်တို့မှာ အရေးကြီးသောတာဝန် များ ထမ်းဆောင်ရခြင်းမရှိချေ။ ၁၉၁၃ ခုနှစ်၌ တရုတ် ပြည် ဆားခွန်တော်ကို အာမခံပြီး နိုင်ငံခြားမှ ငွေချေးသည့် ကိစ္စနှင့်ပတ်သက်ပြီး သမ္မတ ယွမ်ရှီကိုင်နှင့် ကူမင်တန် ပါတီတို့ အချင်းများကြရာ ယွမ်ရှီကိုင်က ကူမင်တန်ပါတီ အား မတရားသင်း ကြေညာပြီး ဖမ်းဆီးတိုက်ခိုက်လေ တော့သည်။ ကူမန်တန်တို့ကလည်း ယွမ်ရှီကိုင်အား ထက်နက်စွဲကိုင်ကာ ပုန်ကန်ကြတော့၏။ တိုက်ပွဲများတွင် ယွမ်ရှီကိုင်၏ စစ်တပ်က ကူမင်တန်တပ်များကို နှိမ်နင်းနိုင် ကြ၏။ ချန်ကေရှိတ်သည် သူ၏တပ်နှင့်အတူ လှည့်လည် တိမ်းရှောင်နေရ၏။ ဆွန်ယက်ဆင်ကမူ ဂျပန်သို့ တိမ်း ရှောင်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



### ယွမ်ရှီကိုင်သေဆုံးခြင်း

ယွမ်ရှီကိုင်သည် မကြာမီကာလမှာပင် သူ့ကိုယ်သူ ဘုရင်အဖြစ် ကြေညာ၍ သမ္မတစနစ်ကို ပယ်ဖျက်လိုက်၏။ သို့ရာတွင် ဘုရင်အဖြစ်ကြာကြာစံစားရန် ကံကြမ္မာမပါသော ယွမ်ရှီကိုင်သည် ၁၉၁၆ ခုနှစ်၌ ကွယ်လွန်သွားခဲ့၏။ သူသေသွားသည်နှင့် ဒုသမ္မတလုပ်ခဲ့သူ လီယွမ်းဟန်သည် ပါလီမန်လွှတ်တော်အစည်းအဝေးအား ပြန်ခေါ်ကာ ကူမင်တန်ပါတီကိုလည်း ပြန်လည်အသိအမှတ်ပြုလိုက်၏။ ဤတွင် ချန်ကေရှိတ်သည်လည်း သူ၏တပ်နှင့်အတူ လှည့်လည်သွားလာနေရာမှ တရားဝင်ရပ်တည်ခွင့် ပြန်ရသွားတော့၏။

လီယွမ်းဟန် သမ္မတပြန်ဖြစ်သည်နှင့် ကူမင်တန်ပါတီသည်လည်း ပီကင်းအစိုးရပါလီမန်လွှတ်တော် တွင် ပြန်လည်ပါဝင်လာခဲ့၏။ သို့ရာတွင် ပီကင်းအစိုးရအား စစ်ဘုရင် **War Lord** များက ခြယ်လှယ်နေကြ၏။ ၁၉၁၇ ခုနှစ် ပထမကမ္ဘာစစ်ဖြစ်သောအခါ တရုတ်ပြည်စစ်ထဲ ဝင်ပါရန် အင်္ဂလိပ် အမေရိကန်တို့ဘက်က ဝင်တိုက်ရန် စစ်ဘုရင်ခေါင်းဆောင် ဝန်ကြီးချုပ် တန်ချီရွီးနှင့်အဖွဲ့က





တစ်ဖက် ကူမင်တန်ပါတီက စစ်ထဲ ဝင်မပါရေး တစ်ဖက် သဘောထား ကွဲလွဲကြတော့၏။

ကူမင်တန်ပါတီတွင် စစ်ဘုရင်များနှင့် အချင်းများရန် တပ်အင်အားမရှိ၍ ပီကင်းမှ ထွက်ခွာသွားကြပြီး ကန်တုန်တွင် စစ်ပြိုင်အစိုးရ တည်ထောင်ကြလေသည်။ သို့ရာတွင် အများကမူ ပီကင်းအစိုးရကိုသာ အသိအမှတ်ပြုကြ၏။

ကန်တုန်အစိုးရသည် ဆွန်ယက်ဆင်ကိုပင် သမ္မတအဖြစ် ပြန်လည်တင်မြှောက်၍ ချန်ကေရှိတ်ကိုမူ ကန်တုန်အစိုးရ စစ်တပ်အကြီးအကဲအဖြစ် ခန့်အပ်ကြသည်။ ဆွန်ယက်ဆင်သည် သေနတ်သမားမဟုတ် သဘောတရားရေးသမားသာဖြစ်၍ စစ်တပ်ကို ချန်ကေရှိတ်ပင် ဦးစီးကွပ်ကဲခွင့်ရရှိလေသည်။

### ရုရှားများရောက်ရှိလာခြင်း

ဆွန်ယက်ဆင်သည် တရုတ်ပြည်ကြီး တစည်းတလုံးတည်းဖြစ်ရေးအတွက် အင်္ဂလိပ်၊ အမေရိကန် စသောနိုင်ငံကြီးများသို့ အကူအညီတောင်းခဲ့လေသည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့ချေ။ သို့ကြောင့် ရုရှားကို အကူအညီတောင်း ကြည့်ပြန်ရာ ကွန်မြူနစ်ရုရှားတို့မှ ကူညီရန် လိုလိုလားလား သဘောတူလေသည်။

၁၉၂၃ ခုနှစ်တွင် **Michael Borodin** မိုက်ကယ်ဘိုရိုဒင် ခေါင်းဆောင်သော ရုရှားကွန်မြူနစ်အကြံပေး များရောက်ရှိလာပြီး ကိုမင်တန်ပါတီအား ရုရှားပုံစံဖွဲ့စည်းပေးကြ၏။ အခြားသောအကူအညီများလည်း ပေးလေသည်။ သူတို့ကြောင့် ကွန်မြူနစ်ဝါဒသက်ဝင်သူများ ကူမင်တန်ပါတီတွင် အင်အားကောင်းလာခဲ့၏။ ချန်ကေရှိတ်ကား ကွန်မြူနစ်ဝါဒကို ယုံကြည်သူမဟုတ်ခဲ့ပေ။

ကွန်မြူနစ်ဝါဒသက်ဝင်ယုံကြည်သူများမှာ မော်စီတုန်း၊ ချူအင်လိုင်း၊ ချူတေး၊ တိန့်ရှောင်ဖိန် စသူတို့ ဖြစ်လေသည်။

၁၉၂၅ ခုနှစ်တွင် ဆွန်ယက်ဆင် ကွယ်လွန်သွားသောအခါ ကွန်မြူနစ်များနှင့် ကူမင်တန်တို့ သဘောထားကွဲလွဲကြပြီး ချန်ကေရှိတ်နှင့် သူ့လူများက နန်ကင်းတွင် စင်ပြိုင်အစိုးရကို တည်ထောင်လေသည်။ ချန်ကေရှိတ်တို့ တရုတ်ပြည် တောင်ပိုင်းမြို့ကြီးများမှ လူချမ်းသာအထက်





တန်းလွှာများက ထောက်ခံကြလေရာ ချန်က မော်စီတုန်းနှင့် ကွန်မြူနစ်များကို ကူမင်တန်ပါတီမှ တိုက်ခိုက်နှင်ထုတ်လိုက်ရာ ကွန်မြူနစ်များ တရုတ် ပြည်မြောက်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်ကြရလေသည်။ ရုရှားမှ အကြံပေး အရာရှိမိုက်ကယ်ဘိုရိုဒင်နှင့် ကွန်မြူနစ်များ ရုရှားသို့ ပြန်လည်ထွက်ခွာသွားရလေတော့သည်။

ချန်သည် ဆွန်ယက်ဆင် မရှိတော့သည့်နောက် ခိုင်း ကူမင်တန်အစိုးရ၏ စစ်တပ်ကို လုံးဝအုပ်စီးထားပြီး သမ္မတရာထူးကိုပါ ယူခဲ့၏။ ထို့နောက် သူ့ကွပ်ကဲမှုအောက်မှ တပ်မှူးကြီးများနှင့် ပူးပေါင်းကာ မြောက်ပိုင်းရှိ စစ်ဘုရင်များကို လှည့်လည်နှိမ်နင်း၍ ပီကင်းမြို့ကိုပါ သိမ်းပိုက်နိုင်၏။ ပီကင်းစစ်ဘုရင် ချန်စိုးလင်း၏ သား ချန်ဆွီးလျန်က ချန်ကေရှိတ်နှင့် စစ်ပြေငြိမ်းလိုက်လေသည်။ ဤသို့ဖြင့် တရုတ်နိုင်ငံကြီးတစ်ခုလုံး ချန်ကေရှိတ်၏ ကွပ်ကဲမှု အောက်သို့ လုံးဝကျရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ချန်ကေရှိတ်နှင့် သူ၏အိမ်ထောင်ရေး

ချန်ကေရှိတ်သည် မျိုးချစ်စိတ်ရှိသောသူဖြစ်သ ကြီးပွားခြင်စိတ်ထက်သန်သူလည်း ဖြစ်၏။ ထို့ကြော စစ်တပ်ကို ဆုပ်ကိုင်ကာ စစ်တပ်ရာထူးများကို လက်မလွှ ခဲ့ချေ။ ဂျပန်နိုင်ငံမှလွဲ၍ မည်သည့်နိုင်ငံမှ မရောက် သော ချန်ကေရှိတ်သည် အင်္ဂလိပ်စကားကို အစပိုင် ရေရေလည်လည် မပြောတတ်ခဲ့။

၁၉၁၉ ခုနှစ် သူ ရှန်ဟိုင်းတွင် တော်လှန် တပ်မတော်ကို ဦးစီးပြီး ရှန်ဟိုင်းမြို့မှ လူတန်းစားဆော စုံနှင့် တွေ့ရသည့်အခါ သူ၏ဘဝသည်လည်း အပြော အလဲများ စဖြစ်ခဲ့၏။ ဤတွင် ရှန်ဟဲကုန်သည်ကြီး လောကမှ စက္ကူကုန်သည်ကြီးတစ်ဦး၏ သမီး အားဖန် ဂျင်နီဆိုသူနှင့် တွေ့ဆုံကာ လက်ထပ်ခဲ့သည်။ ချန် ယခင်က မိဘပေးစားသောဇနီးနှင့် အပျော်မယားတစ် လည်း ရှိခဲ့ဖူးသည်ဟု ဆိုကြသည်။ ဂျင်နီသည် ခေတ် အမေရိကားတွင် စာသင်ခဲ့ဖူးသူဖြစ်၏။ အင်္ဂလိပ်စာ စကားလည်း ကောင်းစွာ ပြောဆိုတတ်၏။

ချန်ကေရှိတ်ကဲ့သို့ပင် သူ၏အမျိုးသားခေါင်းဆော

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com





ကြီး ဆွန်ယက်ဆင်သည်လည်း တော်လှန်ရေးကာလ၌ ချုံဟဲမှ Great Tycoon ချာလီဆွန်း၏ သမီးအကြီးဆုံး အေလင်းနှင့် အိမ်ထောင်ကျခဲ့၏။ အိမ်ထောင်ကျချိန်၌ ဆွန်ယက်ဆင်က အသက် ၅၀၊ ဇနီး မဒမ် ဆွန်ယက်ဆင်ခေါ် အေလင်းက အသက် ၂၅ သာသာသာ ဖြစ်၏။ ဆွန်ယက်ဆင်ကို လေးစားကြည်ညိုရာမှ ချစ်ကြိုက်သွားခြင်းပင်။ ဖခင်ကြီးသဘောမတူသည့်ကြားမှ သမီးကြီး အေလင်းသည် ဆွန်ယက်ဆင်နောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ခြင်းဖြစ်သည်။ ထိုအချိန်၌ အေလင်းသည် အသက် ၂၆ နှစ်ရှိပြီဆို၏။ ဆွန်ယက်ဆင်နှင့် ချာလီဆွန်တို့သည် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ ဖြစ်ခဲ့ကြ၏။

ဤနေရာတွင် ဆွန်ယက်ဆင်၏ ဘဝတစ်စိတ်တစ်ပိုင်းကို ဖော်ပြရန်လိုလာသည်။ ဆွန်ယက်ဆင်သည် ဆရာဝန်ဘွဲ့ရ ခေတ်ပညာတတ်တစ်ဦး ဖြစ်သည်။ အေသရာဇ်စနစ်ကြောင့် တရုတ်တစ်ပြည်လုံး ဝေါ်မွတ်ခေါင်း ပါး၍ တိုင်းတစ်ပါးသားများ စော်ကားသမျှ ငုံ့ခံနေရသည်ဟု ယူဆသည်။ ထို့ကြောင့် ဆေးကုသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် အလုပ်မလုပ်ဘဲ မန်ချူးမင်းဆက်ကို ဖြုတ်ချကာ တရုတ်သမ္မတနိုင်ငံ ထူထောင်ရန် ကြိုးစားခဲ့သည်။ ကူမင်တန်ခေါ် တရုတ်အမျိုးသားပါတီကို ထူထောင်ပြီး တော်လှန်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးသို့ လှည့်လည်သွားရောက်ပြီး အထူးသဖြင့် **Oversea Chinese** ခေါ် ပင်လယ်ရပ်ခြားအမျိုးသားများကြား၌ စည်းရုံးခဲ့ခြင်း ဖြစ်သည်။ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများက ဆွန်ယက်ဆင်ကို အလွန်လေးစားချစ်ခင်ကြသည်။ တော်လှန်ရေးအတွက် ရန်ပုံငွေများ ထောက်ပံ့ကြသည်။

ထိုသို့ခရီးလှည့်လည်သွားလာရင်း ရှန်ဟဲမှသူဌေးကြီး ချာလီဆွန်း၏သမီးများနှင့် အမေရိကန်တွင် တွေ့ဆုံလေသည်။ သူဌေးကြီးချာလီဆွန်းသည် မက်သဒစ်ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး အလွန်ချမ်းသာ၏။ သူ့တွင် သားကြီး တီဗီဆွန်းနှင့် အေလင်း၊ မေလင်း၊ ကျိုလင်းခေါ် သမီးသုံးဦးရှိ၏။ သူကလေးများကို ငယ်စဉ်ကပင် အမေရိကန်မှာ ကျောင်းထားပေးခဲ့၏။ သားကြီးတီဗီဆွန်းသည် တရုတ်စာ တရုတ်စကားထက် အင်္ဂလိပ်စာ အင်္ဂလိပ်စကားကို ပိုပြီး ကျွမ်းကျင်သူဖြစ်၏။ နောင်အခါ အမေရိကန်





နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဖြစ်လာခဲ့သည်။ ထိုအချိန်မတိုင်မီက သူသည် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဘဏ်ကြီးတွင် အမှုဆောင်အရာရှိ အဖြစ် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ဆွန်ယက်ဆင်၏ အနေအထိုင်အပြောအဆိုနှင့် မျိုးချစ်စိတ်ကို အေလင်းက တွေ့လျှင်တွေ့ချင်း အထူးသဘောကျသွားသည်။ ၁၉၁၁ ခုနှစ် တရုတ်တော်လှန်ရေးနောက်ပိုင်း ဆွန်နှင့်အေလင်းတို့ ရှန်ဟိုင်းတွင် ပြန်တွေ့ကြသည်။ ဖခင်ကြီး သဘောမတူသည့်ကြားမှ အေလင်းက ဆွန်ကို အတင်းလက်ထပ်ခဲ့၏။

ဤတွင် ဆွန်၏တပည့်ကြီး ချန်နှင့် အေလင်း၏ ညီမ မေလင်းတို့ တွေ့ဆုံကြ၏။ မေလင်းကား မကြာမီပင် ချန်၏ တရားဝင် ဒုတိယဇနီးဖြစ်ခဲ့လေသည်။

ဆွန်ယက်ဆင် မကွယ်လွန်မီ ကူမင်တန်အစိုးရက ဝမ်ပိုး **Wampoa** စစ်တက္ကသိုလ် ဖွင့်လှစ်ခဲ့၏။ ချန်ကေရှိတ်က ကျောင်းအုပ်ကြီးဖြစ်သည်။ မကြာခဏ မိတ်ဆုံစားပွဲများ၌ ဆွန်၏ ခယ်မ မေလင်းကို ချန် တွေ့ဆုံရသည်။ မေလင်း၏ သွက်လက်ချက်ချာမှု၊ အနေအထိုင်အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်း မြင့်မှု၊ အပေါင်းအသင်း ဝင်ဆန့်မှု၊ ဓနဉစ္စာ ကြွယ်ဝမှု၊ နိုင်ငံခြားသားများနှင့် ရင်းနှီးမှုများကို ချန်က မြင်တွေ့သွားသောအခါ သူ၏အနာဂတ် တက်လမ်းအတွက် မေလင်းကို အရယူရန် ကြိုးစားတော့၏။

ဦးစွာပထမ ဆွန်ယက်ဆင်ကို သူသဘောထား အား ဖွင့်ဟတိုင်ပင်၏။

''လာမယ့်အနာဂတ်နိုင်ငံအရေးအတွက် ကျွန် တော် မေလင်းကို လက်ထပ်ချင်ပါတယ်'' ဟု ဆွန်အား ပြောကြားသည်။ ဆွန်က မည်သည့်သဘောထားမှတ်ချက် မှ မပေးခဲ့။ သို့ရာတွင် ချန်က မေလင်းကို နည်းပေါင်းစုံနှင့် ချဉ်းကပ်ခဲ့၏။ ၁၉၂၆ ခုနှစ် ဆွန်ယက်ဆင်သေဆုံးပြီးနောက် ချန်သည် စစ်ဦးစီးချုပ်နှင့် သမ္မတရာထူးကို ရယူခဲ့၏။ ပထမဇနီး ဂျင်နီကို ကွာရှင်းကာ မေလင်းကို လက်ထပ်ခဲ့ လေသည်။ ထိုအချိန်၌ ချန်သည် အသက် ၄၀ ခန့်မျှသာ ရှိသေး၏။

ဤကား ချန်၏အိမ်ထောင်ရေးပင်တည်း။

မေလင်းကို လက်ထပ်နိုင်ခဲ့သောကြောင့် ချန်သည် ငွေကြေးဥစ္စာ ပိုမိုပြည့်စုံလာပြီး အမေရိကန်တို့၏ ထောက်ခံ မှုကို ရယူနိုင်ခဲ့၏။ မေလင်းက အမေရိကန်အသိုင်းအဝန်း ကို ကျလောက်အောင် ပြောဆိုစည်းရုံး နိုင်ခဲ့၏။ မင်းပေါက် စိုးပေါက်ဖြစ်ခဲ့၏။ မေလင်းကြောင့် ချန်၏ဘဝမှာ ပိုမို မြင့်မားလာခဲ့လေသည်။

ဤသို့သောရည်မှန်းချက်ကြီးမားလှသည့် ချန်ကေ ရှိတ်အား ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ဘာမှမသိ နားမလည် သည့် ငနုံအ ဧစလူဟု ထင်ခဲ့ခြင်းမှာ အတော်ပင် ရယ်စရာကောင်းလှပေသည်။

■



မြရတနာစာပေ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၁ )

## ချန်ကေရှိတ်၏အာဏာရချိန်မှ ဒုတိယကမ္ဘာစစ်ဖြစ်သည်ထိ တရုတ်ပြည်တွင်းရေးအခြေအနေများ

### ဂျပန်တို့တရုတ်ပြည်ကို မကြေညာသောစစ်ပွဲဆင်နွှဲခြင်း

ရုရှားဂျပန်စစ်ပွဲနှင့် ပထမကမ္ဘာစစ်ကြောင့် တရုတ်ပိုင် မန်ချူးရီးယား၌ ဂျပန်တို့ ခြေချခွင့်ရခဲ့၏။ မန်ချူးရီးယားရှိ ဂျပန်ပိုင် မီးရထားလမ်းများကို စောင့်ရှောက်ရန် ဂျပန်စစ်တပ်များ ချထားခွင့်ပြုခဲ့ရ၏။ ထိုစစ်တပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကွမ်တန်ဒေသတွင် တာဝန်ထမ်းဆောင်သောကြောင့် ဂျပန်ကြည်းတပ်၏ ကွမ်တန်တပ်မတော်ဟု ခေါ်တွင်ခဲ့၏။

မန်ချူးရီးယားတောင်ပိုင်းရှိ ဂျပန်ကွမ်တန်တပ်မတော်သည် ဂျပန်အစိုးရ၏ အမိန့်ကို မနာခံဘဲ ထင်ရာလုပ်လေ့ရှိ၏။ မန်ချူးရီးယားကို အုပ်ချုပ်သော တရုတ်စစ်ဘုရင် ချန်ဆွီးလျံသည် ဂျပန်တို့နှင့်မတည့်ချေ။ ချန်ကေရှိတ်နှင့် ပူးပေါင်းကာ ဂျပန်ကို ဆန့်ကျင်သူတစ်ဦးပင်။ သူ၏ဖခင် ချန်စိုးလင်း လုပ်ကြံခံရ၍ သေဆုံးသွားခဲ့သည်မှာ ဂျပန်တို့၏လက်ချက်ဟု ယူဆထားခဲ့၏။

၁၉၃၁ ခုနှစ်၌ ချန်ဆွီးလျံ၏ စစ်တပ်က ဂျပန်စစ်ဗိုလ်တစ်ယောက်ကို ပြန်လည်လုပ်ကြံခဲ့၏။ သို့ရာတွင် လက်ဆုပ်လက်ကိုင် ထင်ရှားမပြနိုင်ခဲ့။ ဂျပန်ကွမ်တန်စစ်တပ်က လုံးဝမကျေနပ်ဘဲ မန်ချူးမြို့တော်မှ ဘူတာအနီးမီးရထားလမ်း၌ ဗုံးကွဲရာ တရုတ်တို့လက်ချက်ဖြစ်သည်ဟု စွပ်စွဲ၍ မန်ချူးရီးယားရှိ တရုတ်စစ်တပ်များကို တိုက်လေသည်။ အဖက်ဖက်က အင်အားတောင့်တင်းသော ဂျပန်ကွမ်တန်တပ်မတော်ကို မယှဉ်နိုင်၍ မန်ချူးရီးယားတစ်နယ်လုံး တရုတ်တို့ လက်လွှတ်ခဲ့ရ၏။ ဂျပန်တို့က





ရှိဟိုးပြည်နယ်ကိုပါ တိုက်ခိုက်သိမ်းယူခဲ့လေသည်။

ဂျပန်တို့က ကြည်းတပ်သာမက ရေတပ် လေတပ်များပါ အသုံးပြုပြီး ရှန်ဟဲ၊ နန့်ကင်း စသော မြို့ကြီးများကိုပါ လေတပ်မှ ဗုံးကြဲပြီး ပင်လယ်ကမ်းခြေမြို့များကိုလည်း ဂျပန်ရေတပ်သင်္ဘောများမှ ပစ်ခတ်တိုက်ခိုက်ခဲ့လေသည်။ တန်ကူးစာချုပ်ဖြင့် ၁၉၃၃ ခုနှစ် နှစ်ဖက်စစ်ရပ်စဲခဲ့ကြ၏။

အာဏာရရှိထားသော ချန်ကေရှိတ်မှာ အချင်းချင်းတိုက်ခိုက်နေရသဖြင့် ဂျပန်တို့၏ တိုက်ခိုက်မှုကို ကောင်းစွာခုခံနိုင်ခြင်း မရှိခဲ့ချေ။ အထူးသဖြင့် ချန်ကေရှိတ်သည် နောင်အခါတွင် သူ့အား ကောင်းစွာဒုက္ခပေးမည့်သူများမှာ တရုတ်ကွန်မြူနစ်များသာ ဖြစ်ဖွယ်ရှိသည်ဟု သုံးသပ်ကာ ကွန်မြူနစ်တို့ကို အပြင်းအထန် တိုက်ခိုက်နှိမ်နင်းလေသည်။ ကွန်မြူနစ်တို့လည်း တရုတ်ပြည်မြောက်ပိုင်း ရှန်ဆီပြည်နယ်သို့ ဆုတ်ခွာသွားကြ ရတော့၏။

၁၉၃၆ တွင် ချန်ကေရှိတ်က ကွန်မြူနစ်တို့ကို တိုက်ခိုက်ရန် ထူထောင်ပေးထားသည့် မန်ချူးရီးယားစစ်ဘုရင်ဟောင်း ချန်ဆွီးလျံနှင့် သူ၏စစ်တပ်က ကွန်မြူနစ်များနှင့် နားလည်မှုရကာ တရုတ်အချင်းချင်း တိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



မည့်အစား ကူမင်တန်အစိုးရတပ်များနှင့် တရုတ်ကွန်မြူနစ်တပ်များ ပူးပေါင်းပြီး ဂျပန်ကို ပြန်တိုက်သင့်သည်ဟု အဆိုပြုသည်။ ချန်ကေရှိတ်က သဘောတူ၍ ကွန်မြူနစ်တို့နှင့် အတိုက်အခိုက်ရပ်စဲလိုက်တော့၏။ ချန်ကေရှိတ်က လွယ်လွယ်နှင့် သဘောဝတူခဲ့ခြင်းတော့ မဟုတ်ပါ။ သူ့အား ချန်ဆွီးလျံက ဖမ်းဆီးထိန်းသိမ်း အကြပ်ကိုင်လိုက်သောကြောင့် မတတ်သာ၍သာ သဘောတူခဲ့ခြင်း ဖြစ်ပါသည်။ ဂျပန်သည် သူ့အား လုံးဝအပြုမတိုက်နိုင်၊ သူ့အား လုံးဝအပြုတ်တိုက်နိုင်သူသည် တရုတ်ကွန်မြူနစ်များသာ ဖြစ်ကြောင်း ချန်က ရှေးမဆွကပင် သုံးသပ်ထားပြီး ဖြစ်ပါသည်။

### ဂျပန်တို့၏ဒုတိယအကြိမ်မကြေညာသောစစ်ပွဲ

၁၉၂၈ ခုနှစ်လောက်ကစပြီး တစ်ကမ္ဘာလုံးတွင် စီးပွားရေးကပ်ကြီး ဆိုက်ရောက်တော့၏။ ဂျပန်ပြည်တွင်လည်း ၁၉၃၂ မှ ၁၉၃၆ ထိ ထိုဒဏ်ကို အလူးအလဲ ခံစားရ၏။ ထို့ကြောင့် တရုတ်ပြည်တွင် နယ်ချဲ့စစ်ပွဲဆင်နွှဲပြီး စီးပွားရေးကပ်ကို ကျော်လွှားလိုခြင်းနှင့် စစ်ဖြစ်





က အလုပ်အကိုင်များ ပိုပေါများလာ၍ တရုတ်ပြည်တွင် ဈေးကွက်များ ပိုပွင့်သွားမည် ဟု ဂျပန်လူငယ် အများစုက ယုံကြည်ကြ၏။ ထို့ကြောင့် လက်ရှိဂျပန်အစိုးရကို ပုန်ကန်ကြရာ ၁၉၃၇ ခုနှစ်တွင် စစ်လိုလားသော ကိုနိုယေး **Konoye** အစိုးရတက်လာ၏။

အစိုးရသစ်အပြောင်းအလဲဖြစ်ပြီး မကြာမီ ၁၉၃၇ ခုနှစ် ဇူလိုင် ၃၁ တစ်ည၌ ပီကင်းမြို့အနီး လူကူးချိုရှာကလေးရှိ မာကိုပိုလိုတံတားစောင့် တရုတ်တပ်နှင့် ဂျပန်တပ်တို့ အချင်းများ၍ ပစ်ခတ်မှုကလေး ဖြစ်ပွားလေသည်။ တိုက်ပွဲမှာ အသေးအမွှားသာဖြစ်၏။ ဘာမျှ မပြောပလောက်။ တာဝန်ရှိသူ တရုတ်အရာရှိများမှ ကျေအေးရန် တောင်းပန်ပြောဆို၍ တပ်များပါ ရုပ်သိမ်းပေးပါမည်ဟု အဆိုပြုသော်လည်း ဂျပန်တို့က လုံးဝ လက်မခံခဲ့။ စစ်တိုက်ရန် အသင့်ပြင်ဆင်ထားပြီးဖြစ်သော တပ်များဖြင့် ဟိုပေနယ်သို့ ချီတက်ကာ ပီကင်းမြို့တော်ကို တိုက်ခိုက်သိမ်းယူတော့၏။

ဂျပန်စစ်တပ်များသည် တရုတ်ပြည်မြောက်ပိုင်းနယ်များကို သိမ်းပြီးနောက် ရှန်ဟဲမြို့ကြီးနှင့် နန်ကင်း



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးကိုပါ သိမ်းယူလေသည်။ နန်ကင်းမြို့ ဂျပန်တို့လက်ထဲ ကျရောက်သွားသောအခါ ချန်ကေရှိတ်ခေါင်းဆောင်သော ကူမင်တန်အစိုးရသည် ချုံကင်းသို့ပြောင်းရွှေ့သွားတော့၏။ ဂျပန်တို့က ၁၉၃၈ ခုနှစ်၌ ကန်တုန်မြို့ကို သိမ်းသည်။ ၁၉၃၉ ခုနှစ်သို့ရောက်သောအခါ တရုတ်ပြည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ဆိပ်ကမ်းမြို့ကြီးအားလုံးနှင့် မြစ်ကြီးများ၏အောက်ပိုင်းဒေသများကို ဂျပန်တို့က သိမ်းယူရရှိပြီးဖြစ်လေသည်။ ချန်ကေရှိတ် အစိုးရကား ဒုတိယကမ္ဘာစစ်ကြီး ပြီးသည်အထိ ချုံကင်းမှာပင် ရုံးစိုက်ထားခဲ့ရလေသည်။

**ဒုတိယကမ္ဘာစစ်ကြီးနှင့် တရုတ်ပြည်ကြီး**

၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဥရောပ၌ ဂျာမနီက ပိုလန်နိုင်ငံကို ဝင်တိုက်၍ အင်္ဂလိပ်နှင့် ပြင်သစ်ကို ဂျာမနီကို စစ်ကြေညာကာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလေတော့သည်။

ထိုစဉ်က ဂျပန်ရော အမေရိကန်ပါ စစ်ထဲတွင် ပါဝင်ခဲ့ခြင်း မရှိကြသေးချေ။ တရုတ်ပြည်အရေးအခင်းနှင့်





မှု တစ်နိုင်ငံနှင့်တစ်နိုင်ငံ မသင့်မတင့်ဖြစ်လျက်ရှိ၏။ ဂျပန်က တရုတ်တစ်နိုင်ငံလုံး သိမ်းပိုက်ရေး စဉ်းစား ဆောင်ရွက်လျက်ရှိ၏။ အမေရိကန်နှင့် အင်္ဂလိပ်က တရုတ်နိုင်ငံ ဂျပန်လက်အောက် မကျရောက်ရေး ချန်ကေရှိတ်ကို လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးအကူအညီပေးလျက်ရှိ၏။ တရုတ်ပင်လယ်ကမ်းရိုးတန်းကြီးတစ်ခုလုံး ဂျပန်က စိုးမိုးထား၍ တရုတ်ကို ကုန်းလမ်းမှ ထောက်ပံ့နေရ၏။ ရန်ကုန်ကူမင်း တရုတ် မြန်မာ လမ်းမကြီးမှ အဓိကထောက်ပံ့နေ၏။ အမေရိကန်သည် တရုတ်နိုင်ငံ ကွန်မြူနစ်ဖြစ်သွားမှာ စိုး၍ တရုတ်ကွန်မြူနစ်များနှင့် မတည့်သည့် ချန်ကေရှိတ်အား စစ်ရေးစစ်ရာကအစ လိုလေသေးမရှိ ထောက်ပံ့ကာ ကျားကန်ပေးထားလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ၁ နှစ်အကြာ၌ ဂျပန်နှင့် အမေရိကန် ပြိုင်ဆိုင်မှုမှာလည်း ပြင်းထန်လာ၍ ဆွေးနွေးပွဲများ ပြုလုပ်ကာ စေ့စပ်ဖြေရှင်းကြ၏။ သို့ရာတွင် ညှိနှိုင်းမရနိုင်ဖြစ်ကြ၏။

၁၉၄၀ တွင် ဂျပန်စစ်တပ်များသည် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားကို ဝင်ရောက်သိမ်းယူလိုက်ရာ အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com



က အပြင်းအထန် ကန့်ကွက်၏။ ပစိဖိတ်ရှိ အမေရိကန် ရေတပ်ကိုလည်း တိုးချဲ့ဖြည့်တင်းထား၏။

ထို့နောက် အမေရိကန်ဘဏ်များတွင်ရှိသော ဂျပန်ယမ်းငွေကြေးများ ထုတ်ယူခြင်းအား ပိတ်ပင်လိုက်၏။ အမေရိကန်နည်းတူ အင်္ဂလိပ်တို့နှင့် ဒပ်ချ်တို့လည်း လိုက်ဆောင်ရွက်သည်။ အရှေ့အိန္ဒိယကျွန်းစုမှ ဓာတ်ဆီ စက်ဆီများ မရောင်းဘဲ ထားလိုက်၏။ အမေရိကန်လည်း ဂျပန်ကို ဓာတ်ဆီ စက်ဆီမရောင်းတော့ချေ။

၁၉၄၁ ခုနှစ်၌ ဤကိစ္စများအတွက် ဂျပန်က အထူးကိုယ်စားလှယ်များ အမေရိကန် စေလွှတ်ကာ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့လေသည်။

နှစ်ဖက်စလုံးမှ တောင်းဆိုချက်များကို နှစ်ဖက်စလုံးမှပင် အပြန်အလှန် လက်ခံနိုင်သော အခြေအနေ မရှိချေ။

သဘောကွဲလွဲမှုအား လက်နက်နှင့်သာ ဆုံးဖြတ်ရန် ဂျပန်အစိုးရမှ သန္နိဋ္ဌာန်ချလိုက်၏။ သွေးခင်းသော လမ်းကို လျှောက်ရန် ဆုံးဖြတ်ထားသော ဂျပန်အစိုးရသည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မနက်၌ ဟာဝိုင်ယံကျွန်း





ရှိ အမေရိကန်ရေတပ်စခန်းကြီးဖြစ်သော ပုလဲဆိပ်ကမ်းကို အလစ်ဝင်ရောက် တိုက်ခိုက်ကာ ဒုတိယကမ္ဘာစစ်ကြီး အတွင်းသို့ ဝင်ရောက်လာလေတော့သည်။

ဂျပန်ကြည်းတပ် ရေတပ် လေတပ်များသည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာမှ ၁၉၄၂ ခုနှစ် မေလအထိ ပေါင်း ၆ လအတွင်း အာရှအရှေ့တောင်၌ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဟော်လန်တို့ပိုင်သော ကိုလိုနီနယ်အားလုံးလိုလို တိုက်ခိုက်သိမ်းယူလေသည်။ မြန်မာပြည်ကို ၁၉၄၂ ခုနှစ် မေတွင် အပြီးသိမ်းယူခဲ့၏။ အိန္ဒိယကို ဆက်တိုက်ရန်စီစဉ်ခဲ့၏။ ပစိဖိတ်သမုဒ္ဒရာအတွင်း၌လည်း အမေရိကန်ပိုင် ကျွန်းများကို တိုက်ခိုက်သိမ်းယူပြီး ဩစတြေးလျကို တိုက်ရန် ပြင်ဆင်ခဲ့၏။ စစ်ဖြစ်သည့်နေ့မှစပြီး ၆ လအတွင်း အာရှအရှေ့တောင်မှ အနောက်နိုင်ငံအားလုံးကို တိုက်ထုတ်နိုင်ခဲ့၏။

တရုတ်ပြည် ချန်ကေရှိတ်အစိုးရသည်လည်း ချုံကင်းမှနေပြီး ဂျပန်ကို ဆက်လက်ခုခံတိုက်ခိုက်ခဲ့၏။ ထိုသို့ဆက်လက်ခုခံနိုင်အောင် အမေရိကန်မှ စစ်ရေး ..ှ ..းရေး အကူအညီများ လိုလေသေးမရှိ ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့၏။ ဤကာလမှာပင် စတီးဝဲလ်နှင့် ချန်ကေရှိတ် တွေ့ခဲ့ကြပါသည်ခင်ဗျား။

■

မြရတနာစာပေ



တရုတ်ခေါင်းဆောင်ကြီးမော်စီတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ပိုးစစ်တက္ကသိုလ်အမှုဝင်ချူအင်လိုင်း

# အခန်း ( ၁၂ )

## တရုတ်တို့၏ ခေတ်သစ်စစ်သမိုင်း

**နိဒါန်း**

တရုတ်တို့၏ခေတ်သစ်စစ်သမိုင်းကို ပြောဆိုကျား ပါရဂူကြီး မော်စီတုန်းက ကျမ်းအတွဲတော်တော်များများ ရေးသားပြုစုခဲ့၏။

သူ့ကျမ်းများသည် ကမ္ဘာကျော်၏။ ကမ္ဘာ့ပြောင်

www.burmeseclassic.com

www.burmeseclassic.com



ကျားအဖွဲ့အစည်းအသီးသီး၏ မှီငြမ်းကိုးကားစရာ သမ္မာကျမ်းစာပမာဖြစ်၏။

တရုတ်ပြည်ကြီးသည် ရှေးပဝေသဏီကတည်းကပင် ပဒေသရာဇ်ကရာဇ်အချင်းချင်း စစ်ခင်းနေသည့်နိုင်ငံကြီးဖြစ်၏။ နှစ်ဆယ်ရာစုအစပိုင်း မန်ချူးကရာဇ်များလက်ထက်၌ ဂျပန်၏ ကျူးကျော်မှုကို ခံရ၏။ ဆွန်ယက်ဆင်နှင့် ခေတ်မီတိုးတက်လိုသူများက မန်ချူးမင်းဆက်ကို ဖြုတ်ချကာ သမ္မတနိုင်ငံ ထူထောင်ကြ၏။ သို့ရာတွင် နိုင်ငံအနှံ့ စစ်ဘုရင်များက လွှမ်းမိုးနေသည်။ ဂျပန်ကို စုပေါင်းတွန်းလှန်ရန် ကြိုးစားခဲ့ကြ၏။ မအောင်မြင်ခဲ့။ ၁၉၃၇ ခုနှစ်၌ ဂျပန်ကို ခုခံရန် အဓိကပါတီကြီး ၂ ခုဖြစ်သော ကူမင်တန်ပါတီနှင့် တရုတ် ကွန်မြူနစ်ပါတီတို့ ပူးပေါင်းခဲ့၏။ သို့ရာတွင် ကြာရှည်မခံခဲ့။ ကူမင်တန်ပါတီခေါင်းဆောင် ချန်ကေရှိတ်က ဂျပန်ကို မတိုက်ဘဲ မော်စီတုန်းနှင့် တရုတ်ကွန်မြူနစ်များကို အပြတ်ရှင်းရန် ကြိုးစားအားထုတ်ခဲ့၏။

သို့ရာတွင် မအောင်မြင်ခဲ့။ ချန်ကေရှိတ်၌ ကူမင်တန်ပါတီအစိုးရအား အမေရိကန်နှင့် အင်္ဂလိပ်တို့က





လိုလေသေးမရှိ ထောက်ပံ့အားပေးခဲ့၏။ ဒုတိယကမ္ဘာစစ်ပြီးသည့်အထိဖြစ်သည်။ ဂျပန်လက်နက်ချ၍ တရုတ်ပြည်မှ ဆုတ်ခွာသွားသောအခါ ကူမင်တန်နှင့် ကွန်မြူနစ်တို့ ပြည်တွင်းစစ်ကို ဆက်လက်ဆင်နွှဲကြ၏။ ၄ နှစ်အကြာတွင် ကွန်မြူနစ်တို့ လုံးဝအောင်ပွဲခံသွားပြီး ချန်ကေရှိတ်နှင့် ကူမင်တန်ပါတီအစိုးရ ထိုင်ဝမ်သို့ ထွက်ပြေးရ၏။

ဤသည်မှာ တရုတ်ပြည်၏ ခေတ်သစ်စစ်သမိုင်းပါပင်။

ဤသမိုင်းကြောင်းများကို စာရှုသူများ လေ့လာနိုင်ပါရန် မော်စီတုန်း၏ လက်ရွေးစင်ကျမ်း **စစ်နှင့် သေနင်္ဂဗျူဟာ**ပြဿနာများ ဆောင်းပါးမှ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုက်ပါသည်ခင်ဗျား။

### ကူမင်တန်စစ်သမိုင်း

ကူမင်တန်၏သမိုင်းနှင့် ကူမင်တန်က စစ်ကိုအာရုံစူးစိုက်ခဲ့ပုံတို့ကို ကျွန်ုပ်တို့ လေ့လာလျှင် ကျွန်ုပ်တို့အတွက် အကျိုးရှိပေလိမ့်မည်။

ပွဲဦးထွက် သေးငယ်သော တော်လှန်ရေး အစု



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်စုကို ဆွန်ယက်ဆင် ဖွဲ့စည်းနေရစဉ်ကပင် မန်းချူးမင်းဆက်များကို ဆန့်ကျင်သော လက်နက်ကိုင် ပုန်ကန်မှုတချို့ကို ပြုလုပ်ခဲ့သည်။ တရုတ်တော်လှန်ရေး အစည်းအရုံးခေတ်သည် လက်နက်ကိုင် ပုန်ကန်မှု သာဓက များဖြင့် ပြည့်နှက်ခဲ့သည်။ ယင်းပုန်ကန်ထကြွမှုများသည် ၁၉၁၁ ခုနှစ် တော်လှန်ရေးတွင် မန်းချူးမင်းဆက်များ လုံးဝကျဆုံးသွားသည်အထိ ဆက်လက်ဖြစ်ပွားခဲ့သည်။ တရုတ်တော်လှန်းရေးပါတီခေတ်တွင် ယွန်းရှီခိုင်းကို ဆန့်ကျင်သည့် လက်နက်ကိုင် တိုက်ပွဲကို ဆင်နွှဲခဲ့ခြင်း၊ ရေတပ်မတော်ကို တောင်ပိုင်းသို့ ရွှေ့ပြောင်းခြင်း၊ ကွေ့ လင်းမှနေ၍ မြောက်ကြောင်းချီစစ်ပွဲ ဆင်နွှဲခြင်း၊ ဝှမ်ပူ စစ်တက္ကသိုလ် တည်ထောင်ခြင်းစသည်တို့တွင် ဆွန်ယက် ဆင်၏ စစ်ရေးစွမ်းဆောင်ချက်များအနက် တချို့ဖြစ်လေ သည်။

ဆွန်ယက်ဆင်၏ အရိုက်အရာကို ချန်ကေရှိတ် ဆက်ခံပြီးနောက် ကူမင်တန် စစ်အင်အားကို ထိပ်တန်း ရောက်အောင် လုပ်ဆောင်ခဲ့သည်။ မြောက်ကြောင်းချီစစ် ပြည်တွင်းစစ်နှင့် ဂျပန်ဆန့်ကျင်ရေး စစ်ကြီးဟူသည့် စစ်ပွဲ





ဥရုပ်စလုံးတွင် ချန်ကေရှိတ်သည် တပ်မတော်ကို သူ၏ အသက်နှင့် ထပ်တူတန်ဖိုးထားခဲ့သည်။ လွန်ခဲ့သော ဆယ်နှစ်အတွင်း ချန်ကေရှိတ်သည် တန်ပြန်တော်လှန် သမားတစ်ယောက်ဖြစ်ခဲ့သည်။ သူသည် တန်ပြန်တော်လှန် ရေးအတွက် အလွန်ကြီးမားသော ''ဗဟိုတပ်မတော်'' ကြီး တစ်ခုကို ဖန်တီးတည်ဆောက်ခဲ့သည်။ ချန်ကေရှိတ်သည် **''တပ်မတော်တစ်ခုရှိသူ မည်သူမဆို အာဏာရှိသည်။ စစ်သည် အရာရာကို ဆုံးဖြတ်သည်''** ဆိုချက်ကို အခိုင် အမာ ဆုပ်ကိုင်ထားလေသည်။ ယင်းအချက်ကို သူ့ထံမှ ကျွန်ုပ်တို့ လေ့လာသင်ကြားရမည်ဖြစ်သည်။ ဤနေရာတွင် ဆွန်ယက်ဆင်ရော၊ ချန်ကေရှိတ်ပါ နှစ်ဦးစလုံးသည် ကျွန်ုပ်တို့၏ ဆရာများဖြစ်ကြသည်။

၁၉၁၁ ခုနှစ် တော်လှန်ရေးမှစ၍ စစ်ဘုရင်ခံ ကြီးများအားလုံးသည် သူတို့၏တပ်များကို အသက်တမျှ သဘောထားခဲ့ကြသည်။ သူတို့အားလုံး ''တပ်မတော် တစ်ခုရှိသူ မည်သူမဆို အာဏာရှိသည်''ဟူသောမှုကို လက်ခံထားကြသည်။

ဘဏ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော တန်ယင်ကိုင်းသည် ဟူနန်နယ်၏ ပါးနပ်သော ဗြူရိုကရက်တစ်ယောက်ဖြစ်သည်။ သူသည် မြို့ပြအုပ်ချုပ်ရေးသမားသက်သက်တစ်ယောက် ဘယ်တော့မှ အဖြစ်မခံဘဲ စစ်ဘုရင်ခံတစ်ယောက် ဖြစ်လာစေရန်လည်း အစဉ်ကြိုးစားခဲ့သည်။ သူသည် ကန်တုန်နှင့် ဂွမ်ဟန် အမျိုးသားအစိုးရ၌ သဘာပတိအဖြစ် ဆောင်ရွက်နေစဉ်မှာပင် အမှတ် (၂) တပ်မတော်၏ ဗိုလ်ချုပ်အဖြစ်ကိုလည်း တစ်ချိန်တည်း၌ ခံယူထားလေသည်။ တရုတ်ပြည်၏ ယင်းသို့သော ထူးခြားချက်ကို နားလည်သဘောပေါက်သောသူကဲ့သို့ စစ်ဘုရင်ခံမျိုးမြောက်မြားစွာ တရုတ်ပြည်တွင်ရှိကြသည်။

တရုတ်ပြည်တွင် တပ်မတော်တစ်ခုကို မတည်ဆောက်လိုသော ပါတီတချို့ ရှိလေသည်။ ထင်ရှားသော ပါတီမှာ တိုးတက်ရေးပါတီ ဖြစ်သည်။ သို့သော် ယင်းပါတီသည်ပင်လျှင် စစ်ဘုရင်ခံတချို့ ကျောထောက်နောက်ခံမပြုဘဲ အစိုးရအဖွဲ့အတွင်း ရာထူးနေရာ မရနိုင်ကြောင်း သိနားလည်ကြသည်။ ဤသို့အားဖြင့် ယွန်ရှီခိုင်း တွမ်ချီဇွေ့နှင့် ချန်ကေရှိတ်တို့သည် ၎င်းပါတီ၏အကြီးအမှူးများ အဆက်ဆက် ဖြစ်ခဲ့ကြရသည်။ တိုးတက်သော ပါတီ၏





အစိတ်အပိုင်းတစ်ခုက ဖွဲ့စည်းလိုက်သော နိုင်ငံရေးသိပ္ပံအသင်းသည် ချန်ကေရှိတ်နှင့် ဆက်သွယ်သည်။

ပါတီသက် များစွာနုသေးသော တချို့သော ပါတီကလေးများ။ ဥပမာ လူငယ်ပါတီတွင် တပ်မတော်မရှိပေ။ ထို့ကြောင့် မည်သည့်နေရာမှ မရနိုင်ခဲ့ချေ။

တခြားတိုင်းပြည်များတွင် မည်သည့်အရင်းရှင်ပါတီမှ ယင်းတို့၏ တိုက်ရိုက်အမိန့်ပေးမှုအောက်တွင် လက်နက်ကိုင်တပ်ထားရှိရန်မလိုချေ။ ထိုတိုင်းပြည်များနှင့် တရုတ်ပြည် မတူချေ။ ပဒေသရာဇ်စနစ်ကြောင့် တိုင်းပြည်အကွဲကွဲဖြစ်နေရကား လက်နက်ပိုရှိသော မည်သည့်မြေရှင်သို့မဟုတ် အရင်းရှင်ဂိုဏ်း သို့မဟုတ် ပါတီဝင်ပင်မဆို အာဏာရှိပေသည်။ ယင်းသို့သော ပတ်ဝန်းကျင်မျိုးတွင် ဆိုက်ရောက်နေသော ပစ္စည်းမဲ့လူတန်းစား ပါတီသည် ပြဿနာ၏ အနက်နဲဆုံးအပိုင်းကို ပြတ်သားရှင်းလင်းစွာ မြင်ရန်လိုပေသည်။

ကွမ်မြူနစ်များသည် ကိုယ်ရေးကိုယ်တာ စစ်အာဏာအတွက် မတိုက်ခိုက်ကြ။ (သူတို့တစ်တွေယင်းအတွက် မလုပ်ကိုင်ကြချေ။ ချန်ကူတော်အဖြစ်မျိုး



www.burmeseclassic.com

လည်း အဖြစ်မခံကြချေ) သို့သော်ပါတီနှင့် ပြည်သူ့အတွက် စစ်အင်အားကို ရအောင် ယူရမည်။ ယခုအခါ အမျိုးသား ခုခံရေးစစ် ဖြစ်ပွားနေသည်။ ထို့ကြောင့် တစ်မျိုးသားလုံး အတွက် စစ်အင်အားကိုရအောင် ထပ်လောင်းကြိုးစားကြရ မည်။ စစ်အင်အား ပြဿနာနှင့် ပတ်သတ်၍ အကင်းမပါ ကြလျှင် အောင်မြင်ချက်တစ်ခုမျှရမည် မဟုတ်ချေ။ လုပ်သားပြည်သူများအတွက်လည်း ကြီးစွာအကျပ်အတည်း ဆိုက်ပေလိမ့်မည်။ နှစ်ပေါင်း ထောင်ပေါင်းများစွာကပင် ဖောက်ပြန်သော အုပ်စိုးသူ လူတန်းစား၏ လှည့်စားခြင်း ခြောက်လှန့်ထားခြင်း ဒဏ်များကို ခံခဲ့ကြရသောကြောင့် လုပ်သားပြည်သူများသည် လက်ထဲတွင် သေနတ်များ ကိုင်ထားရန် အရေးကြီးမှုကို နိုးကြားစွာ သိနားလည်စေရန် ခက်ခဲနေပေမည်။

ယခုအခါ ဂျပန်၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် တစ်မျိုးသား လုံး ခုခံဆန့်ကျင်ရေးသည် လုပ်သားပြည်သူများအား စစ်တည်းဟူသော ဖာတ်ခုံကြီးပေါ်သို့ တွန်းတင်ခဲ့ပြီးဖြစ် သည်။ ထို့ကြောင့် ကွန်မြူနစ်များသည် ဤစစ်ကြီးအတွင်း နိုင်ငံရေးအသိနှင့်ယှဉ်သော ခေါင်းဆောင်များဖြစ်ကြောင်း




ချန်ကေရှိတ်၊ မေလာင်းနှင့် ဝေဗီးဗဲလ် မေမြို့(ယခုပြင်ဦးလွင်)တွင်တွေ့ရစဉ်

www.burmeseclassic.com





လက်တွေ့ပြသသင့်ပေပြီ။ ကွန်မြူနစ်တိုင်းသည် ''နိုင်ငံရေးအာဏာသည် သေနတ်ပြောင်းဝမှ ထွက်လာရသည်'' ဟူသော သစ္စာတရားကို ဆုပ်ကိုင်ထားရမည်။ ကျွန်ုပ်တို့၏ အခြေခံမူမှာ **သေနတ်ကို ပါတီအမိန့်ပေး၍ သေနတ်က ပါတီကို ဘယ်တော့မှ အမိန့်ပြန်မပေးစေခြင်းပင်** ဖြစ်သည်။ ကျွန်ုပ်တို့တွင် သေနတ်ရှိနေလျှင် ပါတီကို တိုးချဲ့တည်ဆောက်နိုင်သည်။ တရုတ်ပြည်မြောက်ပိုင်းတွင် အမှတ် (၈) တပ်မတော်သည် ကြီးမားသော ပါတီတစ်ရပ်ကို တည်ဆောက်ခဲ့သည်။ ကျွန်ုပ်တို့သည် ကေဒါများကို မွေးထုတ်နိုင်ခဲ့သည်။ ကျောင်းများ၊ အနုပညာယဉ်ကျေးမှုနှင့် လူထုလှုပ်ရှားမှုများကိုလည်း ဖန်တီးနိုင်ခဲ့သည်။ ယင်းအန်တွင် သေနတ်ဖြင့် အရာရာကို တည်ဆောက်ဖန်တီးခဲ့သည်။ အားလုံးသည် သေနတ် ပြောင်းဝမှပင် ပေါ်ထွက်လာသည်။

နိုင်ငံတော်နှင့်ပတ်သတ်သော မာ့က္စ(စ)ဝါဒသဘောတရားအရကြည့်လျှင် တပ်မတော်သည် နိုင်ငံတော် အာဏာတွင် အဓိကအပိုင်းအဖြစ် ရှိနေသည်။ နိုင်ငံတော်အာဏာကို သိမ်းပိုက်၍ ယင်းအာဏာကို သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ထား လိုသူမှန်သမျှ တောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ်ရှိမှ ဖြစ်ပေမည်။ တချို့သောပုဂ္ဂိုလ်များက ကျွန်ုပ်တို့အား “စစ်၏အကြွင်းမဲ့ တန်ခိုးကြီးမားမှု” ကို ဟောပြောသူများဟု ပျက်ရယ်ပြုကြသည်။ မှန်ပါသည်။ ကျွန်ုပ်တို့သည် တော်လှန်သော စစ်၏အကြွင်းမဲ့ တန်ခိုးကြီးမှုကို ဟောပြောသူများဖြစ်ပါသည်။ ယင်းသို့ ဟောပြောခြင်းသည် ဒုစရိုက်ကျူးလွန်ခြင်း မဟုတ်ချေ။ ကောင်းမှုပြုခြင်းသာ ဖြစ်ချေသည်။ မာ့က္ခ (စ) ဝါဒီလည်း မည်ပေသည်။ ရုရှားကွန်မြူနစ်များသည် သေနတ်ဖြင့် ကွန်မြူနစ်စနစ်ကို တည်ဆောက်ခဲ့ကြသည်။ ကျွန်ုပ်တို့က ဒီမိုကရေစီ သမ္မတနိုင်ငံ ထူထောင်နိုင်အောင် လုပ်ရမည်။ အလုပ်သမားလူတန်းစားနှင့် လုပ်သားပြည်သူများသည် သေနတ်၊ လက်နက်ကို အသုံးချသည့်နည်းလမ်းမှလွဲ၍ တခြားမည်သည့်နည်းနှင့်မျှ လက်နက်ကိုင်အရင်းရှင် မြေရှင်လူတန်းစားကို နိုင်အောင် မတိုက်ခိုက်နိုင်ကြောင်း နယ်ချဲ့ခေတ်အတွင်း လူတန်းစားတိုက်ပွဲ၏ အတွေ့အကြုံများက သင်ကြားခဲ့ပေသည်။ ယင်းအမြင်အရ ကမ္ဘာတစ်ဝန်းလုံးကို သေနတ်လက်နက်ဖြင့်သာ ပြောင်းလဲပစ်နိုင်သည် ဟု ကျွန်ုပ်တို့ပြောဆိုနိုင်ပေ





သည်။

ကျွန်ုပ်တို့သည် စစ်မှန်သမျှ ပျောက်ကွယ်သွားအောင် လုပ်ရေးကို ဟောပြောသူများဖြစ်ကြသည်။ စစ်ကိုလည်း မလိုလားပေ။ သို့သော် စစ်ကိုစစ်ဖြင့်သာ ပပျောက်အောင် လုပ်နိုင်သည်။ ထို့ကြောင့် သေနတ်လက်နက်ပျောက်သွားအောင် လုပ်ရန် ပထမ ကျွန်ုပ်တို့ သေနတ်လက်နက်ကိုင်ဆောင်ထားရန် လိုအပ်သည်။

**တရုတ်ကွန်မြူနစ်ပါတီ၏စစ်သမိုင်း**

၁၉၂၁ ခုနှစ် (တရုတ်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်ခဲ့သောနှစ်)မှ ၁၉၂၄ ခုနှစ် (ကူမင်တန်ပါတီ၏ ပထမအကြိမ် ပြည်လုံးကျွတ် ကွန်ဂရက် ကျင်းပသောနှစ်) အထိ သုံး၊လေးနှစ် ကာလအတွင်း ပါတီသည်စစ်အတွက် ပြင်ဆင်ရန်နှင့် တပ်မတော်တစ်ရပ် ဖွဲ့စည်းရန် အရေးကြီးမှုကို နားမလည်ခဲ့ပေ။ ၁၉၂၄ ခုနှစ်နှင့် ၁၉၂၇ ခုနှစ်အကြား ၁၉၂၄ ခုနှစ်လွန်ပြီးနောက်၌ပင်လျှင် ယင်းပြဿနာကို တိတိကျကျ နားလည်ခြင်း မရှိသေးချေ။ သို့သော် ၁၉၂၄ ခုနှစ်မှစ၍ ဝှမ်ဖူစစ်တက္ကသိုလ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပါတီသည် အဆင့်သစ်တစ်ခုသို့ ရောက်ရှိလာကာ စစ်ရေး စစ်ရာ အရေးကြီးမှုကို မြင်စပြုလာခဲ့လေသည်။ ကွမ်တန်စစ်နှင့် မြောက်ကြောင်း ချီစစ်တွင် ကူမင်တန်ကို ကူညီခြင်းဖြင့် ပါတီသည် လက်နက်ကိုင်တပ်တချို့ကို ခေါင်းဆောင်မှု ရရှိခဲ့သည်။ ပါတီသည် တော်လှန်ရေး ရှုံးနိမ့်မှုမှ ခါးသီးသော သင်ခန်းစာကို ရရှိခဲ့ပြီးသည့်နောက် ဆက်လက်ဖြစ်ပွားခဲ့သော နန်ချန်ပုန်ကန်မှု ဆောင်ဦး ကောက်သိမ်းချိန် ပုန်ကန်မှုများ၊ ကန်တုန်ပုန်ကန်မှုများ ပြုလုပ်ရင်း တပ်နီတော်တည်ဆောက်ရေး အဆင့်သစ်သို့ ချဉ်းနင်း ဝင်ရောက်ခဲ့သည်။ ယင်းအချိန်သည် တပ်မတော်၏ အရေးကြီးမှုကို ပါတီက ရေရေလည်လည် သိရှိနားလည် အဆုံးအဖြတ်ပေးသည့် အချိန်ဖြစ်ပေသည်။ ထိုအချိန်က သာ တပ်နီတော်တစ်ခုမရှိခဲ့လျှင်၊ စစ်ဆင်တိုက်ခိုက်မှု မပြုခဲ့လျှင် ချင်တုရှုး၏ ပါတီဖျက်သိမ်းရေး လမ်းစဉ်ကို လက်ခံခဲ့လျှင် ယခုလက်ရှိအချိန်တွင် ဂျပန်ဆန့်ကျင်ရေးစစ် စတင်ရန်ကိုလည်းကောင်း၊ ဤစစ်ကို ကြာရှည်ဆက်လက် ဆင်နွှဲသွားရန်ကိုလည်းကောင်း စိတ်ကူးထဲပင် ထည့်နိုင် လိမ့်မည် မဟုတ်ချေ။





၁၉၂၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီဗဟိုကော်မတီ၏ အရေးပေါ် အစည်းအဝေးသည် နိုင်ငံရေးတွင် လက်ျာအချောင်သမားဝါဒကို တိုက်၍ ပါတီအား ရှေ့သို့ခြေလှမ်း ကျယ်ကျယ်တစ်လှမ်း လှမ်းနိုင်စေခဲ့သည်။ ပြည်လုံးကျွတ် ကွန်ဂရက်ကျင်းပပြီးနောက် ၁၉၃၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော စတုတ္ထ အကြိမ်မြောက် ဗဟိုကော်မီတီစုံ အစည်းအဝေးသည် “လက်ဝဲအချောင်သမားဝါဒ”ကို အမည်အားဖြင့် တိုက်ခဲ့သည် မှန်သော်လည်း လက်တွေ့တွင် “လက်ဝဲ အချောင်သမားဝါဒ” အမှားကိုပင် အသစ်တစ်ဖန် ကျူးလွန်ခဲ့ပြန်သည်။ ယင်းအစည်းအဝေးနှစ်ရပ်သည် အနှစ်သာရအရ ရော သမိုင်းရေးရာအရပါ ကွဲပြားခြားနားသည်။ သို့သော် စစ်နှင့် သေနင်္ဂဗျူဟာဆိုင်ရာ ပြဿနာများ၏အရေးကြီးမှုကို မဖော်ပြခြင်း၌မူ အတူတူပင် ဖြစ်လေသည်။ ဤသည် ကပင် စစ်ရေးကို ပါတီ၏မဏ္ဍိုင်လုပ်ငန်းအဖြစ် မသတ်မှတ်ကြောင်း ဖော်ပြနေပေသည်။

၁၉၃၃ ခုနှစ်တွင် ပါတီဗဟိုကော်မတီသည် ...ကာနီလွှမ်းသော ဒေသများသို့ ရွှေ့ပြောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအနေအထားသည် အခြေအနေကို ဇာစ်မြစ်ကစ၍ ပြောင်းလဲသွားစေခဲ့သည်။ သို့သော် စစ်ရေးပြဿနာနှင့် (တခြားအရေးကြီးသော ပြဿနာအားလုံး) တွင် အခြေခံမှုဆိုင်ရာ အမှားများကို ထပ်မံကျူးလွန်ကြပြန်သည်။ ထို့ကြောင့် တော်လှန်ရေးစစ်သည် ကြီးမားသော ဆုံးရှုံးမှုဖြင့် ကြုံရပြန်လေသည်။

၁၉၃၅ ခုနှစ်တွင်ကျင်းပသော စွန်ရီ အစည်းအဝေးတွင် ''စစ်ရေးအချောင်သမားဝါဒ''ကို တစ်ဖက်က အဓိကထားတိုက်၍ စစ်ရေးပြဿနာကို ထိပ်တန်းသို့ တွန်းတင်ပေးခဲ့သည်။ ဤသည်မှာ ယင်းကာလ၏ စစ်အခြေအနေ၏ ရောင်ပြန်ဟပ်မှုပင် ဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီသည် လွန်ခဲ့သော (၁၇)နှစ် တိုက်ပွဲကာလအတွင်း တည်ငြိမ်ခိုင်မာသော မာ့က္ခ(စ)ဝါဒ နိုင်ငံရေးလမ်းစဉ်တစ်ခုကိုသာမက၊ တည်ငြိမ်ခိုင်မာသော မာ့က္ခ(စ)ဝါဒ စစ်ရေးလမ်းစဉ်တစ်ခုကိုပါ သွန်းလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ယုံကြည်စိတ်ချစွာ ယနေ့ကျွန်ုပ်တို့ ပြောဆိုနိုင်ပေပြီ။ ကျွန်ုပ်တို့သည် မာ့က္ခ(စ)ဝါဒဖြင့် နိုင်ငံရေး ပြဿနာကိုသာမက စစ်ရေးပြဿနာကိုပါ ဖြေရှင်းနိုင်စွမ်းရှိပေပြီ။





ကျွန်ုပ်တို့သည် ပါတီနှင့် အစိုးရကို ခေါင်းဆောင်သွားနိုင်သော ကေဒါအမြောက်အမြားကိုသာမက၊ တပ်မတော်ကို ခေါင်းဆောင်သွားနိုင်ကာ ကေဒါအမြောက်အမြားကိုလည်း လေ့ကျင့်ပေးပြီးဖြစ်သည်။

ဤအောင်မြင်မှုမှာ မရေမတွက်နိုင်သောအာဇာနည်များ၏သွေးဖြင့် သွန်းလောင်း မြေတောင်မြှောက် ပေးရာမှ ဖူးပွင့်လာသော တော်လှန်ရေး၏ အဖူးအပွင့်များဖြစ်လေသည်။ ယင်းဂုဏ်အင်္ဂါသည် တရုတ် ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူတို့သာပိုင်ဆိုင်သော ဂုဏ်အင်္ဂါသာမဟုတ်ဘဲ၊ တစ်ကမ္ဘာလုံးရှိ ကွန်မြူနစ်ပါတီများ ပြည်သူများ ပိုင်ဆိုင်သော ဂုဏ်အင်္ဂါလည်းဖြစ်လေသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ၊ တရုတ်ကွန်မြူနစ်ပါတီ၊ စပိန် ကွန်မြူနစ်ပါတီတို့ အသီးသီးခေါင်းဆောင်သော တပ်မတော်ကြီးသုံးခုကိုသာ ပစ္စည်းမဲ့လူတန်းစားနှင့် လုပ်သားပြည်သူများက ပိုင်ဆိုင်ပေသေးသည်။ တခြားတိုင်းပြည်များရှိ ကွန်မြူနစ်ပါတီတို့တွင် စစ်ရေးအတွေ့အကြုံမရှိသေးချေ။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ တပ်မတော်နှင့် ကျွန်ုပ်တို့၏ စစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံတို့ကိုပို၍ပင် အမြတ်တနိုးတန်ဖိုးထားကြ
ပေမည်။

လက်ရှိဆင်နွှဲလျက်ရှိသော ဂျပန်ဆန့်ကျင်ရေး
စစ်ပွဲကြီး အောင်ပွဲခံသည့်အထိ ဆင်နွှဲသွားနိုင်ရန်အတွက်
အမှတ် (၈) ကြည်းကြောင်းတပ်မတော်နှင့် အမှတ် (၄)
တပ်မတော်သစ်နှင့် ပါတီကခေါင်းဆောင်သော ပြောက်
ကျားတပ်များအားလုံးကို တိုးချဲ့ရန်၊ ခိုင်မာတောင့်တင်း
အောင် လုပ်ရန် အထူးပင် အရေးကြီးလေသည်။ ယင်း
အခြေခံမှုအရ ပါတီသည် အကောင်းဆုံးသော ပါတီဝင်များ
ကေဒါများကိုရှေ့တန်း စစ်မျက်နှာသို့ အလုံအလောက်
စေလွှတ်သင့်သည်။ လုပ်ငန်းမှန်သမျှ ရှေ့တန်းစစ်မျက်နှာ
တွင် အောင်ပွဲဆင်ရေးအတွက် ဖြစ်ရမည်။ စည်းရုံးရေး
တာဝန်သည် ဤနိုင်ငံရေးတာဝန်၏ လက်အောက်ခံဖြစ်
မည်။

■



လီဒိုလမ်းကြောင်းအားလေယာဉ်မှမြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၃ )

## စတီးဝဲလ်နှင့်ကိုင်ရိုညီလာခံ

တိုင်ရိုညီလာခံဆိုသည်မှာ

၁၉၄၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် မဟာမိတ်နိုင်ငံများ၏ စစ်ရေး ညီလာခံကြီး တစ်ခု ပြုလုပ်ခဲ့သည်။ ထိုညီလာခံကို ကိုင်ရိုင်ညီလာခံဟု ခေါ်၏။ ညီလာခံခေါ်ယူကျင်းပရခြင်းမှာ အဓိကအားဖြင့် တရုတ်ပြည် ကယ်တင်နိုင်ရေးအတွက် မဟာမိတ်တပ်များ



www.burmeseclassic.com

www.burmeseclassic.com



၏ စီမံချက် အပြီးသတ်ရေးဆွဲရန် ဖြစ်လေသည်။

ညီလာခံတွင် အဓိကတက်ရောက်ကြသူများမှာ အမေရိကန်သမ္မတကြီး ရုစဗဲ့နှင့် ဗြိတိသျှနန်းရင်းဝန်ကြီး ချာချီတို့ ဖြစ်၏။

ကိုင်ရိုညီလာခံသည် တရုတ်ပြည်အရေးကို အဆုံး အဖြတ်ပေးမည့် ညီလာခံကြီးဖြစ်သောကြောင့် ထိုညီလာခံ သို့ ချန်ကေရှိတ် တက်ရောက်ရမည်ဖြစ်၏။ ဇနီးသည် မေလင်းလည်း လိုက်ပါမည်။ တရုတ်ပြည်နှင့် ပတ်သက် သည့် စစ်ရေးစစ်ရာကိစ္စများ တင်ပြနိုင်ရန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်လည်း လိုက်ပါရမည်ဖြစ်လေသည်။ ဤကာလ၌ ချန်ကေရှိတ်နှင့် စတီးဝဲလ်တို့၏ ဆက်ဆံရေးအလွန်ကောင်း နေပါသည်။ သူလိုချင်သည်များ ရတော့မည်ဟု ယူဆ၍ ချန်ကေရှိတ်ကလည်း အလွန်ပျော်နေ၏။ ညီလာခံကြီး၌ သူတောင်းချင်သည်များကို တောင်းရန် ပြင်ထား၏။

ထိုညီလာခံ၌ မနေ့တစ်နေ့ကမှ မဟာမိတ်တပ် များ၏ အရှေ့တောင်အာရှ သေနာပတိချုပ်အဖြစ် ရာထူး လက်ခံခဲ့သော ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်လည်း တက် ရောက်ရ၏။ တရုတ် အပျော်တမ်းလေတပ်၏ တပ်မှူး



ကြီး ဗိုလ်ချုပ်ကြီးချင်းနော့လည်း တက်ရောက်ရ၏။ အခြား အမေရိကန်နှင့် ဗြိတိသျှတပ်မှူးကြီးများလည်း တက် ရောက်ကြလေသည်။ ဗိုလ်ချုပ်ကြီးဝေဗယ်နှင့် စလင်းတို့ လည်း ပါဝင်၏။

ထိုညီလာခံကြီး၌ SEAC က အောက်ပါစီမံချက်ကို စတင်တင်သွင်းလေသည်။

(က) လီဒိုလမ်းမှ တရုတ်တပ်မ (၂၂) နှင့် (၃၈) တို့ ရှေ့သို့ဆက်လက်ချီတက်စေရန်၊

(ခ) အမှတ် (၄) ဗြိတိသျှတပ်မကြီးသည် ရခိုင်ဒေသသို့ ၁၉၄၄ ခုနှစ် နှစ်ဦးတွင် ချီတက်သွားရန်၊

(ဂ) ခရီးဝေးထိုးဖောက်တပ်များ ၁၉၄၄ ခုနှစ် ဖေဖော်ဝါ ရီတွင် မြန်မာနိုင်ငံ အင်းတော်ကို မရအရ သိမ်း ပိုက်ရန် မြစ်ကြီးနားထိ ချီတက်နိုင်ရေး ပြင်ဆင် ထားရန်၊

(ဃ) ရန်ကုန်ကို ကမ်းတက်စစ်ဆင်ရေး ၁၉၄၄ ခုနှစ် ဧပြီလတွင် ပြုလုပ်ရန်တို့ ဖြစ်လေသည်။

ထိုစီမံချက်နှင့်ပတ်သက်၍ အချင်းချင်းသဘော ထား ကွဲလွဲကြ၏။ အမေရိကန်သမ္မတကြီး ရုစဗဲ့က မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသိမ်းပိုက်ရေးအတွက် မြန်မာပြည်မြောက်ဖျားမှနေပြီး အထွေထွေထိုးစစ်ကြီး ဆင်နွှဲရန် လိုသည်ဟု ယူဆ၏။

ဗြိတိသျှဗိုလ်ချုပ်ကြီး စလင်းက ဂျပန်တို့လာတိုက်ပြီး အားပျော့သွားမှ မြန်မာပြည်တွင်းသို့ မဟာမိတ်တပ်များ ဝင်ရောက်သွားရန် သဘောရ၏။

ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကမူ မြန်မာနိုင်ငံကို ရေကြောင်းမှဝင်ရောက်၍ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် အဆိုပြု၏။

ချန်ကေရှိတ်ကမူ ထိုစီမံချက်ကို ဆန့်ကျင်ပြီး ဝေဖန်တော့သည်။

ထိုအပြင် အိန္ဒိယမြန်မာနယ်စပ်ရှိ နွားလည်း Hump တောင်တန်းကို ကျော်၍ တရုတ်ပြည်သို့ ပေး နေသော ထောက်ပံ့ရေးပစ္စည်းတာ တစ်လ တန်တစ်သောင်း ထက်မနည်း ပေးပို့ရေးကို တောင်းဆိုသည်။

သူ၏ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချင်နော့ ကလည်း သူ့လေတပ်များအတွက် အမေရိကန် အထောက် အပံ့ပစ္စည်း တန်တစ်သောင်းခန့်ပို့ရန် တောင်းဆိုပြန်သည်။

အားလုံးမှာ လောလောဆယ် မဖြစ်နိုင်သေးသည်





အရာများသာ ဖြစ်ကြ၏။

ဤတွင် အစည်းအဝေးတက်ရောက်သူများကြား ငြင်းပြင်းထန်ထန် သဘောကွဲလွဲကြကာ အချင်းများကြ တော့၏။

စတီးဝဲလ်ကမူ တရုတ်စစ်ဦးစီးဌာနချုပ်နှင့် တရုတ် တပ်များကို အမေရိကန်စစ်ဦးစီးချုပ်ကွပ်ကဲမှုအောက် ထားခဲ့လျှင် အလုပ်ဖြစ်မှာမဟုတ်ကြောင်း၊ အမေရိကန် တပ်မဟာ တစ်တပ် ဖြည့်၍ တရုတ်တပ်များ ကွပ်ကဲမှုကို သူ့အားပေး၍ လိုအပ်သည့်လက်နက် တပ်ဆင်မှုများသာ ပြုလုပ်ပေးပါက မြန်မာပြည်နှင့် တရုတ်ပြည် ပြန်လည် သိမ်းပိုက်ရေးတွင် အောင်မြင်သည်အထိ သူ ပါဝင်ဆောင် ရွက်နိုင်မည် ဖြစ်ကြောင်းကို အဓိကတင်ပြလေသည်။

ချန်ကေရှိတ်ကမူ သူလိုသောပစ္စည်းများ ရရေးသာ အဓိကဆွေးနွေးပြီး SEAC စီမံချက်အား အမျိုးမျိုး ဝေဖန် ပြောဆို၍ နောက်ဆုံး၌ စီမံချက်ကို သဘောမတူချင် တူချင်နှင့် သဘောတူကြောင်း ပြောဆိုခဲ့လေသည်။

ကိုင်ရိုညီလာခံမှာ ငြင်းရင်းခုံရင်းနှင့် ပြီးဆုံးသွား ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သတင်းထုတ်ပြန်ရာ၌မူကား ကိုင်မို ညီလာခံသည် ဂျပန်တို့အား အစွမ်းကုန် တိုက်ခိုက်သွားရန် မဟာမိတ်တပ်ပေါင်းစုက တစ်ခဲနက် သန္နိဋ္ဌာန် ချလိုက်ကြောင်း အလေးအနက် ဖော်ပြပါသည်ဟု ပါရှိလေသည်။

ကိုင်ရိုညီလာခံ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ချန်ကေရှိတ်နှင့် အသေအချာ ဆွေးနွေး၍ တိုးတက်မှုများကို တင်ပြပါရန် အမေရိကန်အစိုးရက စတီးဝဲလ်အား တာဝန်ပေးအပ်ထားခဲ့သည်။ သို့ရာတွင် ချန်ကေရှိတ်ကား ရှုံ့ချည် နပ်ချည်နှင့် အမျိုးမျိုးပြောနေ၏။ တရုတ်တပ်များ ပါဝင်တိုက်ခိုက်ရေးကို လွယ်လွယ်ကူကူနှင့် ပြုခြင်းမရှိ။ စတီးဝဲလ်က ချန်အား ဖျောင်းဖျပေးရန် မဒမ်ချန်ကေရှိတ်အား အကူအညီတောင်းသည်။

ချန်က ...

"ရေကြောင်းက ကပ္ပလီကျွန်းစုကို ကမ်းတက်စစ်ဆင်ရေးလုပ်မယ့်ဟာကို ဖျက်ပြီး ဆူမာတြတိုက်မယ့် အစီအစဉ်ကို သဘောမတူနိုင်ဘူး။ ဆူမာတြတိုက်လို့ တရုတ်ပြည်အတွက် ဘာအကျိုးကျေးဇူးမှ ရှိမလာဘူး"

ဟုသာ တွင်တွင်ပြောတော့သည်။





ဤသို့ဖြင့် ညှိနှိုင်းမရ၍ ဘင်္ဂလားပင်လယ်အော် ဒေသတွင် ရေကြောင်းမှ ထိုးစစ်အားလုံးကို ရပ်ဆိုင်းလိုက်ရတော့၏။

အရှေ့တောင်အာရှ စစ်ဒေသဌာနချုပ် SEAC အနေဖြင့် ၁၉၄၄ ခုနှစ် မိုးအကုန် ဆောင်းအကူးတွင် အထက်မြန်မာနိုင်ငံ သိမ်းပိုက်ရေးကိုသာ အဓိကဆောင်ရွက်ရန် ရှိတော့၏။ ထိုသို့ဆိုပါက လီဒိုလမ်းကြီးလည်း ဖွင့်သွားပြီဖြစ်၍ သူလိုအပ်သော အထောက်အပံ့ပစ္စည်းများ ကုန်းကြောင်းမှ ဝင်ရောက်လာမည်ဖြစ်ရာ တရုတ်ခေါင်းဆောင် ချန်ကေရှိတ်က မြန်မာပြည်ပြန်သိမ်းသည့် တိုက်ပွဲ၌ သူ၏ယူနန်တပ်တော်ကို အသုံးပြုခွင့်ပေးမည် ဟု ကတိပေးလေသည်။

ကိုင်ရိုညီလာခံအပြီး၌ စတီးဝဲလ်က ချန်ကေရှိတ်အား အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့၏။

"ဒီလူက ဘယ်တုန်းကမှ စစ်တိုက်ဖို့စိတ်ကူးတာ မဟုတ်ဘူး။ အမြဲတမ်း ရှုံ့ချည်နပ်ချည်နဲ့။ သူလိုချင်တဲ့ ပစ္စည်းတွေပဲ နင်းကန်တောင်းနေတာပဲ။ သူ့ကို ထောက်ပံ့ရေးပစ္စည်းတွေ ၂ ဆတိုးပေးဖို့၊ ဒေါ်လာ သန်း ၁၀၀၀



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ပေးဖို့ စုံနေတာပဲ။ အားလုံး သူနဲ့သူလူတွေ စားဖို့ ဝါးဖို့ကိစ္စကိုပဲ စဉ်းစားနေတယ်။ ဂျပန်ကို တိုက်ဖို့ကျတော့ မတွေးဘူး''

ချန်ကေရှိတ်ကြောင့် SEAC သေနာပတိချုပ် မိုလ်ချုပ်ကြီးမောင့်ဘက်တန်မှာ အတော်ပင် စိတ်ရှုပ်သွားရတော့၏။

မည်သို့ဆိုစေ ကိုင်ရိုညီလာခံမှာ စတီးဝဲလ်နှင့် ချန်ကေရှိတ်ကြား သဘောထားကွဲလွဲမှုကို ပိုမိုဖြစ်စေသည့် ညီလာခံဟု ပြောမည်ဆိုက ပြော၍ရပေသည်။

■



## အခန်း ( ၁၄ )
## တရုတ်ပြည်မှ ပြန်ခေါ်ခံရခြင်း

**ရာဇပရိယာယ်နားမလည်ရှာသော စတီးဝဲလ်**

၁၉၄၀ ပြည့်နှစ်မတိုင်မီက တရုတ်ပြည်ဆိုင်ရာ အမေရိကန်စစ်သံမှူးအဖြစ် စတီးဝဲလ် တာဝန်ထမ်းဆောင်ခဲ့စဉ် တရုတ်တပ်များကို ဂျပန်နှင့် ရုရှတပ်တို့က လေ့ကျင့်သင်တန်းပေးပြီး လက်နက်တပ်ဆင်ပေး လျက်ရှိသည်။ ဂျပန်၊ ဂျာမနီနှင့် ရုရှတို့ ၁၉၄၀ ပြည့်နှစ်တွင် တစ်ဦးနှင့် တစ်ဦး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



တွင်မူ ချန်ကေရှိတ်သည် အမေရိကန်တို့ဘက်သို့ ဦးလှည့်ကာ အကူအညီတောင်းလာသည်။ ချန်ကေရှိတ်နှင့် ၎င်း၏ ယောက်ဖ တီဗွီဆွန်းတို့သည် အမေရိကန်တို့ထံမှ လက်နက်ခဲယမ်းမီးကျောက်များ တောင်းဆိုကြ၏။ အထူးသဖြင့် လေယာဉ်များ တောင်းဆိုကြသည်။

၁၉၃၇ ခုနှစ်မှစ၍ တရုတ်ပြည်တွင် ရောက်ရှိနေသော အမေရိကန်လေတပ်မတော် အငြိမ်းစားအရာရှိကြီး ချင်းနော့သည် တရုတ်ပြည်အနေဖြင့် လေတပ်အင်အား ရှိလာမှသာလျှင် ဂျပန်တို့အား ပြန်လည်တိုက်ထုတ်နိုင်မည်ဖြစ်ပြီး ထိုးစစ်ဆင်နိုင်မည်ဟု ယုံကြည်ထားသူဖြစ်၏။ ထိုအတိုင်းလည်း ချန်ကေရှိတ်ကို မကြာခဏ ပြောကြားလေ့ရှိ၏။

ချန်ကေရှိတ် တရုတ်တပ်များ၏ စစ်ရေးစွမ်းရည်နှင့် စိတ်ဓာတ်ကို အမေရိကန်တို့က မယုံမရဲရှိနေခဲ့သော်လည်း တရုတ်ပြည်တွင် အမေရိကန်တို့ ပါဝင်ပတ်သက်မှုမှာ များသည်ထက် များလာ၏။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ တိုက်ခိုက်ပြီးနောက်ပိုင်း၌ကား သမ္မတရူစဗဲ့သည်





ချန်ကေရှိတ်အား တရုတ်ပြည် စစ်မျက်နှာ မဟာမိတ်တပ်ပေါင်းစု၏ တပ်မှူးချုပ်အဖြစ် အသိအမှတ် ပြုလိုက်သည်။ ထို့နောက် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတီးဝဲလ်အား ချန်ကေရှိတ်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ပေးစေလွှတ်လိုက်၏။

ချန်ကေရှိတ်၏ လက်အောက်တွင် စတီးဝဲလ်အနေဖြင့် လွန်စွာအခက်အခဲကြုံတွေ့ခဲ့ရ၏။ ကြံစည်သမျှ လုပ်ကိုင်သမျှ အချည်းနှီး အလဟဿဖြစ်ခဲ့ရ၏။ အမေရိကန်အကူအညီမပါဘဲ စစ်ကို ကျော်လွှားနိုင်သည်ဟု ချန်ကေရှိတ်က တစ်ဖက်က ပြောကြားပြီး အခြားတစ်ဖက်တွင်မူ အမေရိကန်လေယာဉ်အကူအညီများရရှိမှသာ ဂျပန်တို့ကို မောင်းထုတ်နိုင်မည်ဟု ပြောဆိုခဲ့သည်။ ဤသို့စကားနှစ်ခွပြောပြီး သဘောထားနှစ်မျိုးရှိနေသူ၏ လက်အောက်တွင် စတီးဝဲလ်အနေဖြင့် များစွာဘေးကျပ်နံကျပ်ဖြစ်ခဲ့ရ၏။

တရုတ်တို့လိုလားနေသော အမေရိကန်အကူအညီများသည် ဂျပန်တို့အား မောင်းထုတ်ရာတွင် အသုံးပြုမည်မဟုတ်ဘဲ ကွန်မြူနစ်များအား တိုက်ခိုက်ရာတွင် အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သည့်အပြင် ချန်ကေရှိတ်၏ ကူမင်တန်အမျိုးသားရေးဝါဒီတို့ လွှမ်းမိုးရာဒေသရှိ တပ်မှူးများအပေါ်၌သာ သြဇာညောင်းအောင် အသုံးပြုလိုက်မည် ဟု အမေရိကန်စစ်အကြံပေးအချို့က သုံးသပ်ကြသည်။ ချန်ကေရှိတ်အနေဖြင့် ဂျပန်တပ်များအား ကြည်းကြောင်း မှ ထိုးနက်တိုက်ခိုက်မှုများပြုလုပ်ခြင်းဖြင့် ၎င်း၏လျော့ရဲရဲနိုင်ငံရေးအနေအထားဆုံးပါးသွားမည်ကို စိုးရိမ် တွေးဆလျက်ရှိသည်ကို စတီးဝဲလ်က နားလည်သဘောပေါက်ထားသည်။

ချန်ကေရှိတ်သည် ချင်းနော့ကဲ့သို့ပင် ဂျပန်တို့အားလေကြောင်းကို အသုံးပြု၍ တိုက်ခိုက်လိုသည်။ ထိုသို့ ပြုလုပ်မည်ဆိုပါက ၁၉၄၃ ခုနှစ်နောက်ပိုင်း၌ ဂျပန်တို့ထိုးစစ်ဆင်လာအောင် ရန်စရာရောက်မည် ဖြစ်ကြောင်း စတီးဝဲလ်က ကြိုတင်မှန်းဆခဲ့သည်။ ကွန်မြူနစ်များနှင့်ပြန်ပေါင်း,မပေါင်းအချက်ကလည်း စဉ်းစားစရာဖြစ်လာ၏။ စတီးဝဲလ်က ချန်ကေရှိတ်အား ကွန်မြူနစ်တို့နှင့် ပေါင်းပြီးဂျပန်ကို တိုက်ထုတ်ရန် အကြံပေးခဲ့၏။ သို့သော် ချန်ကေရှိတ်က ယတိပြတ်ငြင်းဆိုခဲ့ရာ ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလတွင် ချန်ကေရှိတ်နှင့် အဆင်ပြေအောင် မနေ





ထိုင်နိုင်သော ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကို သမ္မတက ပြန်ခေါ်ရသည့် အခြေအနေမျိုး ဆိုက်ခဲ့ရ၏။

စတီးဝဲလ်သည် စရိုက်လက္ခဏာအားဖြင့် အသိခေါက်ခက် အဝင်နက်ပြီး အကဲဖမ်းရခက်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်၏။ ဗြိတိသျှတပ်မှူးချုပ် ဗိုလ်ချုပ်ကြီးစလင်းကမူ စတီးဝဲလ်အား ကောင်းစွာ စာနာနားလည်ခဲ့သည်။ စလင်းသည် စတီးဝဲလ်အား နှစ်လိုသဘောကျရုံမျှမက ယုံကြည်ကိုးစားမှုလည်း ရှိသည်။ စတီးဝဲလ်သည် သူ မလိုလားသော နိုင်ငံရေးသမားများနှင့် အလုပ်လုပ်၍ မဖြစ်သည်ကို စလင်းက သိထား၏။ စတီးဝဲလ်သည် တစ်ဦးချင်းအနေအားဖြင့် တုံးတိတိနိုင်လွန်းသည်ဟု ဗြိတိသျှတပ်မှူးချုပ် ဗိုလ်ချုပ်ကြီးစလင်းက မှတ်ချက်ချခဲ့သည်။

စင်စစ်အားဖြင့် စတီးဝဲလ်သည် နိုင်ငံရေးနှင့် စစ်ရေးပရိယာယ်များအကြားတွင် ညှပ်ပူးညှပ်ပိတ်ခံစားခံဖြစ်ခဲ့ရသူပင်။ အမေရိကန်စစ်သေနာပတိကြီး ဗိုလ်ချုပ်ကြီးမာရှယ်က 'တရုတ်ပြည်က အားပေးကူညီ' ဟူသော ညွှန်ကြားချက်ဖြင့် ချန်ကေရှိတ်၏ တရုတ်စစ်တပ်များကို လေ့ကျင့်ထူထောင်ပေးရန်နှင့် လက်နက်ခဲယမ်း ရိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



အစစထောက်ပံ့ရန် စတီးဝဲလ်ကို တာဝန်ပေးသည်။ တစ်ဖန် ကိုင်ရိုညီလာခံကလည်း မြန်မာပြည်မြောက်ပိုင်းသို့ စစ်ဆင်ရေးလုပ်ပြီး တရုတ်ပြည်သို့ လမ်းပေါက်အောင် မြန်မာပြည်လမ်းမကြီးကို ဖွင့်ရန် ဆုံးဖြတ်ခဲ့၏။

စတီးဝဲလ်သည် အထက်မှခိုင်းသမျှကို အခက်အခဲများစွာကြားမှ ပြီးမြောက်အောင် လုပ်ဆောင်ခဲ့သည်။ သို့သော် သူ၏အမှားမှာ အမြင်မတော်သည်များကို မမြင်ချင်ယောင်မဆောင်နေဘဲ ဖော်ထုတ်ဖွင့်ချမိခြင်းပင် ဖြစ်၏။ သူသည် တရုတ်ပြည်၏ သပွတ်အူဇာတ်ရှုပ်ကို အဟုတ်အမှန်အတိုင်း မြင်ခဲ့သည်။ ချန်ကေရှိတ်အုပ်စုသည် တရုတ်ပြည်တွင်း၌ မတရားခြစားကြီးစိုးနေပြီး တစ်ဖက်တွင်မူ အမေရိကန်တို့အား လှည့်ဖြား၍ ထောက်ပံ့ရေးပစ္စည်းများ 'ချူ' ယူနေကြောင်းကို စတီးဝဲလ်က သိနေခဲ့၏။ အမေရိကန်တို့အကြိုက်ကိုလိုက်၍ ဂျပန်များအား ခုခံတိုက်ခိုက်ပေးမည်ဟု လေသံဟစ်ပြီး လက်တွေ့တွင် ချန်ကေရှိတ်၏ တပ်မှူးများ ဂျပန်ကို အလွန်ကြောက်ဒူးတုန်နေကြသည်ကိုလည်း စတီးဝဲလ်က တွေ့ရှိခဲ့၏။ ဂျပန်ကို တကယ်ခုခံတိုက်ခိုက်မည့်သူများမှာ တရုတ်ကွန်မြူနစ်





များဖြစ်၍ အမေရိကန်မှ ထောက်ပံ့ရေးပစ္စည်းများကို တရုတ်ကွန်မြူနစ်များထံသို့ အရောက် ပေးပို့သင့်ကြောင်းကို ပထမဆုံးထုတ်ဖော်ပြောခဲ့သည့် အမေရိကန်စစ် ခေါင်းဆောင်မှာ စတီးဝဲလ်ပင် ဖြစ်၏။

အမြင်မတော်သည်များကို မမြင်ချင်ယောင်ဆောင်၍ နေသာသလို မနေခဲ့သော စတီးဝဲလ်သည် နောက်ဆုံး၌ နိုင်ငံရေးပရိယာယ်များ၏ သားကောင်ဖြစ်ခဲ့ရရှာသည်။ အမေရိကန်သမ္မတသည် မဟာမိတ်ဟုဥင်းက ယူဆထားသော ချန်ကေရှိတ်နှင့် ချစ်ကြည်မှုကို အဆုံးရှုံးမခံနိုင်သောကြောင့် စတီးဝဲလ်ကို စတေး၍ နောက်ဆုံးစာရင်းရှင်းလိုက်လေတော့သည်။

ဝါရှင်တန်ကပြန်ခေါ်ပြီ

၁၉၄၄ ခုနှစ် အောက်တိုဘာတွင် စတီးဝဲလ်ကို ဝါရှင်တန်က ပြန်ခေါ်သည်။ မြစ်ကြီးနားလည်း သိမ်းပြီးပြီ။ အင်ဖာကိုဟီးမားတွင် ဂျပန်တွေလည်း စစ်ရှုံးပြီ။ ဒရောသောပါး နွှာစစ်ဆင်သွားကြရပြီ။ မြန်မာပြည် စစ်မြေပြင်မှာ စတီးဝဲလ်ရှိရှိ မရှိရှိ ပြဿနာမရှိတော့ပါ။ မဟာမိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ စစ်နိုင်ရန် သေချာနေပေပြီ။ ချန်ကေရှိတ်ကလည်း စတီးဝဲလ်ကို တရုတ်စစ်ဦးစီးချုပ် ခန့်ရန် အမေရိကန် သမ္မတကြီး ရုစဗဲ့၏အဆိုပြုချက်ကို ခါးခါးသီးသီး ငြင်း ပယ်လိုက်၏။

''ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား မိမိ တရုတ်တပ်များ ၏ ဦးစီးချုပ်ခန့်အပ်ရေးအား လုံးဝ (လုံးဝ) သဘောမတူပါ။ စတီးဝဲလ်သည် စစ်ရေးစစ်ရာတွင် မိမိအပေါ် အယုံကြည် ရှိသူမဟုတ်ပါ။ မိမိအား မယုံကြည်သူကို မိမိတပ်များ၏ ဦးစီးချုပ်အဖြစ် ခန့်အပ်ရန် လုံးဝမဖြစ်နိုင်ပါ။ ဗိုလ်ချုပ်ကြီး စတီးဝဲလ်အား အမြန်ဆုံးဝါရှင်တန်သို့သာ ပြန်ခေါ်ပါရန်''

အမေရိကန် အိမ်ဖြူတော်နှင့် စစ်ဝန်ကြီးဌာန အကြား အချိန်အတော်ကြာအောင် အပြန်အလှန် ညှိနှိုင်း ပြီးနောက် သမ္မတကြီးရုစဗဲ့က စတီးဝဲလ်အား ဝါရှင်တန်သို့ အမြန်ဆုံးပြန်ခေါ်ရန် သဘောတူကြောင်း ပြန်ကြား စာကို ချန်ကေရှိတ်ထံ ပေးပို့လိုက်လေတော့သည်။

ထိုစဉ် တရုတ် မြန်မာ အိန္ဒိယ စစ်မျက်နှာအား ခွဲခြားလိုက်ပြီး တရုတ်ပြည်ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီး ဝက်ဒ်မေယာအားလည်းကောင်း၊ အိန္ဒိယနှင့်





မြန်မာပြည်စစ်မျက်နှာအတွက် ဗိုလ်ချုပ်ကြီး စူလတန်ကို လည်းကောင်း၊ တရုတ်ပြည်ရှိ အမှတ် (၁၄) လေတပ်တော် အတွက် ဗိုလ်ချုပ်ကြီး ချင်းနော့ကိုလည်းကောင်း အသီးသီး တာဝန်ပေးပြီး SEAC နှင့် ပူးပေါင်းကာ တရုတ်တပ်များကို မြန်မာပြည်စစ်မျက်နှာ၌ ဆက်လက်တိုက်ပွဲဝင်စေမည် ဖြစ်ကြောင်း ပါရှိလေသည်။

အောက်တိုဘာ ၁၉ ရက်နေ့၌ စတီးဝဲလ်ကို ပြန်ခေါ်ကြောင်း ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မာရှယ်က စတီး ဝဲလ်ထံ ကြေးနန်းပို့သည်။

စတီးဝဲလ်က ထိုကြေးနန်းကို လက်ခံရရှိပြီးနောက် ချန်ကေရှိတ်နှင့် သွား၍ တွေ့ဆုံသည်။ ချုံကင်း၌ တစ်ပတ် ကြာနေထိုင်၍ တာဝန်များ လွှဲပေးသည်။ ရုံးအဖွဲ့ဝင်များနှင့် တရုတ်မိတ်ဆွေများကို နှုတ်ဆက်သည်။ ချန်ကေရှိတ်က စတီးဝဲလ်အား တရုတ်ပြည်၏ အမြင့်ဆုံးရာထူးဆောင် ဘွဲ့တံဆိပ်ကို ချွေးသိပ်သည့်သဘောဖြင့် ချီးမြှင့်သည်။ စတီးဝဲလ်က လုံးဝလက်မခံခဲ့။ သူ့တံဆိပ်ကို သူ့ရင်ဘတ်မှာ ပဲ သူ့ဟာသူ တပ်ထားပါစေဟု ခပ်ပြတ်ပြတ်ပြောခဲ့သည်။

ချန်ကေရှိတ်ကမူ စတီးဝဲလ်အား ဝါရှင်တန်ပြန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရန် တောင်းဆိုခဲ့ရခြင်းမှာ ဖွဲ့စည်းပုံဆိုင်ရာ ကွဲလွဲချက်များကြောင့်သာ ဖြစ်ကြောင်း၊ မိမိအပေါ် အထင်မမှားစေလိုကြောင်း၊ မိတ်ဆွေရင်းချာလို ဆက်သဘောထားရန်နှင့် မိမိနှင့်အဆက်မသွယ်မပြတ်စေလိုကြောင်း လိမ္မာပါးနပ်စွာ ပြောဆိုခဲ့လေသည်။

စတီးဝဲလ်က ချုံကင်းတွင် နှုတ်ဆက်ပွဲပြုလုပ်ကာ နောက်နေ့၌ မြစ်ကြီးနားသို့ လေယာဉ်ဖြင့် ထွက်ခွာသွားပြီး သားဖြစ်သူ ဗိုလ်မှူးကြီးဂျိုးဇက်စတီးဝဲလ်ဂျူနီယာနှင့် တွေ့ဆုံလေသည်။ ထို့နောက် အိန္ဒိယသို့ ဆက်လက် ထွက်ခွာသွားတော့၏။

၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် စတီးဝဲလ် ဝါရှင်တန်သို့ ပြန်ရောက်သည်။ ဝါရှင်တန်တွင် ဗိုလ်ချုပ်ကြီး မာရှယ်နှင့် ခေတ္တတွေ့ဆုံကာ အကျိုးအကြောင်း ဖြစ်ကြောင်းကုန်စင် တင်ပြခဲ့သည်။ နောက်တစ်နေ့၌ ဇနီးသည် ရှိရာ ကာမဲလ်သို့ လေယာဉ်ဖြင့် ထွက်ခွာသွားတော့၏။ ဇနီးသည်နှင့်အတူ ရက်သတ္တအတန်ကြာအောင် နားနေပြီးမှ **Media** များနှင့် သူ တွေ့ဆုံလေသည်။ သို့ရာတွင် သမ္မတကြီး မကြိုက်မှာစိုး၍ တရုတ်ပြည်အကြောင်း တစ်လုံး





တစ်ပါဒမှ သူ ပြောကြားခြင်းမပြုခဲ့ပေ။

**စတီးဝဲလ်၏အခန်းနိဂုံး**

သမ္မတရူစဗဲ့ကား သဘောထားကြီးသူဖြစ်၏။ လူတိုင်းကို ချစ်တတ် ခင်တတ်၏။ ထို့ကြောင့် သူ ခိုင်းရာလုပ်ခဲ့သည့် စတီးဝဲလ်ကို ပစ်စလက်ခတ်မလုပ်ခဲ့။ ဝါရှင်တန်ကို ပြန်ခေါ်ပြီးနောက် သူ့ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးအဆင့်နှင့် လျော်ညီသည့် အိုကီနာဝါကျွန်းတွင် တိုက်ပွဲဝင်နေသော အမေရိကန် အမှတ် (၁၀) နှင့် အမှတ် (၆) တပ်တော်များ၏ တပ်တော်စုမှူးတာဝန်ကို ပေးခဲ့၏။ ထိုအချိန်က ဂျပန်တို့က အိုကီနာဝါ၌ အမေရိကန်တွေကို ခံတိုက်နေဆဲဖြစ်၏။ ထိုအိုကီနာဝါကျွန်းသိမ်းတိုက်ပွဲ၌ စတီးဝဲလ်ပါဝင်ခဲ့ရသေး၏။

၁၉၄၅ ခုနှစ် ဧပြီလတွင် သမ္မတကြီး ရူစဗဲ့ ကွယ်လွန်သွားသောအခါ ဒုသမ္မတ ထရူးမင်း သမ္မတဖြစ်လာ၏။ ထရူးမင်းလက်ထက်တွင် ဂျပန်နှင့်ဖြစ်နေသည့် စစ်ပွဲအဆုံးသတ်ရန် အနုမြူဗုံး ၂ လုံးကို ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာကာစကီမြို့များ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တစ်လုံးစီ ကြဲချခဲ့၏။ ဂျပန်တို့ အနုမြူဗုံး ဒဏ် မခံနိုင်၍ အကြွင်းမဲ့လက်နက်ချရတော့၏။ လက်နက်ချ အခမ်းအနားကို ဂျပန်နိုင်ငံ တိုကျိုပင်လယ်အော်၌ ကျောက် ချထားသော မစ်ဇူရီစစ်သင်္ဘောကြီးပေါ်တွင် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့၌ ကျင်းပ ပြုလုပ်ခဲ့၏။ မတ် အာသာက အမေရိကန်နိုင်ငံကိုယ်စား လက်မှတ်ရေး ထိုးသည်။ ထိုအခမ်းအနားသို့ ဗိုလ်ချုပ်ကြီး စတီးဝဲလ် တက်ရောက်ခဲ့ရ၏။

ထိုအခမ်းအနား ပြီးဆုံးပြီးနောက် များမကြာမီမှာ ပင် ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား အမေရိကန်စစ်လက်နက် ပစ္စည်းများ ပြန်လည်ဆန်းစစ်ရေးကော်မတီ၏ ဘုတ်အဖွဲ့ ဥက္ကဋ္ဌတာဝန်ပေးခဲ့၏။ စတီးဝဲလ်သည် ကိုယ်တိုင် စစ် တိုက်လာသူသာမက စစ်ကျောင်းနည်းပြဆရာလည်း လုပ်ခဲ့သူဖြစ်၍ ထိုတာဝန်ကို ကျေကျေနပ်နပ်ကြီး ထမ်း ဆောင်လေသည်။

ထိုတာဝန်ကို တက်တက်ကြွကြွ သူ ထမ်းဆောင် နေဆဲ ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ သူ့အသက် ၆၄ နှစ်၌ အစာအိမ်ကင်ဆာရောဂါဖြင့်

မြရတနာစာပေ



စတီးဝဲလ်သည် ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကို မြို့တွင် ကွယ်လွန်ခဲ့ရှာလေသည်။

သူ မကွယ်လွန်မီ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ၌ ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား အမေရိကန်အစိုးရက ဂုဏ်ထူး ဆောင် ဆုတံဆိပ်များ အပ်နှင်းခဲ့၏။ ထိုပွဲတွင် စစ်ဝန်ကြီး စက်ဆန် **Stimson** က စတီးဝဲလ်အား စစ်မှုထမ်းကောင်း တံဆိပ်များကို ချီးမြှင့်ခဲ့ပြီး မြန်မာပြည် စစ်မြေပြင်၌ စတီး ဝဲလ် ခက်ခက်ခဲခဲ တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ကမ္ဘာကျော် လီဒိုလမ်းမကြီးဖောက်ခဲ့နိုင်ခြင်းအတွက် ကျေးဇူးတင် ကြောင်း ချီးကျူးကြောင်း စကားများ ပြောဆိုခဲ့လေသည်။

သူ ကွယ်လွန်သွားသောအခါ သူ၏နေ့စဉ်မှတ်တမ်း မှ **Stilwell Papers** ခေါ် စတီးဝဲလ်၏စာရွက်စာတမ်း များကို ကမ္ဘာသို့ ထုတ်ဝေဖြန့်ချိခဲ့ရာ ထိုစာအုပ်မှာ အလွန် ကျော်ကြားသွားပြီး စတီးဝဲလ်သည်လည်း ထင်ရှားသည့် သမိုင်းဝင် ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သွားလေတော့သည်။

ဤသည်မှာ ဒုတိယကမ္ဘာစစ်က မြန်မာပြည် စစ်မြေပြင်ရောက် တစ်ဦးတည်းသော အမေရိကန်ဗိုလ်ချုပ် ကြီး စတီးဝဲလ်၏ ဘဝဇာတ်သိမ်းပါခင်ဗျာ။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

## ဗိုလ်ချုပ်ကြီးစတီးဝဲလ်အပေါ် ရှုမြင်သုံးသပ်ချက်များ

**ဗိုလ်ချုပ်ကြီးဆာဝီလီယံစလင်း၏ရှုမြင်သုံးသပ်ချက်**

ဦးစွာပထမ ဗြိတိသျှဗိုလ်ချုပ်ကြီး ဝီလီယံစလင်း၏ သုံးသပ်ချက်ကို တင်ပြပါမည်။

ဗိုလ်ချုပ်ကြီးဝီလီယံစလင်းသည် အသက် ၆၀ ပြည့်ခါမှ စစ်မြေပြင် ဆင်းလာသည့် ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကို မူလကပင် တနာထောက်ထားခဲ့သူ ဖြစ်ပေသည်။ ဒုတိယကမ္ဘာစစ် အစပိုင်း မြန်မာပြည် စစ်မြေပြင်၌ တဲ့တတ်



www.burmeseclassic.com

www.burmeseclassic.com



တပ်များကို ကြားဖြတ်ကွပ်ကဲမှုယူခဲ့ရပြီး အဖက်ဖက်က မပြည့်မစုံနှင့် အရေးနိမ့်နေသော တရုတ်တပ်များ၏ ခွာစစ်ကို ခေါင်းဆောင်ခဲ့သည့် ဗိုလ်ချုပ်ကြီး စတီးဝဲလ် အပေါ် အောက်ပါအတိုင်း သုံးသပ်ခဲ့၏။

"ဤခွာစစ်ကြီးတွင် ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ အခက်အခဲများမှာ ကျွန်ုပ်ထက် ကြီးမားများပြားလေသည်။ သူသည် ထိုအခက်အခဲများကို ဖွဲ့နဘဲနှင့် သတ္တိဖြင့် ရင်ဆိုင်ခဲ့သည်မှာ လွန်စွာ ချီးကျူးဖွယ် ဖြစ်ပေသည်။ သို့သော် သူ ကွပ်ကဲရသည့် တရုတ်တပ်တော်များသည် ဂျပန်တပ်တော်များနှင့် မတူပေ။ သူက ရန်သူကို တန်ပြန်တိုက်ရန် အခွင့်ကောင်းကို အမြဲ ချောင်းနေခဲ့၏။ သို့ရာတွင် အခြေအနေက သူ့ဆန္ဒကို မလိုက်လျောခဲ့ပေ။ သူ၏အမိန့်များ တည်မြဲပြီး လိုက်နာဆောင်ရွက်အောင် သူ မတတ်နိုင်ခဲ့။ မလုံလောက်သော ဦးစီးအဖွဲ့နှင့် ဆက်သွယ်ရေး နည်းစနစ် လိုအပ်ချက်ကြောင့် သူ့တပ်များနှင့် သူ အဆက်မပြတ် ဆက်သွယ်နေနိုင်ခြင်းမှာ သူ မစွမ်းဆောင်နိုင်ခဲ့သော သူ့မျက်စိအောက်တွင် သူ့တပ်ဖွဲ့များ ကစဥ့်ကလျား





ဖြစ်နေသည်ကို မြင်ရသောအခါ အခြေအနေအား ထိန်းသိမ်းရန် သူ့လောက် လုပ်နိုင်သူမရှိ။ ဗိုလ်ချုပ် အနည်းငယ်မျှသာ သူလိုလုပ်နိုင်မည်ဟု ကျွန်ုပ် ထင်မြင် ယူဆပါသည်။ သူသည် သူတာဝန်ယူထားသည့် တရုတ်တပ်တော်အား တစည်းတလုံးတည်း ရှိအောင် ကိုယ်တိုင် စံနမူနာ ခေါင်းဆောင်နိုင်ခဲ့သူတည်း"

တရုတ်တပ်မများ လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးစတီးဝဲလ် တာဝန်ယူဆောင်ရွက်ခဲ့ပုံကိုလည်း ဗိုလ်ချုပ်ကြီး ဝီလီယံစလင်းက အောက်ပါအတိုင်း သုံးသပ် ရေးသားခဲ့ပါသည်။

"ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် အိန္ဒိယနိုင်ငံ ရမ်ကား၌ ခွာစစ်ဆင်လာသည့် အမှတ် (၂၂) တရုတ် တပ်မနှင့် အမှတ် (၃၈) တရုတ်တပ်မ နှစ်ခုမှ တပ်များကို သန္နေဝင်ထား၍ တရုတ်တပ်မပေါင်းများစွာ ဖွဲ့စည်း တည်ထောင်ရန် စီမံခဲ့လေသည်။ ထိုတပ်မများကို အင်အား တောင့်တင်းစေပြီး စစ်လက်နက်ပစ္စည်းကိရိယာ တပ်ဆင်၍ မြန်မာပြည်မြောက်ပိုင်းသို့ ပြန်ဝင်စေကာ တရုတ် မြန်မာလမ်းမကြီး ဖွင့်လှစ်မည်ဖြစ်လေသည်။"



www.burmeseclassic.com

www.burmeseclassic.com



“ဗိုလ်ချုပ်ကြီး စတီးဝဲလ်တစ်ယောက်သာလျှင် လမ်းဖွင့်လှစ်ရန်နှင့် တရုတ်တပ်မများ ဖွဲ့စည်းရန် ဖြစ်နိုင်ကြောင်း ယုံကြည်လေသည်။”

“အမေရိကန်တို့ကမူ တရုတ်များအပေါ်တွင်လည်းကောင်း၊ ဗြိတိသျှများအပေါ်တွင်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးစတီးဝဲလ်အပေါ်တွင်လည်းကောင်း အယုံအကြည်မရှိကြချေ။”

“ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကား မဆုတ်မနစ် လုံ့လမလျော့ဘဲ တရုတ်တပ်မများ လေ့ကျင့်ဖွဲ့စည်းရေးကို အားထုတ်ခဲ့၏။ ချန်ကေရှိတ်ကို တပ်ပေးရန် အတင်းအကြပ်တောင်းခံခဲ့သည်။ အိန္ဒိယအာဏာပိုင်တို့အား တရုတ်တပ်ဖွဲ့ကြီး လက်ခံထားအောင် သွေးဆောင်နိုင်ခဲ့သည်။ အိန္ဒိယအစိုးရကမူ ၎င်းတို့နိုင်ငံ တောနယ်များ၌ တရုတ်လူမျိုးထောင်သောင်းချီပြီး ရှိနေမည်ကို အတော်ပင်ပူပန်ခဲ့ကြ၏။ ထို့နောက် ဗြိတိသျှအစိုးရက သူ့တရုတ်တပ်ဖွဲ့ကြီးအတွက် လစာစရိတ်၊ နေရာထိုင်ခင်း အစားအသောက်နှင့် အဝတ်အထည်ကစ ပံ့ပိုးပေးရန် သူစီမံခဲ့သည်။ အမေရိကန်ပို့ဆောင်ရေး လေတပ်ဖွဲ့က တရုတ်စစ်သား ၁၃၀၀၀ ကို





တရုတ်ပြည် ကူမင်းမှ အိန္ဒိယနိုင်ငံ ဗြဟ္မပုတြမြစ်ဝှမ်းရှိ လေယာဉ်ကွင်းများသို့ သယ်ယူပေးရန် သူ ကြိုးစားဆောင်ရွက်ခဲ့သည်။

“တရုတ်တပ်မ ၂ ခုကို ပြန်လည်ဖွဲ့စည်းတည်ထောင်ပြီး အစားအသောက်ကောင်းမွန်စွာ ကျွေး၍ ဆေးဝါးကုသကာ လစာမှန်မှန်ပေးလိုက်ခြင်းအားဖြင့် အံ့သြဖွယ်ရာ အောင်မြင်မှုများ ရလာသည်။ အမေရိကန်နှင့် နည်းပြဆရာများ ကြီးကြပ်ကွပ်ကဲ၍ အပြင်းအထန် လေ့ကျင့်ရေးများပေးပြီး ခြေလျင်တပ်ဖွဲ့များအား အမြောက်တပ်ဖွဲ့များအဖြစ် သူ ပြောင်းလဲနိုင်ခဲ့သည်။”

“ထိုသင်တန်းများ၌ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် နေရာတိုင်းတွင် ခေါင်းဆောင်နေပုံ၊ တိုက်တွန်းအားပေးနေပုံ၊ တက်ကြွစွာနှိုးဆော်နေပုံများကို ကျွန်ုပ် မြင်တွေ့နေရပေသည်။”

“ကျွန်ုပ်တို့၏မဟာမိတ် တရုတ်တပ်ဖွဲ့များ လျင်မြန်စွာ လေ့ကျင့်တတ်မြောက်လာသည်ကို ကျွန်ုပ်တို့ ဗြိတိသျှများ အံ့သြသည်ထက် အမေရိကန်တို့က ပိုမို အံ့သြကြ၏။ ဤသတင်းသည် အမေရိကန်ဌာနချုပ် တည်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ နယူးဒေလီသို့တိုင် ပျံ့နှံ့သွားလေတော့သည်။ နောက်ဆုံး၌ အမေရိကန်တို့သည် ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ယုံကြည်မှုတစ်စိတ်တစ်ဒေသအဖြစ် တရုတ်တပ်ဖွဲ့များကို လေ့ကျင့်ပေးပြီး လက်နက်ပစ္စည်းကောင်းများ ဝတ်ဆင်ပေးလျှင်၊ ခေါင်းဆောင်မှုကောင်းကောင်းပေးနိုင်လျှင် ဂျပန်တို့နှင့် ကောင်းစွာ ယှဉ်ပြိုင်နိုင်ကြောင်း ယုံကြည်လာလေတော့သည်။''

ဤကား ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ကြိုးပမ်းမှုများသာတည်း။

မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲနှင့် ပတ်သက်၍မူ ဗိုလ်ချုပ်ကြီး ဝီလီယံစလင်းက အောက်ပါအတိုင်း ဖော်ပြခဲ့ပြန်ပါသည်။

''နှစ်လခွဲကြာမျှ မဟာမိတ်တို့က ဝိုင်းထားပြီး ဩဂုတ်လဆန်းတွင် မြစ်ကြီးနားမြို့ ကျလေ၏။ မြစ်ကြီးနားအား သိမ်းပိုက်ရရှိခြင်းသည် စတီးဝဲလ်၏ တိုက်ပွဲစဉ်မှ ပထမဆင့် လုံးဝအောင်မြင်ရခြင်းပင်။ ယနေ့ အချိန်ထိ သိမ်းပိုက်ရရှိခဲ့သော ရန်သူ့နယ်မြေများနှင့် အကျယ်ဆုံးလည်းဖြစ်၏။ စစ်ဆင်ရေး ကာလ





တစ်လျှောက်လုံး၌ တရုတ်ပြည်တွင်းရှိ တရုတ်ယူနစ်တစ်တော်မပါဘဲ မြောက်ပိုင်း မဟာမိတ် တပ်ပေါင်းစုဖြစ်သော တရုတ် ဗြိတိသျှ အမေရိကန်တပ်ဖွဲ့များသည် ဂျပန်တို့ထက် ကြည်းတပ်၊ လေတပ်အင်အားအသာဖြင့် မြစ်ကြီးနားကိုရအောင် တိုက်နိုင်ခဲ့၏။ အင်အားသာပင်သာငြားသော်လည်း မြောက်ပိုင်းထိုးစစ် အောင်မြင်မှုသည် အဓိကအားဖြင့် လီဒိုတရုတ်တပ်မများကြောင့်သာ ဖြစ်ပါသည်။ ခပ်ရှင်းရှင်းဆိုရလျှင်ကား ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကြောင့်သာဖြစ်သည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသည်။''

အထက်ပါထင်မြင်ယူဆချက်မှာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်အပေါ် ဗိုလ်ချုပ်ကြီး ဆာဝီလီယံစလင်း၏ သုံးသပ်ချက်များပါခင်ဗျာ။

### ဗိုလ်ချုပ်ကြီးဝေဗယ်၏ရှုမြင်သုံးသပ်ချက်

ဗိုလ်ချုပ်ကြီးစတီးဝဲလ်အပေါ် အိန္ဒိယဘုရင်ခံချုပ်နှင့် အိန္ဒိယဒေသ ဗြိတိသျှတပ်များ၏ တပ်မှူးချုပ် ဗိုလ်ချုပ်ကြီး ဝေဗယ်ကမူ အောက်ပါအတိုင်း သုံးသပ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"စတီးဝဲလ်က တရုတ်စကားတတ်တာ တစ်ခု တည်းနဲ့ပဲ သူ့ကိုယ်သူ တရုတ်တွေကို အုပ်ချုပ်နိုင်မယ် လို့ထင်ထားတာ။ ဒါတစ်ခုတည်းနဲ့ ဘယ်ရမလဲ"

"စတီးဝဲလ်က သူ့ကိုယ်သူ သိပ်အထင်ကြီးထားတဲ့ သူပဲ။ တခြားသူမပြောနဲ့ ကျုပ်တို့အရှေ့တောင်အာရှ သေနာပတိဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကိုတောင် ကလန်ကဆန်လုပ်ရဲတယ်"

"သူနဲ့ပေါင်းစပ်ညှိနှိုင်းပြီးလုပ်ဖို့ဆိုတာ ဘယ်လွယ် မလဲ။ သူ့အထက်တရုတ် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်နဲ့လည်း သူမတည့်ဘူး။ တရုတ်လေတပ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီးချင်းနော့ဆိုရင်တော့ ပြောမနေနဲ့ တော့။"

"စတီးဝဲလ်က အိန္ဒိယမြန်မာ တရုတ် လီဒို လမ်းမကြီးကို ဖွင့်ပြီး တရုတ်ပြည် ပြန်သိမ်းပြီး ဂျပန်တို့ ကမ်းတက်တိုက်မယ်တဲ့။ ရယ်စရာကြီး။ မဖြစ်နိုင်တာ သက်သက်စိတ်ကူးယဉ်နေတာ"

"ဒါကြောင့် လီဒိုလမ်းလုပ်ဖို့ သူတို့က လွှဲပေး လိုက်တယ်။ သူ သိပ်လုပ်ချင်လုပ်ပါစေ၊ ဖြစ်,မဖြစ် စောင့်





ကြည့်ကြတာပေါ့"

ဝေဗယ်က စတီးဝဲလ်အပေါ် ထိုသို့သုံးသပ်ခဲ့သလို စတီးဝဲလ်ကလည်း ၁၉၄၂ ခုနှစ် အောက်တိုဘာလ၌ ဝေဗယ်နှင့် နယူးဒေလီတွင် တွေ့ဆုံဆွေးနွေးရာ၌ သူ၏ နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့၏။

"ဒီဝေဗယ်ဆိုတဲ့သူဟာ အလကားအသုံးမကျတဲ့ သူကြီးပဲ။ နေရာတကာ ခိုတစ်ကောင်လိုပဲ ညည်းနေတော့ တာပဲ။ သူဟာ ရမ်ကားလေ့ကျင့်ရေးကျောင်းကိုလည်း လိုလားသူမဟုတ်ဘူး။ ကျောင်းမှာက ပို့ဆောင်ရေးကိစ္စနဲ့ တခြားအခက်အခဲတွေ အများကြီး။ ဘာမှလဲ သူ ဟုတ်တိ ပတ်တိ မကူညီဘူး။ လုပ်မပေးဘူး။ ဒီလူကြီးကြောင့် အိန္ဒိယတပ်မတော် တိုးတက်ရေး အနှောင့်အယှက်ဖြစ် တော့မှာပဲ။ ဒီလူမိုက်ကြီးနဲ့ အလုပ်လုပ်ရတာ ကောင်းကို မကောင်းဘူး။ မြန်မာပြည်ကို ပြန်သိမ်းတဲ့အခါ သူက ကျုပ်နဲ့ ကျုပ်ရဲ့ တရုတ်တပ်တွေ မပါစေချင်ဘူးထင်ရဲ့။ အလကား ကောင်းကျိုးမပေးတဲ့လူကြီး"

တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို စတီးဝဲလ်က ယည်း ဝေဗယ်အပေါ် အထက်ပါအတိုင်း ထင်မြင်သုံးသပ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်ခင်ဗျား။

**စာရေးသူ၏ရှုမြင်သုံးသပ်ချက်**

အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်အပေါ် ရှုမြင်သုံးသပ်ချက်များမှာ တရုတ်ဗြိတိသျှနှင့် အမေရိကန်အသိုင်းအဝန်း သုံးမျိုးမှ အသံမျိုးစုံထွက်ခဲ့ပါသည်။ များသောအားဖြင့် မကောင်းတာက များ၏။

အမေရိကန်အသိုင်းအဝိုင်း၌မူ ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား သူ သစ္စာခံခဲ့သည့် အမေရိကန် သမ္မတကြီး ရုစဗဲ့၊ စစ်ဝန်ကြီးစတင်ဆန်၊ စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး မာရှယ်တို့ကသာ အကောင်းမြင်ခဲ့ကြသည်။ ကျန်အရာရှိကြီးအတော်များများနှင့် သူ ကွပ်ကဲခဲ့ရသည့် လက်ခံအောက်တပ်မှူးများကမူ စတီးဝဲလ်အား အဆိုးသာ မြင်ခဲ့ကြ၏။ သူ့တပည့်ရင်းဖြစ်ခဲ့သည့် ဗိုလ်ချုပ်မဲရီးတစ်ဦးသာ သူ့ဆရာ စတီးဝဲလ်အား အကောင်းပြောခဲ့၏။

အများစုကမူ စတီးဝဲလ်အား Vinegar Joe လူချဉ်ဖတ်ကြီးဂျိုးဟုသာ ခေါ်ခဲ့ကြ၏။

ဗြိတိသျှအသိုင်းအဝိုင်းကမူ စတီးဝဲလ်အား





မျက်မုန်းကျိုးသူများလှ၏။ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၊ ဗိုလ်ချုပ်ကြီးဝေဗယ်နှင့် ချင်းဒင်တပ်မဟာမှူးများကအစ စတီးဝဲလ်အား မလိုလားကြချေ။ ဗြိတိသျှ စစ်ဦးစီးချုပ်ရုံး စစ်ဦးချုပ်ကမူ –

"ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ဟုတ်တိပတ်တိ စစ်မတိုက်ဖူးဘူး။ စစ်ရေးဗဟုသုတ အလွန်နည်းတယ်။ မဟာမှူးဟာ အတွေ့အခေါ် လုံးဝမရှိတဲ့ အလွန် ငါတကော ကောပြီး ဗြိတိသျှတွေကို အလွန်ဆိုးကျိုးပေးတဲ့သူ"

ဟု မှတ်ချက်ပြု၏။ သူ့အား ဗြိတိသျှလူကြီးပိုင်းက အကောင်းမြင်သူမှာ ဗိုလ်ချုပ်ကြီးဝီလီယံစလင်း တစ်ဦးသာရှိ၏။ စတီးဝဲလ်အား ဖယ်ရှားလိုက်ချိန်၌ ဗိုလ်ချုပ်ကြီး စလင်းက –

"ဗိုလ်ချုပ်ကြီးစတီးဝဲလ်ဟာ တရုတ်တပ်တွေကို အမှန်တကယ်တိုက်ပွဲဝင်နိုင်အောင် တွန်းတင်ပေးနိုင်တဲ့ သူပါ။ သူဟာ တကယ်စစ်တိုက်တဲ့ စစ်သားကြီးဖြစ်ပါတယ်။ မြန်မာပြည်စစ်မြေပြင်နဲ့ တရုတ်ပြည်က သူ့ကို ဖယ်ရှားပစ်လိုက်တာ အလွန်နှမြောမိပါတယ်။"

ဟု ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်အသိုင်းအဝိုင်းကမူ အဓိကအကျဆုံး ပုဂ္ဂိုလ်ဖြစ်သည့် ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်က သူ့အား မလိုလားဆုံးဖြစ်၏။ အကြောင်းမှာ စတီးဝဲလ်က တရုတ်အမျိုးသားအစိုးရနှင့် ချန်ကေရှိတ်၏ အားနည်းချက်များကို ပယ်ပယ်နယ်နယ် ဝေဖန်ပြီး အမေရိကန်အစိုးရရဲ့ အထောက်အပံ့ပစ္စည်းတွေ ချန်ကေရှိတ်မပေးဘဲ တရုတ်ကွန်မြူနစ်များကို ပေးလိုက်သည်ကမူ ဂျပန်များအား တိုက်ဖော်ရဦးမည်ဟု ဆိုခဲ့ခြင်းကြောင့်ပင် ဖြစ်၏။

ချန်ကေရှိတ်အနီးတွင်ရှိနေသည့် အမေရိကန်လေတပ် ဗိုလ်ချုပ်ကြီးချင်းနော့ကလည်း စတီးဝဲလ်၏ ရာထူးလုယူချင်နေ၏။ သူကလည်း မကြာခဏဆိုသလို စတီးဝဲလ်နှင့် ချန်ကေရှိတ်ကြား ရန်တိုက်ပေးတတ်၏။ ချန်လိုချင်သော လေယာဉ်များ စတီးဝဲလ်က ဝါရှင်တန်က ရအောင်မတောင်းနိုင်။ တိုက်လေယာဉ်များများ ရရင် ဂျပန်တွေကို ချေမှုန်းနိုင်မှာ အလွန်သေချာပါသည်ဟု ချန်ကေရှိတ် အကြိုက်ဆိုခဲ့လေသည်။

စတီးဝဲလ်ကလည်း ချန်ကေရှိတ်ကို ပလီစိ ခြောက်ချက် ပြောတတ်သူ၊ ကတိမတည်သူ၊ လိုတစ်မျိုး





မလိုတစ်မျိုး လုပ်တတ်သူ၊ ဘာမှမသိသည့် တတ်ယောင်ကားလုပ်သူဟု ဆိုခဲ့သည်။ ထို့ပြင် သူ၏မှတ်တမ်းများတွင်လည်း အောက်ပါအတိုင်း သူ ရေးခဲ့၏။

"ချန်ကေရှိတ်ဟာ ခပ်တုံးတုံး ခပ်အအနဲ့ အတော်နုံတဲ့ Peanut စေလူဘဲ၊ စိတ်ဓာတ်ကလည်း တည်ငြိမ်မှု မရှိဘူး။ အမှန်ကိုလည်း မသိဘူး။ သူ့နားမှာကပ်နေပြီး သူ့ကို မြှောက်ထိုးပင့်ကော် ဖားယားပြီး လုပ်စားနေတဲ့သူတွေရဲ့ မဟုတ်တဲ့စကားတွေကိုဘဲ နားယောင်နေတယ်"

"သူနဲ့စာရင် သူ့ဇနီးမဒမ်ချန်က အများကြီးသာတယ်။ လိမ္မာရေးခြား ရှိတယ်။ ထက်ထက်မြက်မြက် ရှိတယ်။ စာတတ်ပေတတ်ဖြစ်ပြီး အနောက်တိုင်းအမြင်တွေကို နားလည်တယ်။ သွက်လက်ချက်ချာတယ်။ ပြောတတ် ဆိုတတ်တယ်။ အမေရိကန်နိုင်ငံခြားရေးဝါဒနဲ့ စစ်ရေးအမြင်တွေကို နားလည်တန်ဖိုးထားတတ်ဝ ာယ်။ မေနဲ့ ပြောရဆိုရတာ အများကြီးကောင်းတယ်"

ဟု ဆိုခဲ့လေသည်။ သို့ရာတွင် မေသည် အာဏာပိုင်မဟုတ်ပါ။ ချန်သာ အာဏာပိုင်ဖြစ်ပါ၏။ ချန်ကေရှိတ်ကလည်း စတီးဝဲလ်အား –



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမာသည့် တစ်ဖွတ်ထိုး တစ်ဇောက်ကန်း သမား၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဘဝင်မြင့်နေသူ၊ ဆက်ဆံရေး ညံ့ဖျင်းပြီး အမိန့်မနာခံသူ၊ တရုတ်ပြည် အကြောင်း နားမလည်ဘဲ နားလည်သူဟု သူ့ကိုယ်သူ ထင်နေသူ"

ဟု ပြန်လည်စွပ်စွဲပြောဆိုခဲ့လေသည်။ စတီးဝဲလ် နှင့် ချန်ကေရှိတ်သည် တစောင်းစေးနှင့် မျက်ချေးပမာ ဖြစ်ခဲ့၏။ အမိကပုဂ္ဂိုလ် ချန်ကေရှိတ်နှင့်မတည့်သော စတီးဝဲလ်သည် တရုတ်ပြည်နှင့် မြန်မာပြည် စစ်မြေပြင် များ၌ သူ၏ခံစားချက်များကို မကြာခဏ ရေးသားမှတ်တမ်း တင်ခဲ့၏။ သူ့ဇနီးထံ ရေးသော စာများ၌ ထည့်သွင်းခဲ့၏။ သူ၏ဇနီး Winifred Smith သူ့အခေါ် ဝင်း Win အား သူ အလွန်ချစ်သည်။ မကြာခဏ စာလှမ်းရေးလေ့ရှိသည်။

Win အား ၁၉၀၇ ခုနှစ်၌ နယူးယောက်မြို့တွင် သူ့ညီမနှင့်ပတ်သက်ပြီး တွေ့ဆုံခဲ့ရာမှ ချစ်ကြိုက်၍ သူ တင့်တောင့်တင့်တယ် လက်ထပ်ယူခဲ့သည်။ သူ အရာ ငယ်ဘဝကဖြစ်သည်။ Win နှင့် သေသည်အထိ သူ ပေါင်းသင်းခဲ့ပြီး သားသမီး ငါးယောက်ရခဲ့၏။ သားအကြီး



www.burmeseclassic.com



အမေရိကန်လေတပ်ဗိုလ်ချုပ် ချင်းနော့ နှင့် သူ၏လေယာဉ်မှူးများ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





မှာ ဒုတိယကမ္ဘာစစ် မြန်မာပြည် စစ်မြေပြင်၌ ဗိုလ်မှူးကြီး အဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

စတီးဝဲလ်သည် ဝေးစ်ပွိုင့်ဗိုလ်လောင်းဘဝကပင် စာတော်သော်လည်း ထင်ရာမြင်ရာ စွတ်ရွတ်ပြောတတ်၍ စရိုက်ကြမ်းကြမ်းနှင့် ဆောင်ရွက်တတ်သူဖြစ်ခြင်းကြောင့် ကျောင်းဆင်းသောအခါ ထိပ်ဆုံးက ၁၀ ယောက် Top Ten တွင် မပါဝင်ခဲ့ရပေ။ သို့ရာတွင် သူသည် အမြဲကြိုးစား အားထုတ်နေတတ်ပြီး ဘာသာစကားများကို စိတ်ဝင်စားသူ၊ ပါရမီပါလာသူဖြစ်ခြင်းကြောင့် ပြင်သစ်စကားနှင့် တရုတ်စကားများကို ကျွမ်းကျင်စွာ ပြောနိုင်ဆိုနိုင်၏။ တရုတ်စကားတတ်ခြင်းကြောင့် တရုတ်ပြည်တွင် ၁၀ နှစ် ကျော်ကြာအောင် နေခဲ့ရ၏။

သို့ရာတွင် ထိုအားသာချက်ကို သူသည် သူ့အတွက် အကျိုးရှိအောင် အသုံးမချနိုင်ခဲ့ပေ။

သူ၏အဆိုးဝါးဆုံး အားနည်းချက်မှာ ထင်ရာမြင်ရာကို တုံးတိုက်တိုက် ကျားကိုက်ကိုက် ပြောဆိုတတ်၏။ Diplomacy မရှိ။ ထို့ကြောင့် Fort Benning တွင် သူ နည်းပြချုပ်တာဝန်ထမ်းဆောင်စဉ်က သူ့အား အောက်



www.burmeseclassic.com

www.burmeseclassic.com



လက်သင်တန်းသားများက Vinegar Joe လူ့ဝှာကြီး ဂျိုး
လူချဉ်ပတ်ကြီး ဂျိုးဟု အမည်ပေး ကင်ပွန်း တပ်ခဲ့ကြ
၏အပြောဆိုးဝါးပက်စက်မှုကြောင့် သူ လူမုန်းခံခဲ့ရသည်။
အပြောခံရသူများ၊ မကျေနပ်ကြ။

၎င်းနေရာတွင် စာရေးသူ၏ ကိုယ်တွေ့လေးတစ်ခုကို
ကြားညှပ်တင်ပြလိုပါသည်။

လွန်ခဲ့သည့် အနှစ် လေးဆယ်ကျော် စာရေးသူ
ဗိုလ်ပေါက်စဘဝက ဖြစ်သည်။ တပ်ရင်းမှူးက တက္ကသိုလ်
ကလာသည့် စာရေးသူတို့ အရာရှိငယ်များကို နွေးထွေးစွာ
ကြိုဆိုသည်။ "အေးကွာ မင်းတို့ ပညာတတ်လေးတွေ
တပ်ထဲဝင်လာကြတာ ဝမ်းသာတယ်ကွ။ ကြိုးစားကြ" ဟု
အားပေးစကားပြောသည်။ သူ ကိုယ်တိုင်လည်း တက္ကသိုလ်
ကျောင်းသားဘဝက တပ်ထဲဝင်လာသူဖြစ်၏။ တပ်ရင်းမှူး
က ပညာတတ်ပီပီ စကားပြောချိုသာ ယဉ်ကျေးသည်။
စာရေးသူတို့ ဘွဲ့ရတက္ကသိုလ်ကျောင်းထွက် အရာရှိငယ်
များကို လိမ္မာပါးနပ်စွာ ကိုင်တွယ်သည့် မှဒိတာဖြင့် အားပေး
စကားပြောသည်။ ၎င်းတပ်ရင်းမှူးမှာ တစ်မျိုးတစ်ဘာသာ
ဖြစ်၏။ သူသည် အတန်းပညာအနည်းငယ်မျှသာတတ်





သော တောင်ပေါ်သား တကယ့် စစ်သားလူကြမ်းကြီး
ဖြစ်သည်။ သူသည် စစ်တိုက်ကောင်းသည်၊ အပင်ပန်း
အဆင်းရဲခံနိုင်သည်၊ တောကျွမ်းသည်၊ သို့ရာတွင် သူသည်
အပြော အဆိုကား မတတ်ရှာပါ။ ဗမာစကား မကျွမ်းလို့
လား မသိ။ အပြောအဆိုက အတော်ပင် ရင့်သီးသည်။

"ဟေ့ မင်းတို့ တက္ကသိုလ်တလာတဲ့ မနူးမနပ်
ဗိုလ်တွေ လာကြစမ်း။ စစ်တပ်မှာ စစ်တိုက်တတ်ဖို့ အရေး
ကြီးတယ်။ မင်းတို့ ဘွဲ့တွေဘေးချိတ်ခဲ့" ဟု ရှေ့တန်းတွင်
အထက်ပါအတိုင်း ပြောတတ်၏။ ကျွန်တော် တို့လူငယ်
တွေကို မကြာခဏလည်း သူနဲ့အပင်ပန်းခံနိုင်မှု ပြိုင်ကြ
မလားဟု ကလေးကလား မေးတတ်၏။ သူ့ အမူအရာ
သူ့အပြောအဆိုများကြောင့် လူငယ်အရာရှိများက သူ့ဆို
အတတ်နိုင်ဆုံး ရှောင်ကြ၏။

၎င်းဗိုလ်ဘဝနှင့် ဆေးရုံတက်ရင်း မိန်းမရလာသည့်
ကျွန်တော့်အားလည်း ဆေးရုံကအဆင်း သူနှင့်တွေ့တော့
"မင်းက လူမမာလည်း ပြောသေးတယ်။ မိန်းမ
လည်း ယူလာသေးတယ်။ ကြမ်းမကျိုးသေးဘူးလား" ဟု
ရင့်သီးစွာပြောလေရာ ကျွန်တော် အမှန်အောင့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အထက်အရာရှိမို့ ပြန်ပြောမရ၍ သည်းခံခဲ့ရ၏။ ကျွန်တော် မိန်းမရခဲ့တာ ကိုယ့်အကြောင်းနဲ့ကိုယ်ပါခင်ဗျာ။ ကမြင်းကြောထပြီး ဆတ်ဆော့လို့ ယူခဲ့တာ မဟုတ်ခဲ့ပါ။ သူ့စကားကို ကျွန်တော် ဘယ်တော့မှ မမေ့ခဲ့။

နောင် ၁၀ နှစ်အကြာ သူနဲ့ကျွန်တော် ပြင်ဦးလွင်တွင်ပြန်တွေ့ကြသည်။ သူက တစ်ခုသော သင်တန်းကျောင်းကြီး၌ ဒုကျောင်းအုပ်ကြီး (အဆင့်မှာ လွန်ခဲ့သည့် ၁၀ နှစ်က ဗိုလ်မှူးအဆင့်နှင့်ပင်)။ ကျွန်တော်က သူ့ကျောင်းသို့ ဗိုလ်ကြီးအဆင့်နှင့် သင်တန်းတစ်ခု လာတက်ရာ ပြန်တွေ့ကြခြင်းဖြစ်၏။ သင်တန်းသုံးလကြာပါသည်။ သူခေါ်သော်လည်း ကျွန်တော် သူ့အိမ်ကို လုံးဝမသွားပါ။ ကျောင်းဆင်းသွားတော့ –

"ဒီကောင် ငါ့အိမ် လာမသွားဘူးကွ" ဟု အခြားသော ကျွန်တော့်အသိနည်းပြများကို ပြောပါတော့သည်။ ဘယ်သွားမလဲဗျာ။ သူ၏ရင့်သီးသော အပြောနှင့် လေသံကို ကျွန်တော်က မေ့မှမမေ့သေးတာ။

အခု ဗိုလ်ချုပ်ကြီးစတီးဝဲလ်လည်း ထိုကဲ့သို့ အပြောအဆို ရင့်သီးသောကြောင့် လူချစ်လူခင်နည်းပါး၍





ရန်သူများသောဘဝသို့ ကျရောက်ခဲ့ရလေသည်။ အပေါ်ပိုင်း လူကြီးပိုင်းတွင် ရန်သူပိုများလေသည်။ တကယ်ဆိုတော့ ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား ချန်ကေရှိတ်၏ စစ်ဦးစီးချုပ်အဖြစ် အမေရိကန်သမ္မတက ၁၉၄၂ ခုနှစ်ကပင် ခန့်ထားပြီးဖြစ်၏။ စတီးဝဲလ်သည် တရုတ် မြန်မာ အိန္ဒိယ နယ်စပ်ဒေသရှိ အမေရိကန်တပ်များ၏ တပ်မှူး ဖြစ်သည့်အပြင် အရှေ့တောင်အာရှ မဟာမိတ်တပ်များ၏ ဒုတိယ တပ်မှူးချုပ်လည်း ဖြစ်သည်။

ဤရာထူးများတွင် အဆင့်မြင့် တပ်မှူးကြီးဖြစ်ခြင်းကြောင့် လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်ရန် လိုလေသည်။ အဆင့်မြင့်မြင့် ပြောဆိုဆောင်ရွက်တတ်ရန်လိုလေသည်။ ချဉ်းကပ်သင့်သူများကို ချဉ်းကပ်ခြင်း၊ ချော့သင့်သူ ချော့ခြင်း၊ ချိုချိုသာသာဖြင့် နှစ်သိမ့်သူကို နှစ်သိမ့်ပေးခြင်း၊ ကရုဏာစကား၊ မုဒိတာစကားများ ပြောခြင်း၊ အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်း၍ အလိမ္မာဖက်ကာ အများလက်ခံအောင် ဆောင်ရွက်တတ်ရန် လိုလေသည်။ စတီးဝဲလ်တွင် ဤအရည်အချင်းမရှိရှာပါ။ စိတ်ကြမ်းကိုယ်ကြမ်းနှင့် တကယ့်ရှေ့တန်းတိုက်ခိုက်ရေးတပ်မှူးကြီး သက်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါသည်။

သူသည် သာမန်တရုတ်စစ်သားကလေးများကို ဖခင်သဖွယ် ချစ်ခင်ပြီး ရင်းနှီးစွာနေထိုင်၏။ တရုတ်အမျိုးသားအစိုးရနှင့် ခေါင်းဆောင်ချန်ကေရှိတ်ကိုမူ မုန်းတီးလေသည်။ ချန်ကေရှိတ်၏အား Peanut ဧလုဟူသော အမည်ကို သူပေးခဲ့ခြင်းဖြစ်၏။ ဧလု Peanut ကလည်း စတီးဝဲလ်၏ သဘောကို ကောင်းစွာ သိထားလေသည်။ သူထင်ထားသလောက် မအပါချေ။

နောက်ဆုံးတော့ သူ ဧလုထင်ထားသော Peanut က သူ့အား ရာထူးမှဖယ်ရှားအောင် ဆောင်ရွက်ခဲ့ရာ Diplomatic မဖြစ်ရှာသော စတီးဝဲလ် ဝါရှင်တန်သို့ ပြန်ရရှာတော့သည်။ သူရှိးသားမုန်းသိ၍ ချန်ကေရှိတ်၏ ဇနီး မေလင်းခေါ် မဒမ်ချန်က ဝမ်းနည်းစကားဆိုသည်။ ဆွန်ယက်ဆင်၏ဇနီး မဒမ်ဆွန်ယက်ဆင်ကမူ ဝမ်းနည်းပန်းနည်း ငိုကြွေးခဲ့လေသည်။

အသက် ၆၀ ကျော်မှ ရှေ့တန်းစစ်မြေပြင်ရောက်လာသူ သူ့အား စစ်မိုလ်စစ်သားလေးများကမူ Uncle Joe အဘကျိုး ဦးလေးကြီးကျိုးဟု ခေါ်တတ်ကြ၏။

မြရတနာစာပေ



www.burmeseclassic.com

www.burmeseclassic.com

ဓနုတော့ရှားလေတော့ရှားထိုင်လင်ကိုဝဲမီးဖွဲ့တော်ကြည့်လှေ





ဝေဗီးဝဲလ်၏ရှာစ်ဦးသည်းခံသောရဲဘော်ရဲဘက်ကြီး ဝီလီယံစလင်း

www.burmeseclassic.com

www.burmeseclassic.com



လီဒိုလမ်းအတွက် လမ်းအကြောင်းရှာနေသော စတီးဝဲလ်နှင့် အရာရှိများ



အာသံရှိ ကာဝေမြောက်ပိုင်းစစ်မြေပြင်ရောက် အလက်ဇန္ဒား၊ ချာချီနှင့် မောင်ဂိုမာရီ

www.burmeseclassic.com

www.burmeseclassic.com



စတီးဝဲလ်နှင့်မတည့်သည့်ဗြိတိသျှဗိုလ်ချုပ်ကြီးဝေဘယ်လ်



တရုတ်တပ်မှ အရာရှိငယ်များနှင့် တရုတ်စစ်သား ကလေးများကလည်း အန်ကယ်ဂျိုးအတွက် ဝမ်းနည်းကြရှာသည်။ သူသည် တောထဲတောင်ထဲတွင် တရုတ်စစ်သားကလေးများနှင့် အလွန်တည့်သည်။ သူတို့နှင့်အတူ ဒိုးတူပေါင်ဖက် ဖြစ်သလိုနေနိုင်သည်။ စားနိုင်သည်။ ဟိတ်ဟန်လုံးဝမရှိ။ ဟိတ်ကြီးဟန်ကြီး ရာထူး တံဆိပ်များတပ်၍ ယူနီဖောင်းကြော့ကြော့မော့မော့နေသူများကို သူ ကြည့်မရတတ်။ သူကိုယ်တိုင်က တောစီးဖိနပ်ကြီးစီး၍ အမေရိက G.I တောတွင်းစစ်ဝတ်စုံဖြင့် သံခမောက်ဆောင်းကာ ကာဘိုင်တစ်လက်ဖြင့် သွား နေတတ်၏။ ပစ္စတိုကိုပင် ချိတ်လေ့မရှိ။ ထို့ကြောင့် ယူနီဖောင်းကြော့ကြော့မော့မော့ဝတ်ကာ တောထဲ တောင်ထဲမှာပင် **Deuk Cap** အရာရှိဆောင်းဦးထုပ် ဆောင်းလာတတ်သည့် ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်နှင့် သူ အစေးမကပ်ခဲ့ခြင်းဖြစ်ဟန်တူ၏။ မောင့်ဘက်တန်ကို သူက ဟိတ်ဟန်အလွန်များသူဟု ထင်ထားခဲ့၏။

နိဂုံးချုပ်ဖော်ပြရပါမူ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ရာဇပရိယာယ် မကျွမ်းရှာသော **Diplomacy** မရှိ ရှာသော



www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်တွင်သာ စစ်တိုက်ချင်သည့် ရှာမှရှားသော တကယ့်စစ်သားကြီးတစ်ဦးဟုသာ ဆိုလိုက်ပါရစေခင်ဗျား။

သောင်းဝေဦး
၃၀. ၆. ၂၀၁၀





မှီငြမ်းကိုးကားသည့်စာအုပ်များ

၁။ The Stilwell Papers. J.W Stilwell
၂။ Defeat Into Victory. William Slim
၃။ Beyond The Chindwin. B. Fergusson
၄။ Burma Campaign. Frank Owen
၅။ The Longest War in Burma. Louis Allen.
၆။ The Burma Road. Donovan Webster.
၇။ General Lissimo Chiang Kai-Shek. Jonathan Fenby.
၈။ Selected Works of Mao Tze Tung. War and Strategy.



www.burmeseclassic.com